# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ခုနှစ် ၊ ဝါဆိုလဆန်း (၉) ရက် ၊ တနင်္ဂနွေနေ့ ၊ (14-7-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၇၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိုးရွာသွန်းပြီး ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့် ပလိပ်ဘူတာကြား ရထားလမ်းထူးပေါက်မှုဖြစ်ပွား



**နေပြည်တော် ဇူလိုင် ၁၃**

ဧရာဝတီမြစ်ရေကြီးနေကြောင်း သိရသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ယမန်နေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့်ပလိပ်ဘူတာကြား သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၃၇၅/၁၀-၁၂ တွင် အလျား ၁၀ ပေနှင့် အနံ ရှစ်ပေခန့် ရထားလမ်းတာပေါင် ထူးပေါက်ပြီး ရေဝင်ရောက်စီးဆင်းနေကြောင်း စစ်ဆေးတွေ့ရှိရပြီး ၎င်းနေရာ၌ ရထားများ ဖြတ်သန်းခုတ်မောင်းရန်အန္တရာယ်ရှိသဖြင့် အဆိုပါအစုန်၊ အဆန်ရထားလမ်းပိုင်းများကို ခေတ္တပိတ်ထားခဲ့ရသည်။

ရထားလမ်းထူးပေါက်ရေကျော်မှု ဖြစ်ပွားရာနေရာသို့ လမ်းပိုင်းအချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး **စာမျက်နှာ ၂၂ ကော်လံ ၁** ☞

## နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်နေသူများကို ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများကို ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့်အကြောင်းခြင်းရာအပေါ် မူတည်၍ အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ဇူလိုင် ၁၅ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ရောက်ရှိနေသည့်နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ ရုံးများသို့လည်းကောင်း၊ နီးစပ်ရာမြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**


အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများအသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံး ကျောက်ပြား အရွယ်အစားမျိုးစုံ . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများအသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊
ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများ အား
ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

**မာဘယ်ကျောက်ပြားစက်ရုံ (မန္တလေး)**

ဆက်သွယ်ရန် ဖုန်း – ၀၉ ၆၉၁၂၃၁၆၃၉၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၄ ခုနှစ် ဇူလိုင် ၁၄ ရက်
အယ်ဒီတာ့အာဘော်

# အကြမ်းဖက်မှုအန္တရာယ် ဝိုင်းဝန်းတားဆီးကာကွယ်

ကမ္ဘာတစ်ဝန်းတွင် အကြမ်းဖက်လုပ်ရပ်များ၊ အကြမ်းဖက်မှုအန္တရာယ်များ ခြိမ်းခြောက်လျက်ရှိရာတွင် မြန်မာနိုင်ငံသည်လည်း အကြမ်းဖက်မှုအန္တရာယ်ကို အများဆုံးရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာသည်။ ယခင်နှစ်များက နိုင်ငံတွင်း၌ အကြမ်းဖက်မှုဖြစ်စဉ်များနည်းပါးခဲ့သော်လည်း ၂၀၂၁ ခုနှစ် မြန်မာနိုင်ငံရေးအပြောင်းအလဲကာလနောက်ပိုင်းတွင် NUG၊ CRPH၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်မှုအန္တရာယ်သည် ပြည်သူတို့၏ ဘဝလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိသည့်အတွက် အကြမ်းဖက်မှုအန္တရာယ်မှန်သမျှကို ဝိုင်းဝန်းတားဆီးကာကွယ်ကြရမည်ဖြစ်သည်။

ယနေ့အချိန်တွင် PDFအမည်ခံ အကြမ်းဖက်သမားများသည် ပြည်သူနှင့် တပ်မတော်က အမြတ်တနိုးလိုလားနေသော ထာဝရငြိမ်းချမ်းရေးကိုမျက်ကွယ်ပြုကာ လက်နက်ကိုင်ဆောင်သောင်းကျန်းသူများ၏ အထောက်အပံ့ဖြင့် ဒေသအသီးသီး၌ ဒေသခံပြည်သူများနှင့် ရဟန်းသံဃာ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းကို သတ်ဖြတ်လုယက်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်။ ဒေသတွင်းရှိ ဘုရားစေတီ၊ ဘုန်းကြီးကျောင်းများ၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ လူနေအိမ်များတွင် ပစ်ကျင်းတူးခြင်း၊ ဘန်ကာဆောက်ခြင်း၊ မိုင်းနှင့် အတားအဆီးများချထားခြင်းစသည်ဖြင့် စစ်ဘက်ဆိုင်ရာ အဆောက်အအုံများအဖြစ် မသင့်လျော်စွာ အသုံးပြုသည့်အပြင် အပြစ်မဲ့ပြည်သူတို့ကို လူသားတံတိုင်းအဖြစ်အသုံးချကာ စစ်ရာဇဝတ်မှု(War Crime)ကို ပြောင်ပြောင်တင်းတင်း ကျူးလွန်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၏ သက်ဆိုင်ရာဌာန သတင်းထုတ်ပြန်ချက်အရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မတ် ၂၆ ရက်နေ့ထိ နိုင်ငံတစ်ဝန်းတွင် NUG၊ CRPH၊ PDF အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် ရဟန်းသံဃာ ၈၁ ပါး၊ သီလရှင်နှစ်ပါး ပျံလွန်တော်မူခဲ့ရပြီး အပြစ်မဲ့ပြည်သူ ၅၇၉၁ ဦးနှင့် နိုင်ငံ့ဝန်ထမ်း ၁၉၅၂ ဦးအပါအဝင် စုစုပေါင်း ၇၈၂၆ ဦး သေဆုံးခဲ့ရကြောင်း စိတ်မကောင်းဖွယ်ရာ ကြားသိရသည်။

အကြမ်းဖက်ဖျက်ဆီးထားမှုအဖြစ် ဆက်သွယ်ရေး၊ လျှပ်စစ်တာဝါတိုင် ၅၆၃ တိုင်၊ ကျန်းမာရေးအဆောက်အအုံ ၅၅ လုံး၊ ဘာသာရေးအဆောက်အအုံ ၇၇ လုံး၊ လမ်း၊ တံတားနှင့် တိုးဂိတ်အဆောက်အအုံ ၁၅၁၈ ခု၊ စာသင်ကျောင်းနှင့် ပညာရေးအဆောက်အအုံ ၆၇၇ လုံး၊ လူနေအဆောက်အအုံ ၁၀၆၉ လုံး၊ ဌာနဆိုင်ရာအဆောက်အအုံ ၂၇၅၇ လုံး၊ စက်ရုံ၊ အလုပ်ရုံ ၉၉ လုံး၊ အခြားအဆောက်အအုံ ၄၈၃ လုံး စုစုပေါင်း ၇၂၉၈ လုံးရှိခဲ့သည့်အတွက် ပြည်သူ့ဘဏ္ဍာများစွာ အကျိုးမဲ့ဆုံးရှုံးခဲ့ရလေသည်။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ယွင်းပြီး အခက်အခဲအကျပ်အတည်းမျိုးစုံဖြစ်ပေါ်စေရန် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိနေသည်။ ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များသာမက ပြည်သူလူထုတစ်ရပ်လုံးကလည်း ကာကွယ်ကြရမည်ဖြစ်ပါသည်။

လက်ရှိတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးကို အဘက်ဘက်က ပျက်ယွင်းအောင် အကြမ်းဖက်သမားတို့၏အဖျက်လုပ်ရပ်များကို ကာကွယ်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်အဖွဲ့များ၏ ရှေ့တန်းကျကျ ရဲဝံ့စွန့်စားတာဝန်ထမ်းဆောင်မှုများသည် မြင့်မြတ်သောဂုဏ်ဒြပ်နှင့်ပြည့်စုံသော သမိုင်းဝင်လုပ်ရပ်များဖြစ်ပါသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့၏လူမှုဘဝလုံခြုံမှုကို ခြိမ်းခြောက်ခံနေရသော အကြမ်းဖက်မှုများ၊ နိုင်ငံနှင့်လူမျိုးဂုဏ်သိက္ခာနိမ့်ကျစေသော အကြမ်းဖက်မှုများကို လုပ်ဆောင်နေသော အကြမ်းဖက်သမားများကို ကူညီထောက်ပံ့မှုမပြုခြင်း၊ ၎င်းတို့၏လှုပ်ရှားမှုသတင်းကို တာဝန်ရှိသူများထံ လျှို့ဝှက်သတင်းပေးပို့ခြင်းတို့ကို လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ရှုမြင်သုံးသပ်ဆောင်ရွက်ကြခြင်းဖြင့် အကြမ်းဖက်မှုအန္တရာယ်များကို ဝိုင်းဝန်းတားဆီးကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# ပြည်ပကဝယ်ယူ မှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲ အရောင်းအဝယ်ကောင်းမွန်နေ

**မန္တလေး ဇူလိုင် ၁၃**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း မတ်ပဲအရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် မတ်ပဲကို ပြည်တွင်း၊ ပြည်ပက ဝယ်ယူမှုများပြားလျက်ရှိကြောင်း၊ ထိုသို့ မတ်ပဲကို ကုန်သည်များက အဝယ်များလျက်ရှိခြင်းကြောင့် ဇူလိုင်လ ဒုတိယပတ်မှစ၍ မတ်ပဲအရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“မတ်ပဲက မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်ကောင်းတဲ့ ပဲအမျိုးအစားထဲမှာပါတယ်။ မတ်ပဲ အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေများလာပါတယ်။ ရန်ကုန်နဲ့ မန္တလေးအပြင် အခြားမြို့တွေမှာလဲ မတ်ပဲအရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်”ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဇူလိုင် ၁၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၁၀၀၀၃ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

“ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ လာရောက် ဖူးမြော်ကြပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ နားနေဆောင်မှာလဲ ဝင်ရောက်နားခိုပြီး အေးဆေးစွာအနားယူအပန်းဖြေနေကြတာကို တွေ့ရပါတယ်။ အရိပ်ရအပင်တွေလဲစိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက အေးဆေးစွာ အနားယူပြီးတော့ လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဝင်ရောက်လိမ်းခြယ်သူတွေနဲ့စည်ကားနေတာ တွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်”ဟု ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၈၈၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၈၇၁၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၄၀၈ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးချိုတော်တွင် ဇူလိုင်လ ဒုတိယပတ်မှစ၍ ကုန်ခြောက်နှင့်သစ်သီးမျိုးစုံ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဇူလိုင် ၁၃**

မန္တလေး ဈေးချိုတော်တွင် ဇူလိုင်လ ဒုတိယပတ်မှစ၍ ကုန်ခြောက်နှင့် သစ်သီးမျိုးစုံ အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း မန္တလေးဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြ၍ သိရသည်။

မန္တလေး ဈေးချိုတော်မှာ ကုန်ခြောက်၊ အဝတ်အထည်၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် သစ်သီးမျိုးစုံအပြင် အခြားပစ္စည်းအမျိုးမျိုးကို လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချပေးနေသည့် ဈေးတစ်ခုဖြစ်ကြောင်း၊ အဆိုပါဈေးချိုတော်တွင် ကုန်ခြောက်နှင့် သစ်သီးမျိုးစုံ ဇူလိုင်လ ဒုတိယပတ်မှစ၍ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

“အခုဈေးချိုတော်မှာ ကုန်ခြောက်တွေဖြစ်တဲ့ ငါးခြောက်၊ ဝက်အူချောင်း၊ ကြက်အူချောင်း၊ လက်ဖက်၊ ခေါက်ဆွဲခြောက်ထုပ်၊ ငရုတ်သီးခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ကုလားပဲ စတဲ့ ကုန်ခြောက်ပစ္စည်းတွေ တော်တော်လေးရောင်းအားကောင်းလာတယ်။ ဒါ့ပြင် သစ်သီးဝလံတွေလဲ ဈေးချိုတော်မှာ အရောင်းအဝယ်ကောင်းမွန်လာပါတယ်”ဟု မန္တလေး ဈေးချိုတော် ဈေးအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောပြသည်။

ယခုလက်ရှိ မိုးရာသီကာလသို့ ဝင်ရောက်လာပြီဖြစ်သော်လည်း မန္တလေးဈေးချိုတော်ရှိ သစ်သီးဝလံရောင်းချလျက်ရှိသည့် သစ်သီးတန်းဘက်တွင် သဘော်သီး၊ ဖရဲသီး၊ စတော်ဘယ်ရီသီး၊ လိမ္မော်သီး၊ မင်းကွတ်သီး၊ စပျစ်သီး၊ နာနတ်သီး၊ သရက်သီး စသည့်သစ်သီးများလည်း အရောင်းအဝယ် ကောင်းလျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေးဈေးချိုတော်သို့ တရုတ်နိုင်ငံဘက်မှ ဝင်ရောက်လာသည့် အဝတ်အထည်ပစ္စည်းများအပါအဝင် အခြားအလှကုန်နှင့် လူသုံးကုန်ပစ္စည်းများလည်း ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျောက်ပန်းတောင်းမြို့နယ် ကြောင်ဒူးကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ကျောက်ပန်းတောင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆုံရွာကျေးရွာအုပ်စု ကြောင်ဒူးကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများ ကို ဇူလိုင် ၁၂ ရက် ညနေပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေပေးရေး ကော်မတီဝင်များနှင့် အတူ မြေသားရေကန်တူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က မြေသားရေကန် ရေရှည်တည်တံ့စေရေးနှင့် ကျွဲနွားများ ဝင်ရောက်ခြင်းမရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် မှာကြားခဲ့သည်။

ကြောင်ဒူးကျေးရွာ၌ အလျားပေ ၆၄၀၊ အနံ ပေ ၂၅၀၊ အမြင့် ခြောက်ပေရှိ မြေသားရေကန် တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၁၀၃ ဒသမ ၆ သန်းဖြင့် Yadanar Aung Si ကုမ္ပဏီက ယခုနှစ် မေ ၂၉ ရက်ကစတင်၍ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်သည့်အတွက် ယခုနှစ် မိုးကာလ ရေဝင်ရောက်မှုပြည့်မီပါက အနီးဝန်းကျင်ရှိ ဆုံရွာ၊ ကြောင်ဒူး၊ အင်ဂေါင်းနှင့် အင်ပင်ကြီးကျေးရွာမှ အိမ်ခြေ ၅၉၆ အိမ်နှင့် လူဦးရေ ၃၁၄၄ ဦးအတွက် သောက်သုံးရေ ဖူလုံစွာရရှိ အသုံးပြုနိုင်ပြီဖြစ်ကြောင်း ကျောက်ပန်းတောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ပြောပြ၍ သိရသည်။

**ဇင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ လမ်း ၉၀၊ ၃၁-၃၂ လမ်းကြားနေ မဖြူဇင်ငယ် ခေါ် မြူးမြူး မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်အပါး ၃၀ အတွက် ငွေကျပ် ၁၀၅၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြု အဖွဲ့ခေါင်းဆောင် သုခမ္မမဏ်ဍောတရေ ဦးစိုးလင်း၊ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး တရုတ်ကောင်စစ်ဝန်ချုပ်က နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကျင်းပပြုလုပ်




**မန္တလေး ဇူလိုင် ၁၃**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် ကောင်စစ်ဝန်ချုပ် Mr. Chen Chen က နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တရုတ်ကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရေးဖွံ့ဖြိုးတိုးတက်မှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်း Video Clip ကို ပြသ၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chen က တရုတ်-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံအနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံနယ်ပယ်များအလိုက် လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ တရုတ်-မြန်မာချစ်ကြည်ရေး အဓွန့်ကြာရှည်ပါကြောင်း နှုတ်ခွန်းဆက်စကားကို လည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေးကောင်းမွန်စွာဖြင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုနှုတ်ဆက်စကားကို လည်းကောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများရိုက်ခဲ့ကြောင်း၊ နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲကို တက်ရောက်လာသူများနှင့်အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# တောင်သာမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ၌ ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်သာ ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပေါက်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်းပြီးစီးမှုကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ထန်းပေါက်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို လိုက်လံရှင်းလင်းပြသရာ မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကျိုးရှိရှိအသုံးချပြီး ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်း စောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထန်းပေါက်ကုန်းကျေးရွာ၌ ဆိုလာရေသန့်စနစ် တပ်ဆင်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းမှ ငွေကျပ် သိန်း ၃၀ ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီး တစ်နာရီလျှင် ရေ လီတာ ၅၀၀ ထွက်ရှိကာ အိမ်ခြေ ၁၃၀၊ လူဦးရေ ၇၈၃ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိသုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၇၅၀၀ စိုက်ပျိုးရန်လျာထားပြီး မေလနောက်ဆုံးပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲကေ ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီအတွက် မြေပဲကေ ၁၇၅၀၀ လျာထားစိုက်ပျိုးပါတယ်။ လက်ရှိမှာတော့ မြေပဲကေ ၁၈၈၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနကနေ ဆီထွက်သီးနှံတွေကို ပြည်တွင်းစားသုံးမှုဖူလုံစေရေးအတွက် ဘဏ္ဍာနှစ်အလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးနေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးတာက ဒေသတွင်းမှာ ဆီဖူလုံမှုအတွက်ကို အဓိကရည်မှန်းချက်ထားပြီးမှ စိုက်ပျိုးနေတာပါ" ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးမြေပဲစိုက်တောင်သူများ၏ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်နှင့် ပေါင်းမြက်များကင်းရှင်းစေရန် အတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စိုက်ပျိုးထားသည့်စိုက်ခင်းများထိ ကွင်းဆင်းစစ်ဆေးပေးလျက်ရှိကြောင်း၊ စားသုံးဆီဖူလုံစေရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနက ဘဏ္ဍာနှစ်အလိုက်၊ ဆီထွက်သီးနှံအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်ပျိုးရေးနည်းပညာများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)



# ထမင်းရည်ပူ မလောင်စေချင်

မျိုးသူ(ကုန်သွယ်မြင့်)

ငယ်ငယ်က ထုပ်ဆီးတိုးတမ်း ကစားခဲ့ကြဖူးမည်ထင်သည်။ အထူးသဖြင့် မိန်းကလေးများ ဆော့တတ်သည့် မြန်မာ့ရိုးရာကစားနည်းတစ်မျိုးဖြစ်သည်။ အနယ်နယ်အရပ်ရပ်တွင် ကစားကြသည်ကိုတွေ့နိုင်သည်။ တိုးသည့်ဘက်နှင့် တားသည့်ဘက်ဟု နှစ်ဖက်နှစ်သင်းရှိကြသည်။ အဆိုပါ အသင်းနှစ်သင်းတွင် ထိပ်စည်းမှ ခေါင်သူကြီးသည် ခေါင်စည်းတစ်လျှောက်ကို တာဝန်ယူပြီး တိုးသည့်ဘက်မှ သူများကို လိုက်၍ဖမ်းနိုင်သည်။ အလယ်မှ တားသည့်သူများသည် သူတို့ကျရာစည်းကို မဖြတ်နိုင်ရန် တားဆီးကြရသည်။ ဘေးနှစ်ဖက်တွင် စည်းတစ်ခုစီရှိကြသည်။ တိုးသည့်ဘက်မှ သူများက တစ်ခါတစ်ရံတွင် အရှိန်လွန်ပြီး ဘေးစည်းကိုကျော်လွန်သွားတတ်သည်။ ထိုသို့ သတ်မှတ်ထားသော ဘေးစည်းကို ကျော်သွားသည့်အခါတွင် ထိုသူကို ထမင်းရည်ပူလောင်သည်ဟုခေါ်ပြီး ကစားခြင်းကို အရှုံးပေးရသည်။ တိုးရသည့်ဘက်မှ တားဆီးရသည့်ဘက်သို့ ပြောင်းကြရခြင်းဖြစ်သည်။ စီးပွားရေးလောကတွင်လည်း ရောင်းရေးဝယ်ရေးလုပ်ကိုင်သူများသည် ရောင်းမှား၊ ဝယ်မှားများ၊ အကြွေးတင်ခြင်းများ၊ အရှုံးများကိုကြုံတွေ့ကြရသည်။ အရှုံးများကိုကြုံတွေ့ရသဖြင့် အကျိုးအမြတ်နှင့် ငွေကြေးနောက်ကို လိုက်သွားတတ်ကြသည်။ ထိုအခါ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုကျော်၍ ရောင်းဝယ်မိတတ်သည်များဖြစ်လာတတ်သည်။ ထိုအခါမျိုးတွင် ထုပ်ဆီးတိုးကစားပွဲကဲ့သို့ တိုးရင်းနှင့် ဘေးစည်းကျော်ကာ ထမင်းရည်ပူလောင်တတ်သည်။ စီးပွားရေးလောကတွင်မူ ထမင်းရည်ပူလောင်သကဲ့သို့ တစ်ပွဲမျှရှုံးခြင်းမျိုးမဟုတ်ဘဲ ဘဝနှင့်ရင်းနှီးရသည်များဖြစ်တတ်သည်။ ကောင်းရောင်းကောင်းဝယ်ဟု နားလည်ထားသော ကုန်ပစ္စည်းများကို လောဘကြောင့် ရောင်းမှား၊ ဝယ်မှားဖြစ်ကာ ဘဝကိုပါထိခိုက်နစ်နာရခြင်းမျိုး ဖြစ်တတ်သည်။

**သိထားရမည့် PESTEL**

ကျွန်တော်တို့သည် နိုင်ငံခြားဈေးကွက်များသို့ ဝင်ရောက်ပြီး နိုင်ငံ့ထွက်ကုန်များ၊ ထုတ်ကုန်များကို ရောင်းချနိုင်ရန် ကြိုးစားကြသည့်အခါတွင် ဈေးကွက်ဖော်ဆောင်မှုအတွက် PESTEL ဟူသော နိုင်ငံရေးအခြေအနေ၊ စီးပွားရေးအခြေအနေ၊ လူမှုရေးနှင့် ဓလေ့ထုံးစံများအခြေအနေ၊ နည်းပညာဆိုင်ရာအခြေအနေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအခြေအနေနှင့် ဥပဒေရေးရာအခြေအနေတို့ကို သိရှိအောင် လေ့လာလုပ်ကိုင်ကြရသည်။ ပြည်ပသို့ တင်ပို့ရောင်းချရာတွင်သာမက ပြည်တွင်း ရောင်းဝယ်မှုများအတွက်လည်း အထက်ပါအချက်များကို သိထားရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် လုပ်ငန်းငယ်များထူထောင်ရောင်းဝယ်ခြင်းနှင့်ပတ်သက်၍ Market Entry ဟုခေါ်သောဈေးကွက်ဝင်ရောက်ရာတွင် ကြုံတွေ့နိုင်သည့်အခက်အခဲများ၊ ဥပဒေစည်းမျဉ်းစည်းကမ်းများမှာ နည်းပါးသည်။ တစ်နည်းဆိုရလျှင် လုပ်ငန်းငယ်တစ်ခု ထူထောင်ရန်များစွာ ခက်ခဲခြင်းမရှိလှပေ။ ထို့ကြောင့် အရင်းအနှီးအနည်းငယ်ရှိရုံမျှဖြင့် လုပ်ငန်းငယ်တစ်ခုကိုထူထောင်ပြီး လုပ်ကိုင်နိုင်ကြသည်ကိုတွေ့ရသည်။ လုပ်ငန်းငယ်များအတွက် ထူထောင်ရန်မခက်ခဲသော်လည်း ရေရှည်ရပ်တည်ရေးက ပို၍ခက်ခဲသည်ဟုဆိုချင်ပါသည်။ လုပ်ငန်းငယ်များသည် လျှင်လျှင်မြန်မြန် ချမ်းသာကြွယ်ဝမှုအတွက် စီးပွားရေးကျင့်ဝတ်နှင့် မလျော်ညီသည်များကို လည်းကောင်း၊ ဥပဒေနှင့်ငြိစွန်းသည်များကိုလည်းကောင်း လုပ်ကိုင်တတ်ကြသည်။ ထိုအခါ ကောင်းရောင်းကောင်းဝယ်ဘဝမှ လုပ်မှားကိုင်မှားဖြစ်ကာ ဒုက္ခဆင်းရဲများကို ကြုံတွေ့ရတတ်သည်။

**မျောက်လိုရုန်မလား၊ လိပ်လိုသွားမလား**

လုပ်ငန်းတိုင်းသည် တိုးတက်ကြီးပွားရန်၊ အကျိုးအမြတ်များရရှိရန် လုပ်ကိုင်နေကြသည်။ သို့သော်လည်း လုပ်ငန်း၏အရှိန်ကို မည်မျှမြန်အောင်လုပ်မလဲ၊ မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို အချိန်မည်မျှဖြင့်ရောက်အောင်သွားမလဲဟု တွက်ဆလျှင် အမြန်ဆုံးနှုန်းဖြင့်သာ ရောက်ချင်တတ်ကြသည်။ အခွင့်အရေးတစ်ခုကို ဖမ်းဆုပ်မိပြီဟု ယူဆလျှင် အများဆုံးသော အမြတ်ကိုသာမျှော်လင့်ပြီး လုပ်ကိုင်တတ်သည်။ စဉ်းစားတတ်သည်။ ထိုအခါတွင် စီးပွားရေးကို မျောက်လိုခုန်ပြီး အခြားအဆင့်တစ်ခုသို့ တက်လှမ်းလိုကြသည်။ လိပ်လိုဖြည်းဖြည်းသွားချင်သည့်စိတ်မရှိကြပေ။ သို့ရာတွင် မိမိတို့လုပ်ကိုင်သည့် စီးပွားရေးပုံစံနှင့်တည်ဆောက်ထားသည့် လုပ်ငန်းပုံစံများကိုမေ့ကာ မြန်ချင်စိတ်ပေါ် တတ်ကြသည်။ လုံခြုံမှုအပြည့်ဖြင့် ဖြည်းဖြည်းမှန်မှန် တိုးတက်မှုရှာခြင်းသည် အသင့်တော်ဆုံးဖြစ်သည်ကို မေ့လျော့ကာ မြန်မြန်ဆန်ဆန် အမြတ်များများရလိုစိတ်များဖြစ်လာတတ်သည်။ တစ်နည်းအားဖြင့် "High risk, high return" ဟူသော မြင့်မြင့်မားမား စွန့်စားလျှင် အကျိုးအမြတ်ပြန်လည်ရရှိမှုလည်း မြင့်မားမည်ဟူသောအချက်ကိုသာစဉ်းစား၍ အခွင့်ရလျှင် ရသကဲ့သို့ စွန့်စားမှုကြီးများကို လုပ်တတ်ကြသည်။ လုပ်ဖို့တန်ရဲ့လားဟူ၍ စဉ်းစားရန်လည်း လိုအပ်သည်။ မည်သည့်နိုင်ငံတွင်မဆို ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ရှိကြသည်သာဖြစ်၍ စည်းမျဉ်းစည်းကမ်းများကို သွေဖည်သည်နှင့်တစ်ပြိုင်နက် ကောင်းရောင်းကောင်းဝယ်ဟူသော အခြေအနေ ပျက်ပြယ်သည်ကို သတိပြုရမည်ဖြစ်သည်။ အထက်တွင် ပြောခဲ့သည့် High risk, high return ဟူသော စကားနောက်တွင် အန္တရာယ်ကြီးသည်ဟူသော High danger က ကပ်ပါလာသည်ကို သတိပြုရန် လိုအပ်သည်။

**စီးပွားရေးကျင့်ဝတ်**

စီးပွားရေးကျင့်ဝတ်တွင် အခြေခံစည်းကမ်း ခုနစ်ချက်ရှိသည်ဟုဆိုသည်။ ထိုအချက်များမှာ တာဝန်ယူမှုရှိခြင်း၊ အလုပ်နှင့်ဖောက်သည်များအပေါ် ဂရုစိုက်ခြင်းနှင့် လေးစားခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ ကောင်းမွန်သော ယှဉ်ပြိုင်မှုရှိခြင်း၊ သစ္စာရှိခြင်းနှင့် မိမိ၏သန္နိဋ္ဌာန်ထားသည့်အချက်အပေါ် လေးစားခြင်း၊ သတင်းအချက်အလက်မှန်များကို ပေးနိုင်ခြင်းနှင့် ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းတို့ဖြစ်သည်ဟုဆိုသည်။ ထိုအချက်များကို ကြည့်လျှင် အခြေခံမှာ မိမိအလုပ်နှင့်ဖောက်သည်များကို လေးစားမှုရှိခြင်း၊ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာခြင်းတို့ပါဝင်သည်ကိုတွေ့နိုင်သည်။ ထို့ကြောင့် စီးပွားရေးကျင့်ဝတ်သည် မည်သည့်နေရာ၊ မည်သည့်မြို့ရွာ၊ မည်သည့်စီးပွားရေးကိုလုပ်သည်ဖြစ်စေ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန်လိုအပ်သည်။ စီးပွားရေးကျင့်ဝတ်ကိုရှောင်၍ ကိုယ်အကျိုးအောင်ရန်လုပ်နေသည့် စီးပွားရေးသမားများ များပြားနေသော်လည်း ရိုးရိုးသားသားနှင့် စီးပွားရှာစားလျှင် ဤအခြေခံစည်းမျဉ်း ခုနစ်ချက်ကို လိုက်နာရန်လိုအပ်သည်။ သို့မှသာ ရေရှည်စီးပွားရေးကစားပွဲတွင် ထမင်းရည်ပူမလောင်ဘဲ အနိုင်ရမည်ဖြစ်ပြီး နာမည်ကောင်းတစ်ခုရရှိမည်။

> ❖ စီးပွားရေးလောကတွင်လည်း ရောင်းရေးဝယ်ရေးလုပ်ကိုင်သူများသည် ရောင်းမှား၊ ဝယ်မှားများ၊ အကြွေးတင်ခြင်းများ၊ အရှုံးများကို ကြုံတွေ့ကြရသည်။ အရှုံးများကိုကြုံတွေ့ရသဖြင့် အကျိုးအမြတ်နှင့် ငွေကြေးနောက်ကို လိုက်သွားတတ်ကြသည်။ ထိုအခါ တည်ဆဲဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုကျော်၍ ရောင်းဝယ်မိတတ်သည်များဖြစ်လာတတ်သည်။ ထိုအခါမျိုးတွင် ထုပ်ဆီးတိုးကစားပွဲကဲ့သို့ တိုးရင်းနှင့်ဘေးစည်းကျော်ကာ ထမင်းရည်ပူလောင်တတ်သည်။ စီးပွားရေးလောကတွင်မူ ထမင်းရည်ပူလောင်သကဲ့သို့ တစ်ပွဲမျှရှုံးခြင်းမျိုးမဟုတ်ဘဲ ဘဝနှင့်ရင်းနှီးရသည်များဖြစ်တတ်သည်။ ❖

**ဂရုပြုရမည့် အရေးကြီးကုန်စည်ဥပဒေ**

စီးပွားရေးလုပ်ငန်းများလုပ်ကိုင်မည်၊ သေချာစွာမှတ်ပုံတင်ပြီး လုပ်ကိုင်မည်ဆိုသည်နှင့်နိုင်ငံ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း သိရှိထားရန်လိုအပ်သည်။ ကျွန်တော်တို့သည် ရေရှည်ရပ်တည်ပြီး နာမည်ကောင်းတစ်ခုနှင့် ရပ်တည်နိုင်ရန်အတွက် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်နေသည့် အရေးကြီးကုန်စည်ဥပဒေကိုလည်း သိရှိထားရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာထွက်ကုန်ပစ္စည်းများဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်သူများလည်းပေါများသည်။ ထို့ပြင် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ သယ်ယူသိုလှောင်ခြင်းနှင့် ကြိတ်ခွဲခြင်းတို့မှ ထွက်ရှိလာသောထုတ်ကုန်များကို ရောင်းဝယ်ခြင်းသည် ကောင်းရောင်းကောင်းဝယ်များ၊ ဥပဒေနှင့်လွတ်ကင်းသော အရောင်းအဝယ်များအဖြစ်ခံယူပြီး လုပ်ကိုင်သူအများအပြားရှိနေကြသည်။ အဆိုပါကုန်ပစ္စည်းများသည် မူးယစ်ဆေးဝါးလည်းမဟုတ်၊ လက်နက်များလည်းမဟုတ်၊ တားမြစ်ကုန်များလည်းမဟုတ်သဖြင့် အဆိုပါကုန်စည်များကို ရောင်းဝယ်ကြခြင်းသည် ကောင်းသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည်။ သို့သော်လည်း ဆန်စပါး၊ ဆီနှင့် ဆေးဝါးပစ္စည်းများသည် ကောင်းရောင်းကောင်းဝယ်မှန်ကန်သော်လည်း လုပ်သားပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ်ကုန်ပစ္စည်းများဖြစ်သည့်အတွက် ဥပဒေနှင့်ထိန်းချုပ်ရန်လိုအပ်လာသည်။ အဓိက ထိန်းမတ်ထားသည့်ဥပဒေမှာ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြစ်သည်။

**အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ**

အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် ပုဒ်မ-၂(ဂ)တွင် အရေးကြီးကုန်စည်ဆိုသည်မှာ ဤဥပဒေအရဝန်ကြီးဌာနတစ်ခုခုက အခါအားလျော်စွာသတ်မှတ်သောကုန်စည် သို့မဟုတ် သက်မဲ့ကုန်စည် တစ်မျိုးမျိုးကို ဆိုသည်ဟု ဖော်ပြထားသည်။ ထို့ကြောင့် အရေးကြီးကုန်စည်ဟုသတ်မှတ်ခြင်းကို ဝန်ကြီးဌာနတစ်ခုခုက ကုန်စည်တစ်မျိုးမျိုးကို သတ်မှတ်ပေးနိုင်သည်။ ထို့ပြင် ဥပဒေ၏ အခန်း(၂) ပုဒ်မ-၃ တွင် ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်ဟု ဖော်ပြပြီး (က)တွင် နိုင်ငံသားများ၏ အကျိုးစီးပွားကို အထောက်အကူပြုမည့် ကုန်စည်များနှင့်ဝန်ဆောင်မှုများကို အကာအကွယ်ပေးရန်နှင့်(ခ)တွင် နိုင်ငံသားများ၏ အကျိုးစီးပွားကိုထိခိုက်စေသော ကုန်စည်များနှင့်ဝန်ဆောင်မှုများကို ကန့်သတ်တားဆီးနိုင်ရန်ဟုလည်းကောင်း၊ (ဂ)တွင် ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သော ကိစ္စတစ်စုံတစ်ရာပေါ်ပေါက်နိုင်သည့် ကုန်စည်နှင့်တိရစ္ဆာန်များအားပြည်တွင်းသယ်ဆောင်မှု၊ ပြည်တွင်းသို့တင်သွင်းမှုနှင့် ပြည်ပသို့တင်ပို့မှုတို့ကို တားဆီးနိုင်ရန်ဟူ၍ပါရှိသည်။


**ကုန်စည်များအပေါ် တားမြစ်မိန့်ထုတ်ပြန်ခြင်း**

ကိုဗစ်ရောဂါများဖြစ်ပွားပြီး နောက်တွင် ဆေးဝါးများ၊ တစ်ခါသုံး Mask များနှင့် အောက်ဆီဂျင်ဘူးများနှင့် အချို့သော ကုန်ပစ္စည်းများသည် ဈေးနှုန်းများ မြင့်တက်ခဲ့သည့်အတွက် ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကုန်စည်များအပေါ် တားမြစ်အမိန့်တစ်ခုကို ထုတ်ပြန်ခဲ့သည်။ အဆိုပါအမိန့်မှာ အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀ ဖြစ်ပြီး အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ-၄ ပုဒ်မခွဲ(က)အရ Coronavirus Disease 2019 (COVID-19)ကာကွယ်ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများဟူ၍ သုံးမျိုးကို သတ်မှတ်ခဲ့သည်။ ဆက်လက်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အပိုဒ်-၁ ပါ ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို ဤအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည်။ ဆောင်ရွက်နေသည်ကို တွေ့ရှိရပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ ဥပဒေပုဒ်မ-၅ ဖြင့် အရေးယူခြင်းခံရမည်ဟု ဖော်ပြထားသည်။ အဆိုပါ အမိန့်ကြော်ငြာစာသည် ကျွန်တော်မှတ်မိသရွေ့ ယနေ့ထိ ပြန်လည်ရုပ်သိမ်းခြင်း မရှိသေးပါ။ အခြားအမိန့်ကြော်ငြာစာများဖြင့်လည်း လွှမ်းမိုးပယ်ဖျက်သည်ကို မတွေ့ရပါ။ ထိုသို့ အမိန့်များကို တည်ဆဲအမိန့်များဟု သတ်မှတ်ရသည်။

ထို့ကြောင့် အခြေခံစားသောက်ကုန်များသည် အရေးကြီးကုန်စည်များတွင်ပါနေသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ထို့ကြောင့် ဆန်အမျိုးမျိုး၊ စားသုံးဆီ

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ဇွန်လအတွင်း ခရီးသွားဧည့်သည် ၁၇၄၅၅ ဦး လာရောက်လည်ပတ်ခဲ့



**ငပုတော ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ ဇွန်လအတွင်း ခရီးသွားဧည့်သည် ၁၇၄၅၅ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငွေတောင်ကမ်းခြေသို့ နွေရာသီကျောင်းပိတ်ရက်များအတွင်းက လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဧည့်သည် များပြားခဲ့ပြီး ဇွန် ၁ ရက်မှ ၃၀ ရက်ထိ ခရီးသွားဧည့်သည် ၁၇၄၅၅ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ဇွန်လအတွင်း ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည် ၁၇၄၅၅ ယောက် လာရောက်လည်ပတ်ခဲ့ပါတယ်။ မိုးရာသီဖြစ်ပေမဲ့ ခရီးသွားတွေ လည်ပတ်တာ မလျော့ဘူးလို့ပြောရမယ်။ ဇွန်လအတွင်း ရန်ကုန်နဲ့ နေပြည်တော်အပါအဝင် ပြည်တွင်းခရီးသွားတွေများခဲ့ပါတယ်။ စနေနေ့နဲ့ တနင်္ဂနွေနေ့ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်တွေမှာ အများဆုံး လာရောက်ခဲ့ပါတယ်။ လက်ရှိလဲ လာရောက် လည်ပတ်တဲ့သူတွေ များနေပါတယ်။ ခရီးသွားတွေကို စနစ်တကျဝန်ဆောင်မှုပေးနေပါတယ်"ဟု ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်း တာဝန်ခံ ဒေါ်နီနီမာက ပြောပြသည်။

ငွေတောင်ကမ်းခြေသို့ ဇွန်လအတွင်း လာရောက်လည်ပတ်အပန်းဖြေသည့် ခရီးသွားဧည့်သည်များသည် ရန်ကုန်တိုင်းဒေသကြီးက အများဆုံးဖြစ်ကြောင်း၊ အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့် ခရီးသွားဧည့်သည်များ ခရီးစဉ် အဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံများ ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

အမျိုးမျိုးနှင့် အခြားစားသောက်ကုန်များသည် အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်ထားဆဲဖြစ်သည်ဟု ယူဆရမည်။ ထို့ပြင် အစိုးရက စီးပွားရေးလုပ်ကိုင်သူ၏ အကျိုးအမြတ်အတွက်ပါ ထည့်တွက်ပြီးသော ရည်ညွှန်းရောင်းဈေးများကို သတ်မှတ်ပေးထားသဖြင့် အမြတ်ကြီးစားခြင်းကိုတိုင်းတာရလွယ်ကူသည်။ ထို့ပြင် ရောင်းဈေးအပေါ်တွင်သာမက ဈေးကွက်အတွင်း ရှားပါးသွားစေနိုင်သည့် သိုလှောင်မှုများသည်လည်း အရေးကြီးကုန်စည်ဥပဒေနှင့် ငြိစွန်းသည်ကိုတွေ့နေရသည်။

ဆန်နှင့် စားသုံးဆီလုပ်ငန်းရှင်များ အများအပြားရှိသဖြင့် အရေးကြီးကုန်စည်ဥပဒေနှင့် ငြိစွန်းကြမည်ကို စိုးရိမ်မိသည်။ ထို့ကြောင့် အဆိုပါလုပ်ငန်းရှင်များအနေဖြင့် ပညာရှိသတိဖြစ်ခဲမဖြစ်စေရန်အတွက်လည်းကောင်း၊ ပေါ့ပေါ့ဆဆတွေးပြီး အများသောက်သည့်မိုးခါးရေဟုလည်းကောင်းထင်ကာ ဥပဒေနှင့်ငြိစွန်းကြမည်ကို စိုးရိမ်မိသည်။ ကျွန်တော်တို့သည် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ ဆန်ဆီရောင်းဝယ်ခြင်းများကို ကောင်းရောင်းကောင်းဝယ်လုပ်ငန်းအဖြစ် ခံယူကာ လုပ်ကြသည်ဖြစ်သော်လည်း တည်ဆဲဥပဒေနှင့်အမိန့်ကြော်ငြာချက်များကို သတိပြုရန်လိုအပ်သည်။ ပြည်သူတစ်ရပ်လုံးအတွက် မရှိမဖြစ်သော ဆန်၊ ဆီ၊ ဆေးဝါးပစ္စည်းများကို ရောင်းဝယ်ရာတွင် အမြတ်အစွန်းတစ်ခုတည်းကိုကြည့်၍ မရနိုင်ပေ။ ထို့ကြောင့် ဈေးရောင်းရင်းကုသိုလ်ရနိုင်သကဲ့သို့ ဈေးရောင်းရင်း အကုသိုလ်လည်း ရနိုင်သည့် ရောင်းရေးဝယ်တာကိစ္စများ၊ ဥပဒေဆိုင်ရာကိစ္စများ၊ စည်းမျဉ်းစည်းကမ်းများ၊ စီးပွားရေးကျင့်ဝတ်များကိုလည်း သိနားလည်ထားရန်လိုအပ်သည်။ ကျွန်တော့်အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များသည် ထုပ်ဆီးတိုးကစားပွဲမှ တိုးဝင်ရသည့်ဘက်ခြမ်းမှ ကစားသမားများနှင့်တူသည်။ ကစားပွဲတွင် အရင်းအနှီးများ၊ ဈေးနှုန်းများ၊ အမြတ်အစွန်းများ၊ သယ်ယူပို့ဆောင်မှုများ၊ သိုလှောင်မှုများ၊ ဖြန့်ဖြူးမှုများ စသည့်ကိစ္စများအားလုံးသည် တားသည့်ဘက်မှ ကစားသမားများနှင့်တူသည်။ ထို့ပြင် တားထားသော စည်းများနှင့် ဘေးစည်းများသည် ဥပဒေများ၊ အမိန့်ကြော်ငြာချက်များ၊ စည်းမျဉ်းစည်းကမ်းများနှင့်တူသည်။ ထို့ကြောင့် တိုးသည့်ဘက်မှ ကစားသမားများသည် အောင်လံထူနိုင်ရန် လှုပ်ရှားရုန်းကန်စီးပွားရှာကြရသော်လည်း ထမင်းရည်ပူလောင်သည်နှင့် တူသော ဥပဒေနှင့်ငြိစွန်းပါက ကစားပွဲမှထွက်ရမည်ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။ ကစားပွဲတွင် တစ်ပွဲသာ ရှုံးသော်လည်း စီးပွားရေးတွင် ဥပဒေနှင့်အရေးယူခြင်းခံရပါက ဘဝရှုံးရမည်ဖြစ်သည့်အတွက် ထမင်းရည်ပူမလောင်စေချင်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

- **အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ(၂၀၁၂ ခုနှစ် ဩဂုတ် ၁၀ ရက်)ပြဋ္ဌာန်းချက်။**

# ကောင်းမှုကိုကြို လဝါဆို

- မိုးမင်းမာန်ဟုန် အာကာဘုံဝယ်
တိမ်စုံညို့မှိုင်း ရှစ်ခွင်တိုင်းသို့
ပတ်ဝိုင်းဖြန့်ကြက် ပြိုးပြက်တစ်လီ
ချွန်းတစ်လီဖြင့် ရာသီဝသန်
မိုးလေထန်သည်
ပုံမှန်ရွာဖြိုး ဝါဆိုမိုးတည့်။

- ချောင်းကြီးချောင်းငယ် မြစ်သွယ်သွယ်ပြင်
တောင်စွယ်တောင်တန်း တောင်စခန်းတွင်
မိုးပန်းပုလဲ ရွာမစဲမို့
အုံ့အဲဖွယ်ပင် စီးရေယဉ်သည်
မြေပြင်နိမ့်မြင့် ရေဖြင့်ထိတွေ့
မိုးငွေ့တို့မှာ ငွေအာကာထိ
ဝေကာရှိထ ဝါဆိုလတည့်။

- ရာသီခေါ်လျက် ကရကဋ်နှင့်
ပုန်းညက်မာလာ ရနံ့ဖြာချိန်
သာသနာတွင်း ပဋ္ဌင်းခံပွဲ
ဆင်ယင်နွဲရာ ဝါဆိုခါတည့်။

- သည်ဝါဆိုပွဲ တူစုံနွဲကာ
မခွဲစဉ်လာ ကောင်းမှုသာ၍
မြန်မာတို့ပြည် ဝပြောစည်ဖို့
ရွှေပြည်ငြိမ်းချမ်း ခမ္ဘလမ်းဝယ်
စိတ်ဝမ်းတူညီ လှမ်းကြသည်တွင်
မြန်ပြည်ငြိမ်းချမ်းသာမည်တည်း။ ။

**မောင်လေပြေ(တောင်တွင်း)**

# ညောင်ဦးမြို့နယ် ခြေပူးကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ဦး ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ခြေပူးကန်ကျေးရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူမျိုးသွယ်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကိုရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ခြေပူးကန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၂၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၂၃ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၁၂ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို ရန်ပုံငွေကျပ် ၆၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## နိုင်ငံတကာ သတင်းများ

# ဝင်ငွေခွန်တိုးမြှင့်ကောက်ခံရေး ဥပဒေကြမ်း သမ္မတပူတင် လက်မှတ်ရေးထိုး

**မော်စကို ဇူလိုင် ၁၃**

ဝင်ငွေခွန် မြင့်မားသူများထံမှ ဝင်ငွေခွန်ကောက်ခံမှုနှုန်း မြင့်တင်ရေးဥပဒေကြမ်းကို ရုရှားသမ္မတ ပူတင်က ဇူလိုင် ၁၂ ရက်တွင် ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းကို ရုရှားအောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က အတည်ပြုခဲ့ပြီး နှစ်ရက်အကြာတွင် သမ္မတပူတင်က ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အဆိုပါဥပဒေအရ တစ်နှစ်ဝင်ငွေ ရူဘယ်လ် ၂ ဒသမ ၄ သန်း (အမေရိကန်ဒေါ်လာ ၂၇၅၀၀) ရှိသူများထံမှ ဝင်ငွေခွန်အဖြစ် ၁၃ ရာခိုင်နှုန်းထိ ကောက်ခံနိုင်မည်ဖြစ်သည်။

ထို့ပြင် တစ်နှစ်ဝင်ငွေ ရူဘယ်လ် သန်း ၅၀ (အမေရိကန်ဒေါ်လာ ၅၇၃၀၀၀)ထိ ရှိသူများကို ဝင်ငွေခွန်အဖြစ် ၂၂ ရာခိုင်နှုန်းထိ ကောက်ခံနိုင်ကြောင်း သိရသည်။

သမ္မတပူတင်လက်မှတ်ရေးထိုးခဲ့သော အဆိုပါဥပဒေ၌ ရုရှားအခွန်ထမ်းပြည်သူစုစုပေါင်း၏ ၃ ဒသမ ၂ ရာခိုင်နှုန်းကျော်သာ အကျုံးဝင်မည်ဖြစ်သည်။

ထို့နည်းတူ ကုမ္ပဏီများ၏ ဝင်ငွေခွန်ကိုလည်း ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ မြှင့်တင်ကောက်ခံရန် အဆိုပါဥပဒေ၌ ပြဋ္ဌာန်းထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နိုင်ဂျီးရီးယား၌ စာသင်ကျောင်းပြိုကျမှုကြောင့် လူ ၂၂ ဦးသေဆုံး
## အပျက်အစီးပုံအောက်ရှိ လူ ၁၅၄ ဦးကို ကယ်ဆယ်ရေးသမားများ ကယ်ထုတ်နိုင်ခဲ့



**အဘူဂျာ ဇူလိုင် ၁၃**

နိုင်ဂျီးရီးယားနိုင်ငံ အလယ်ပိုင်း ပလာတိုးပြည်နယ်၌ ယနေ့တွင် အထပ်နှစ်ထပ်ပါ စာသင်ကျောင်းတစ်ကျောင်း ပြိုကျခဲ့ရာ လူ ၂၂ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ထို့နောက် စာသင်ကျောင်းပြိုကျရာ အပျက်အစီးပုံအောက်တွင် လူ ၁၅၄ ဦး ပိတ်မိနေခဲ့သော်လည်း ကယ်ဆယ်ရေးသမားများက ကယ်ထုတ်နိုင်ခဲ့သည်။

အဆိုပါစာသင်ကျောင်း ပြိုကျမှုကြောင့် ဒဏ်ရာရရှိခဲ့သူ ၃၀ ဦးရှိခဲ့ရာ ဆေးရုံများသို့ တင်ပို့ထားကြောင်း နိုင်ဂျီးရီးယားတာဝန်ရှိသူများက ပြောကြားထားသည်။

ပြိုကျခဲ့သည့် စာသင်ကျောင်းနေရာ၌ အပျက်အစီးရှင်းလင်းရေးလုပ်ငန်းများကို နိုင်ဂျီးရီးယားရှာဖွေကယ်ဆယ်ရေး သမားများက အပြီးသတ် ရှင်းလင်းထားပြီးဖြစ်သည်။

ဘေးအန္တရာယ် လုံခြုံရေးစည်းမျဉ်းများ ဖောက်ဖျက်မှု၊ စံချိန်စံညွှန်းမပြည့်သည့် ဆောက်လုပ်ရေးပစ္စည်းများ သုံးစွဲမှုတို့ကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့ရှိသည်။

ထို့ပြင် ပြီးခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ဂျီးရီးယားနိုင်ငံ၌ အဆောက်အအုံပြိုကျမှု တစ်ဒါဇင်ကျော် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဆွစ်ဇာလန်နိုင်ငံရှိ ဆောက်လုပ်ဆဲအဆောက်အအုံတစ်လုံး၌ ငြမ်းပြိုကျမှုကြောင့် အလုပ်သမား သုံးဦးသေဆုံး

**အော်လ်ဆန်း ဇူလိုင် ၁၃**

ဆွစ်ဇာလန်နိုင်ငံ အော်လ်ဆန်းမြို့ ဆင်ခြေဖုံးဒေသရှိ ဆောက်လုပ်ဆဲ ၁၉ ထပ်အဆောက်အအုံတစ်လုံး၌ ဇူလိုင် ၁၂ ရက်က ငြမ်းစင်ပြိုကျခဲ့ရာ လူသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ငြမ်းစင်ပြိုကျမှုကြောင့် သေဆုံးခဲ့သူများမှာ ဆောက်လုပ်ရေးအလုပ်သမားများဖြစ်ကြောင်း ဆွစ်ဇာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဆောက်လုပ်ဆဲအဆောက်အအုံ ငြမ်းစင်ပြိုကျမှုကြောင့် လူရှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း သိရသည်။

ငြမ်းစင်ပြိုကျမှု ဖြစ်ပွားပြီး



နောက် ဆွစ်ဇာလန်တာဝန်ရှိသူများက အဆောက်အအုံပတ်ဝန်းကျင်ကို လူဝင်လူထွက်ပိတ်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြသည်။

လက်ရှိအချိန်တွင် ငြမ်းစင်ပြိုကျမှုဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းကို အော်လ်ဆန်းမြို့ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ခရီးသည်မပါသည့် ရုရှားခရီးသည်တင်လေယာဉ် မော်စကိုမြို့အနီး ပျက်ကျခဲ့ရာ လူသုံးဦးသေဆုံး

**မော်စကို ဇူလိုင် ၁၃**

ခရီးသည်များ တင်ဆောင်ထားခြင်းမရှိသည့် ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း ဇူလိုင် ၁၂ ရက်က မော်စကိုမြို့အနီး ပျက်ကျခဲ့ရာ လေယာဉ်ဝန်ထမ်းသုံးဦး သေဆုံးခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ဆူချိုင်းစူပါ ဂျက် ၁၀၀ အမျိုးအစား အဆိုပါခရီးသည်တင်လေယာဉ်သည် မော်စကိုမြို့အရှေ့တောင်ဘက် ၅၅ မိုင်အကွာရှိ ကျေးရွာတစ်ရွာအနီး သစ်တောအတွင်း ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်ကို ရုရှားနိုင်ငံပိုင် ဂက်ဇ်ပရွမ်ဘဏ်အင်ကော်ပိုရေးရှင်း (ကုမ္ပဏီ) က ပိုင်ဆိုင်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ခရီးသည်တင်လေယာဉ်သည် လူခိုဗစ်ဆီအမည်ရှိ လေဆိပ်မှ ပျံတက်ခဲ့ပြီး ရှစ်မိနစ်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်မှာ လေဆိပ်မှ ပျံတက်တွင် ငှက်အုပ်နှင့် ဝင်တိုက်မှုကြောင့် အင်ဂျင်များ ပျက်ဆီးခဲ့ပြီး ပျက်ကျခဲ့ရခြင်းဖြစ်နိုင်ကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# အာရှအချမ်းသာဆုံးပုဂ္ဂိုလ် အမ်ဘာနီ၏သား မင်္ဂလာပွဲကျင်းပ ကမ္ဘာကျော်ပုဂ္ဂိုလ်များ မင်္ဂလာပွဲပရိသတ်အဖြစ် တက်ရောက်ခဲ့

**မွမ်ဘိုင်း ဇူလိုင် ၁၃**

အာရှ၏ အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်သည့် မူကတ်ရှ်အမ်ဘာနီ၏သား အနန်အမ်ဘာနီ၏မင်္ဂလာပွဲကို ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မွမ်ဘိုင်းမြို့ ကမ္ဘာ့ကွန်ဗင်းရှင်းစင်တာ အဆောက်အအုံ၌ ကျင်းပခဲ့သည့် အဆိုပါမင်္ဂလာပွဲသို့ ကမ္ဘာတစ်ဝန်းမှ နာမည်ကျော် နိုင်ငံရေးခေါင်းဆောင်များ၊ ဟောလိဝုဒ်နှင့် ဘောလိဝုဒ် ရုပ်ရှင်လောကတို့မှ နာမည်ကျော် အနုပညာရှင်များ တက်ရောက်ခဲ့ကြသည်။

အသက် ၂၉ နှစ်အရွယ် အနန်အမ်ဘာနီသည် အိန္ဒိယဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းရှင်ကြီးတစ်ဦး၏ သမီးဖြစ်သူ ရာဓိကာမားချန့်ကို လက်ထပ်ထိမ်းမြားခဲ့ခြင်းဖြစ်သည်။

အဆိုပါမင်္ဂလာပွဲသို့ တက်ရောက်ခဲ့သူများထဲတွင် ဗြိတိန်ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲနှင့် ဘောရစ်ဂျွန်ဆင်ကဲ့သို့ နိုင်ငံရေးခေါင်းဆောင်များ၊ ဗြိတိန်အဆိုတော် အဒဲလ်နှင့် ဒေးဗစ်ဘက်ခမ်းကဲ့သို့ ကမ္ဘာကျော်ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြရာ ၎င်းမင်္ဂလာပွဲကို ၂၀၂၄ ခုနှစ်၏ အခမ်းနားဆုံးမင်္ဂလာပွဲအဖြစ် အများကသတ်မှတ်ထားသည်။


မင်္ဂလာပွဲသို့ တက်ရောက်လာသည့် ပရိသတ်များကြောင့် မင်္ဂလာအခမ်းအနားကျင်းပရာ အဆောက်အအုံအနီးရှိ ကားလမ်းများကို မွမ်ဘိုင်းရဲတပ်ဖွဲ့က ယာဉ်အသွားအလာများ ပိတ်ထားခဲ့ရသည်။

အသားတင်ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ ၁၁၆ ဘီလီယံထိရှိသည့် အိန္ဒိယစီးပွားရေးလုပ်ငန်းရှင် အမ်ဘာနီသည် ကမ္ဘာပေါ်၌ နဝမမြောက်အချမ်းသာဆုံး ပုဂ္ဂိုလ်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## မဟူရာကြယ်တံခွန် ခေါ် ဂြိုဟ်သိမ်များက အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားရှိ ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေမှ ပေါ်ထွက်လာသည့် ဂြိုဟ်သိမ်များဖြစ်



**ဝါရှင်တန် ဇူလိုင် ၁၃**

မဟူရာကြယ်တံခွန် ခေါ် ဂြိုဟ်သိမ်များသည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြားရှိဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေမှ ပေါ်ထွက်လာသည့် ဂြိုဟ်သိမ်များဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

မဟူရာကြယ်တံခွန်များသည် ကြယ်တံခွန်များကဲ့သို့ ပြုမူတတ်သော်လည်း အမြီးတန်းပါရှိခြင်းမရှိသော ဂြိုဟ်သိမ်များဖြစ်ကြပြီး ရေခတ်ကို အခဲပုံစံဖြင့် ထိန်းထားနိုင်ဖွယ်ရှိသည့် ဂြိုဟ်သိမ်များဖြစ်ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ ကော်နဲလ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ မဟူရာကြယ်တံခွန်များသည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေမှ ပေါ်ထွက်လာသည့် ဂြိုဟ်သိမ်များဖြစ်ကြကြောင်း သိရသည်။

ထို့ပြင် အင်္ဂါဂြိုဟ်အနီးရှိ ဂြိုဟ်သိမ်များအနက် ၆၀ ရာခိုင်နှုန်းမှာ မဟူရာကြယ်တံခွန်များ ဖြစ်ကြဖွယ်ရှိသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

နိုင်ငံတကာ သိပ္ပံပညာရှင်များသည် မဟူရာကြယ်တံခွန်များကို ၂၀၂၃ ခုနှစ်တွင် ပထမဆုံးရှာဖွေတွေ့ရှိခဲ့သည်။

မိမိတို့၏ယူဆချက်အရ ကမ္ဘာမြေပေါ်ရှိ ရေခတ်များသည် မဟူရာကြယ်တံခွန်များ သယ်ယူလာသည့် ရေခတ်များဖြစ်နိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တု လပတ်လမ်းပေါ်၌ ဆက်လက်ပျံသန်း၍ စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်မည်

**ပေကျင်း ဇူလိုင် ၁၃**

ချန်အာ-၆ လဆင်းယာဉ်အတွက် တာဝန်ထမ်းဆောင်ပေးခဲ့ပြီးနောက် ကွေးရှောင်-၂ ကြားခံဆက်သွယ်ရေးဂြိုဟ်တုသည် လပတ်လမ်းပေါ်၌ ဆက်လက်ပျံသန်း၍ စူးစမ်းလေ့လာရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများက ဇူလိုင် ၁၂ ရက်တွင် ပြောကြားသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် လနှင့်ကမ္ဘာကြားဆက်သွယ်ရေး လုပ်ငန်းအတွက် ကွေးရှောင်-၂ ဂြိုဟ်တုကို ယခုနှစ် မတ် ၂၀ ရက်တွင် တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဝန်ချန်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုသည် ချန်အာ-၆ လဆင်းယာဉ်နှင့် ကမ္ဘာမြေကြား ဆက်သွယ်ရေးလမ်းကြောင်းဖွင့်ပေးခဲ့သော ဂြိုဟ်တုဖြစ်ကြောင်း သိရသည်။



လက်ရှိအချိန်တွင် ကွေးရှောင်-၂ ဂြိုဟ်တုသည် ချန်အာ-၆ လဆင်းယာဉ်အတွက် တာဝန်ထမ်းဆောင်ပြီးနောက် လပတ်လမ်းပေါ်တွင် စူးစမ်းလေ့လာရေးလုပ်ငန်းများ ဆက်လက် ပြုလုပ်မည်ဖြစ်သည်။

ကွေးရှောင် -၂ ဂြိုဟ်တုတွင် သိပ္ပံပညာစူးစမ်းလေ့လာရေးစနစ်သုံးခုတပ်ဆင်ထားကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ လဆင်းယာဉ်ဖြင့် လကမ္ဘာအခြားဘက်ခြမ်းမှ ကျောက်သားနမူနာများကို အောင်မြင်စွာ ရယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ်အာကာသကုန်တင်ယာဉ် ဇူလိုင် ၁၂ ရက်တွင် နိုင်ငံတကာအာကာသစခန်းမှ ပြန်လည်ခွာထွက်လာ

**ဝါရှင်တန် ဇူလိုင် ၁၃**

နော့သ်ရော့ဂရူးမင်းကုမ္ပဏီ၏ ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် ဇူလိုင် ၁၂ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်လာပြီဖြစ်ကြောင်း သိရသည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းဒေသ အထက် ကမ္ဘာပတ် လမ်းကြောင်းပေါ်ရှိ နိုင်ငံတကာ အာကာသစခန်းမှ ပြန်လည်ခွာထွက်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်း၌ ၅ ဒသမ ၅ လကြာ ဆိုက်ကပ်ခဲ့ပြီးနောက် ကမ္ဘာမြေအပြန်ခရီးကို စတင်ခဲ့ခြင်းဖြစ်သည်။

ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ပြီး ယနေ့တွင် ကမ္ဘာ့လေထုလွှာအတွင်း ပြန်ဝင်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က သတင်းထုတ်ပြန်ထားသည်။

နာဆာနှင့် နော့သ်ရော့ဂရူးမင်းကုမ္ပဏီသည် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်ကို ယခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် Space-X ကုမ္ပဏီ၏ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး နှစ်ရက်အကြာတွင် ဆိုက်ဂနက်စ် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာ အာကာသစခန်းနှင့်ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## Sleep Apnea က လူငယ်များ၏ နှလုံးကျန်းမာရေးအတွက် အန္တရာယ်ကြီးနိုင်

**နယူးယောက် ဇူလိုင် ၁၃**

အိပ်စက်နေချိန် လေပြွန်လမ်းကြောင်းပိတ်ဆို့မှုပြဿနာ (Sleep Apnea)သည် လူငယ်များ၏နှလုံးကျန်းမာရေးအတွက် အန္တရာယ်ကြီးနိုင်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Sleep Apnea ပြဿနာနှင့် နှလုံးရောဂါ နောက်ခံအကြောင်းတရားများကြား ဆက်စပ်နေမှုကို အသက် ၂၀ နှင့် အသက်၄၀ ကြား လူငယ်များ၌ တွေ့ရှိရကြောင်း အမေရိကန်နိုင်ငံ တက္ကဆက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ Sleep Apnea ပြဿနာရှိသူ လူငယ်များ၌ သွေးဖိအားမြင့်တက်လာနိုင်ခြေမှာ ပုံမှန်ထက် ၄၅ ရာခိုင်နှုန်းမြင့်မားနေတတ်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက Sleep Apnea ပြဿနာရှိသူ သက်ကြီးပိုင်းများတွင် သွေးဖိအားမြင့်တက်နိုင်ခြေမှာ ၁၀ ရာခိုင်နှုန်းသာ မြင့်မားကြောင်း သိရသည်။

ထိုနည်းတူ Sleep Apnea ပြဿနာရှိသူ သက်ကြီးပိုင်းများတွင် ဆီးချိုရောဂါဖြစ်နိုင်ခြေမှာ ပုံမှန်ထက် ၁၂ ရာခိုင်နှုန်းသာ မြင့်မားသော်လည်း လူငယ်များတွင်မူ ၃၃ ရာခိုင်နှုန်းထိ ပိုမြင့်မားနေသည်ကိုတွေ့ရကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၂၀ နှင့် အထက် လူပေါင်း ၁၀၀၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## ဆီးချိုဖြစ်မည့်အခြေအနေကို လေးနှစ်ထိန်းပါက နှလုံးဖောက်ပြန်မှုကြောင့် သေဆုံးနိုင်ခြေနည်းပါး

**ပေကျင်း ဇူလိုင် ၁၃**

ဆီးချိုရောဂါဖြစ်ပွားမည့်အခြေအနေကို လေးနှစ်မျှ ထိန်းထားနိုင်ပါက နှလုံးရှုတ်တရက်ဖောက်ပြန်မှုကြောင့် သေဆုံးနိုင်ခြေနည်းပါးကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

အရွယ်ရောက်သူ ကိုးဦးလျှင် တစ်ဦးနှုန်းမှာ သွေးအတွင်းသကြားဓာတ်ပါဝင်မှုပုံမှန်ထက်မြင့်မားခြင်းကြောင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်နိုင်ခြေလည်း မြင့်မားနေတတ်သည်။

သို့ရာတွင် သွေးအတွင်းသကြားဓာတ်ပါဝင်မှု ပုံမှန်ထက်မြင့်မားနေသူများအနေဖြင့် ဓာတ်စာအပြောင်းအလဲပြုလုပ်ခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ဖြင့် ပုံစံ-၂ ဆီးချိုရောဂါဖြစ်လာမည့်အခြေအနေကို လေးနှစ်မျှ ထိန်းထားနိုင်ခဲ့ပါက နှလုံးရှုတ်တရက် ဖောက်ပြန်မှုကြောင့် သေဆုံးနိုင်ခြေ နည်းပါးသွားတတ်ကြောင်း တရုတ်နှင့်ဂျပန် သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တရုတ်နှင့်ဂျပန် သုတေသနပညာရှင်များသည် သွေးအတွင်းသကြားဓာတ်ပုံမှန်ထက် မြင့်မားနေသူ ဦးရေ ၅၄၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ လေ့ကျင့်ခန်းပြုလုပ်မှု၊ ဓာတ်စာပြောင်းလဲမှုတို့ဖြင့် သွေးအတွင်းသကြားဓာတ်ပါဝင်မှုလွန်ကဲခြင်းကို လေးနှစ်မျှ ထိန်းထားနိုင်သူများသည် မထိန်းထားနိုင်သူများနှင့် နှိုင်းယှဉ်ပါက နှလုံးရှုတ်တရက် ဖောက်ပြန်မှုကြောင့် သေဆုံးနိုင်ခြေမှာ ၃၀ ရာခိုင်နှုန်းကျော် ကျဆင်းနေတတ်သည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား အီဗန်ကို မန်ယူအသင်း တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇူလိုင် ၁၃**

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူထားသည့် ခံစစ်ကစားသမား အီဗန်ကို စာချုပ်ကုန်ဆုံးချိန်တွင် သက်တမ်းတစ်နှစ်တိုးခဲ့သောကြောင့် ကစားသမားအနေဖြင့် လာမည့်နှစ်ထိ အသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းခံစစ်ပိုင်းတွင် ဗာရာနီ၊ လင်ဒီလော့၊ မာတီနက်ဇ်၊ မက်ဂွဲယားတို့ ဒဏ်ရာပြဿနာ ကြုံတွေ့နေချိန်တွင် အီဗန်ကို တစ်ရာသီစာချုပ်ဖြင့် ကာလတိုခေါ်ယူခဲ့ပြီး ခံစစ်ပိုင်းတွင် အဓိက ပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့သည်။

အသက် ၃၆ နှစ်ရှိ အီဗန်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းအတွက် ပြိုင်ပွဲစုံ ပွဲ ၃၀ ထိ ပါဝင်ကစားပေးနိုင်ခဲ့ပြီး မေလက ကစားခဲ့သည့် အက်ဖ်အေဖလား ဗိုလ်လုပွဲတွင် အသင်းခံစစ်ပိုင်းကို အကောင်းဆုံးဦးဆောင်၍ အသင်းအား ဆုဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူ ဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက သက်တမ်းတိုးစာချုပ် ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အီဗန်သည် မန်ယူအသင်းနှင့် ၂၀၀၆ ခုနှစ်က စတင်ပွဲထွက်ခွင့်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အသင်းမှ ထွက်ခွာခဲ့သော်လည်း မန်ယူအသင်းနှင့် ကိုးနှစ်ကြာကစားခဲ့သည့်ကာလတွင် ပရီးမီးယားလိဂ်ဖလား သုံးကြိမ်နှင့် ကွာရာဘောင်းဖလား နှစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး အသင်းနှင့် ပြန်လည်လက်တွဲချိန်တွင်လည်း အက်ဖ်အေဖလား တစ်ကြိမ် ထပ်မံဆွတ်ခူးနိုင်ခဲ့သည်။

အီဗန်က "မန်ယူအသင်းဟာ အရမ်းကို ကြီးကျယ်ခမ်းနားတဲ့ အသင်းတစ်သင်းပါ။ ဒီအသင်းမှာ ခြေစွမ်းထက်မြက်တဲ့ အသင်းဖော်တွေရှိသလို အကောင်းဆုံးနည်းပြကိုလဲ ပိုင်ဆိုင်ထားတာပါ။ ကျွန်တော်တို့ရဲ့ ပူးပေါင်းကြိုးပမ်းမှုက အက်ဖ်အေဖလားကို ရယူနိုင်ခဲ့ပြီး ဒီအတွေ့အကြုံက ဘယ်လိုမှ မေ့လို့မရပါဘူး။ လာမဲ့ရာသီမှာလဲ နောက်ထပ်စိန်ခေါ်မှုတွေကို ကျော်ဖြတ်ပြီး ဆုဖလားတွေ ထပ်မံရယူနိုင်မှာပါ" ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : Xinhua**
**Trs : ML**



### အားကစားသတင်းအတိုအထွာများ

- ဘာစီလိုနာအသင်းကစားသမား ဖာမင်လိုပက်ဇ်ကို ယူရို ၃၅ သန်းဖြင့်ခေါ်ယူမည့် ချဲလ်ဆီးအသင်း၏ကြိုးပမ်းမှု မအောင်မြင်ခဲ့ဘဲ ကစားသမားအတွက် စာချုပ်ဖျက်သိမ်းကြေး ယူရိုသန်း ၄၀၀ ပေးချေနိုင်မှ ရောင်းချမည်ဟု ဘာစီလိုနာအသင်းက ပြောကြားခဲ့သည်။
- ကွင်းလယ်ကစားသမား ဟော့ဂျက်၏နေရာတွင် အစားထိုးရန်အတွက် အတ္တလန်တာအသင်း ကွင်းလယ်ကစားသမား အီဒါဆန်ကို စပါးအသင်းခေါ်ယူရန် ဆွေးနွေးနေပြီး လီဗာပူးအသင်းနှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။
- အာဆင်နယ်အသင်းက ဆိုစီဒက်ကစားသမား မာရင်နိုကို ခေါ်ယူရန် ယူရို ၂၅ သန်းဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဆိုစီဒက်အသင်းတာဝန်ရှိသူများက တုံ့ပြန်မှုမရှိခဲ့ဘဲ ကစားသမား၏ ဈေးကွက်တန်းကြေးမှာ ယူရို သန်း ၄၀ ရှိကြောင်း သိရသည်။

**ML**

# WBA ဘာရစ်ဂါဝိတ်တန်း ကမ္ဘာ့ချန်ပီယံခါးပတ်ကို ဂတ်ဇီမာဂိုမီဒို့ဗ် ဆွတ်ခူး




**မော်စကို ဇူလိုင် ၁၃**

WBA ဘာရစ်ဂါဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ရုရှားလက်ဝှေ့သမား ဂတ်ဇီမာဂိုမီဒို့ဗ်နှင့် တရုတ်လက်ဝှေ့သမား ကျောင်ရှင်းကျန်းတို့ ဇူလိုင်လ ၁၂ ရက်က ရုရှားနိုင်ငံ ဆာပူခို့ဗ်မြို့တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဂတ်ဇီမာဂိုမီဒို့ဗ်က အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂတ်ဇီမာဂိုမီဒို့ဗ်က စတုတ္ထမြောက်အချီတွင် အလဲထိုးရလဒ်ဖြင့် အနိုင်ရရှိသွားခဲ့ခြင်းဖြစ်ပြီး ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝ၏ စတုတ္ထမြောက်ပွဲစဉ်ဖြစ်ပြီး ကမ္ဘာ့ချန်ပီယံခါးပတ်အား ဆွတ်ခူးနိုင်ခဲ့ခြင်းလည်းဖြစ်သည်။

ထို့ပြင် ဂတ်ဇီမာဂိုမီဒို့ဗ်သည် အိုလံပစ် အားကစားပွဲတော်များ၌သာ ပါဝင်ယှဉ်ပြိုင်သူဖြစ်ပြီး ၂၀၂၀ တိုကျိုအိုလံပစ် အားကစားပွဲတော်၌ ရုရှားနိုင်ငံအတွက် ငွေတံဆိပ်ဆု ရယူပေးနိုင်ခဲ့ပြီး ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း ရှုံးပွဲမရှိသေးပဲ ချန်ပီယံခါးပတ်ကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဂတ်ဇီမာဂိုမီဒို့ဗ် အနေဖြင့် ကျောင်ရှင်းကျန်းနှင့် မထိုးသတ်မီ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ဂျာမနီလက်ဝှေ့သမား အာသာမန်ဖြင့် ထိုးသတ်ခဲ့ပြီး ယင်းပွဲစဉ်တွင်လည်း ရှစ်ချီမြောက်တွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့် အနိုင်ရရှိအောင် ထိုးသတ်သွားနိုင်ခဲ့သည်။

ဂတ်ဇီမာဂိုမီဒို့ဗ်က "ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝခရီးက အစကောင်းခဲ့သလို အခုချိန်အထိရလဒ်ကောင်းကို ထိန်းသိမ်းထားနိုင်လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလတုန်းကလဲ ရလဒ်ကောင်းနဲ့ အနိုင်ရခဲ့သလို ဒီပွဲစဉ်မှာလဲ ရလဒ်ကောင်းတစ်ခုနဲ့ အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီနှစ်အတွင်း နောက်ထပ်စိန်ခေါ်ပွဲတစ်ပွဲ စီစဉ်သွားမယ်။ အနည်းဆုံး တစ်နှစ်ကို နှစ်ပွဲလောက်တော့ ထိုးသတ်နိုင်အောင် ကြိုးစားသွားမယ်။ မတူညီတဲ့ ဝိတ်တန်းတွေမှာ ကမ္ဘာ့ချန်ပီယံ ဖြစ်ခွင့်ရချင်တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# တောင်ပံကစားသမား ဖီလိုဂီနီကို စတာလင်ပေါင် ၁၃ သန်းဖြင့် အေဗီလာအသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၃**

အေဗီလာအသင်း သည် ချန်ပီယံရှစ်ကလပ် ဟူးလ်စီးတီးအသင်းသို့ ရောင်းချခဲ့သည့် တောင်ပံကစားသမား ဖီလိုဂီနီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၃ သန်းဖြင့် ပြန်လည်ခေါ်ယူခဲ့ကြောင်း သိရသည်။

တောင်ပံကစားသမား ဖီလိုဂီနီသည် ၂၀၂၁ ခုနှစ်က အေဗီလာအသင်းနှင့် ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် ကာဒစ်အသင်း၊ စတုတ်အသင်းတို့တွင် အငှားစာချုပ်ဖြင့် ကျင်လည်ခဲ့ရကာ အေဗီလာအသင်းနှင့် ပြိုင်ပွဲစုံ ခြောက်ပွဲသာ ပွဲကစားခွင့်ရရှိခဲ့သဖြင့် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် နွေရာသီအပြောင်းအရွှေ့ကာလက ချန်ပီယံရှစ်ကလပ် ဟူးလ်စီးတီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

သို့သော် လူငယ်ကစားသမားသည် ဟူးစီးတီးအသင်းတိုက်စစ်ကို ဦးဆောင်နိုင်ခဲ့ပြီး သွင်းဂိုး ၁၂ ဂိုးနှင့် ဂိုးဖန်တီးမှု ခြောက်ကြိမ်ထိ ပြုလုပ် ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာ ကစားသမားကိုယ်တိုင်က ပယ်ချခဲ့ပြီး အေဗီလာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံ၍ မိခင်ကလပ်သို့ ပြန်လည်ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။




လက်ရှိတွင် အေဗီလာအသင်းသည် ကစားသမား အပြောင်းအရွှေ့အတွက် စတာလင်ပေါင် ၁၃ သန်း ပေးချေရမည်ဖြစ်ပြီး ၂၀၂၉ ခုနှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုရန် သဘောတူညီမှုရရှိခဲ့သဖြင့် လာမည့်နှစ်ဘောလုံးရာသီတွင် အေဗီလာအသင်း စီနီယာအသင်းတွင် ဖီလိုဂီနီကို မြင်တွေ့ရမည်ဖြစ်ပြီး ကစားသမား ကိုယ်တိုင်ကလည်း နည်းပြအမ်မရီ လက်အောက်တွင် ပွဲကစားခွင့်ရရှိရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**Ref : Xinhua**
**Trs : ML**

# ဘရိုက်တန်အသင်းက ကွင်းလယ်ကစားသမား ရာကူရီအား ငါးနှစ်စာချုပ်ဖြင့်ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၃**

ဘရိုက်တန် အသင်းသည် ဆွီဒင်ကလပ် ဂိုသန်ဘက်အသင်း ကွင်းလယ်ကစားသမား ရာကူရီကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ခြောက်သန်းဖြင့် ခေါ်ယူခဲ့ကြောင်း သိရသည်။

အသက် ၁၈ နှစ်ရှိ ကွင်းလယ်ကစားသမား ရာကူရီသည် ဘရိုက်တန်အသင်းနှင့် လာမည့် ၂၀၂၉ ခုနှစ်ထိ စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး အသင်းအနေဖြင့် နွေရာသီအပြောင်းအရွှေ့ မဖွင့်လှစ်မီ ငါးယောက်မြောက် ကစားသမား ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်သည်။




ရာကူရီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အိုင်ဗရီကို့စ်ကလပ် မီမိုဆက်စ်အသင်းမှ ဆွီဒင်ကလပ် ဂိုသန်ဘက်အသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၂၉ ခုနှစ်ထိ ကာလရှည်စာချုပ် ချုပ်ဆိုခဲ့ကာ ပြီးခဲ့သည့် ဇန်နဝါရီလက အသင်းကြီးနှင့် ပထမဆုံးပွဲထွက်ကစားခွင့်ရခဲ့သူဖြစ်ပြီး ပြိုင်ပွဲစုံ ၁၁ ပွဲတွင် သွင်းဂိုးတစ်ဂိုးသွင်းယူ ခြေစွမ်းပြသ နိုင်ခဲ့သောကြောင့် ဘရိုက်တန်အသင်းနည်းပြ ဟူဇီလာက လူငယ်ကစားသမားကို ခေါ်ယူရန် ကြိုးပမ်းခဲ့ကြောင်း သိရသည်။

နည်းပြဟူဇီလာက "ကျွန်တော်တို့အသင်းအနေနဲ့ အရည်အသွေးကောင်းတဲ့ ကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့တာပါ။ ရာကူရီဟာ အနာဂတ်မှာ ထိပ်တန်းအဆင့် ခြေစွမ်းမျိုးပြသနိုင်ပြီး အရည်အသွေးကောင်းတဲ့ ကစားသမားတစ်ဦးဖြစ်လာမှာပါ။ သူ့အနေနဲ့လဲ ကစားသမားဘဝ နောက်တစ်ဆင့်ကိုရောက်ရှိခဲ့လို့ စိတ်လှုပ်ရှားနေပါတယ်"ဟု ပြောကြားခဲ့သည်။

ဘရိုက်တန် အသင်းသည် နွေရာသီအပြောင်းအရွှေ့ မဖွင့်မီ ကွင်းလယ်ကစားသမား ရာကူရီ အပါအဝင် တောင်ပံကစားသမား မင်တက်ဟ်၊ တောင်ပံကစားသမား အိုစမန်၊ ကွင်းလယ်ခံစစ်ကစားသမား ဝိုင်ဖာ၊ ကိုဇီယာဒူဘယ်ရီ စသည့် ကစားသမား ငါးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# UFC Fight Night ပြိုင်ပွဲတွင် ချင်းဖိုက်တာ ဂျိုရှုအာဗန် အမေရိကန်ဖိုက်တာ ချားလ်ဂျွန်ဆင်နှင့် ထိုးသတ်ရမည်



**ရန်ကုန် ဇူလိုင် ၁၃**

UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်နေသည့် ချင်းလူမျိုးဖိုက်တာ ဂျိုရှုအာဗန်သည် အမေရိကန်နိုင်ငံတွင် ကျင်းပမည့် UFC Fight Night ပြိုင်ပွဲတွင် အမေရိကန်ဖိုက်တာ ချားလ်ဂျွန်ဆင်နှင့် ထိုးသတ်ရမည်ဖြစ်ကြောင်း သိရသည်။

ဂျိုရှုအာဗန်သည် ဖိုက်တာကစားသမားဘဝကို Fury အဖွဲ့အစည်းနှင့် စတင်ထိုးသတ်ခဲ့ပြီး Fury ပြိုင်ပွဲများတွင် ပုံစံကောင်းပြသနိုင်ခဲ့ကာ နိုင်ပွဲများဆက်တိုက်ရရှိခဲ့ပြီးနောက် လက်ရှိကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်းဖြစ်သည့် UFC က ခေါ်ယူ စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် UFC ပြိုင်ပွဲများတွင် ဝင်ရောက်ထိုးသတ်ခွင့် ရရှိနေခြင်းဖြစ်သည်။

အစောပိုင်းက ဂျိုရှုအာဗန် အနေဖြင့် UFC Fight Night ပြိုင်ပွဲတွင်ထိုးသတ်ရန် ပြိုင်ဘက်များ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး နောက်ဆုံးတွင် UFC က ဂျိုရှုအာဗန်ကို အမေရိကန်ဖိုက်တာ ချားလ်ဂျွန်ဆင်နှင့် ထိုးသတ်ရန် သတ်မှတ်ပေးခဲ့သည်။

ဂျိုရှုအာဗန်သည် UFC နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် UFC ပွဲစဉ်များ ထိုးသတ်ခဲ့ရာတွင် ရလဒ်ကောင်းများ ဆက်တိုက်ရယူထားပြီး ပွဲစဉ် သုံးပွဲထိုးသတ်ခဲ့ရာတွင် သုံးပွဲစလုံး အနိုင်ရရှိထားပြီး ယခုအခါလေးပွဲမြောက် ထိုးသတ်မည်ဖြစ်သည်။

ထို့ပြင် ဂျိုရှုအာဗန်သည် UFC ပြိုင်ပွဲတွင် ထိုးသတ်နေသည့် ပထမဆုံး မြန်မာဖိုက်တာတစ်ဦးအဖြစ်လည်း မှတ်တမ်းဝင်ထားသူဖြစ်ပြီး ယင်းပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲ မန္တလေးမြို့၌ ကျင်းပ

**မန္တလေး ဇူလိုင် ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က နိုင်ငံတကာ လူငယ်ဖိတ်ခေါ်ပြိုင်ပွဲများ၊ လူငယ်ဘောလုံးပွဲတော်များသို့ စေလွှတ်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲကို ယနေ့တွင် မန္တလေးမြို့ရှိ မြန်မာဘောလုံးအကယ်ဒမီလေ့ကျင့်ရေးကွင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၁၂ အသင်းဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲကို မန္တလေးတိုင်းဒေသကြီးရှိ နေရာဒေသအသီးသီးမှ လူငယ်ကစားသမား ၁၀၆ ဦး လာရောက် ရွေးချယ်ခံခဲ့ကြရာ ရန်ကုန်ဇုန် ရွေးချယ်ခံဦးရေအပါအဝင် စုစုပေါင်း ယူ-၁၂ ကစားသမားဦးရေ ၂၀၀ ကျော်ထိ ယခုနှစ် U12 Scouting Tour 2024 တွင် လာရောက်ရွေးချယ်ခံခဲ့ကြသည်။

အဆိုပါ ကစားသမားများတွင် အကယ်ဒမီကျောင်းများ၊ ပြင်ပဘောလုံးသင်တန်းများ အစရှိသည့် နေရာဒေသအသီးသီးမှ ယူ-၁၂ လူငယ်များပါဝင်ပြီး အပြီးသတ်ရွေးချယ်မှုများ ဆက်လက်ပြုလုပ်၍ မြန်မာ ယူ-၁၂ အသင်း ဖွဲ့စည်းပြီးနောက် စုစည်းလေ့ကျင့်မှုများ ပြုလုပ်ကာ နိုင်ငံတကာဖိတ်ခေါ်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ခြင်းများ ပြုလုပ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယခင်နှစ်ကလည်း ယူ-၁၂ ရွေးချယ်ပွဲများပြုလုပ်၍ အသင်းဖွဲ့စည်းကာ ရောဝတီဘဏ်၏ ပံ့ပိုးကူညီမှုဖြင့် ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် နိုင်ငံတကာ ယူ-၁၂ ဖိတ်ခေါ်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **STA**

# နေရှင်နယ်လိဂ် ပွဲစဉ်(၂)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဂိုးပြတ်နိုင်ပွဲရရှိ

**ရန်ကုန် ဇူလိုင် ၁၃**



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက် ရှိသည့် မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဂိုးပြတ်နိုင်ပွဲ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက ငါးဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၄၅ မိနစ်တွင် လမင်းထွေးကလည်းကောင်း၊ ပွဲချိန် ၁၆ မိနစ်တွင် ရန်နိုင်ဦးကလည်းကောင်း၊ ပွဲချိန် ၅၂ မိနစ်တွင် လှိုင်းဘိုဘိုကလည်းကောင်း၊ ပွဲချိန် ၈၄ မိနစ်တွင် ဉက္ကာနိုင်ကလည်းကောင်း အသီးသီးသွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ISPE အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်နှင့် ၂၉ မိနစ်တွင် နိုင်နိုင်ကျော်ကလည်းကောင်း၊ ပွဲချိန် မိနစ် ၃၀၊ ၄၈ မိနစ်နှင့် ၆၂ မိနစ်တို့တွင် သိန်းဇော်သီဟက လည်းကောင်း၊ ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၆ မိနစ်တွင် ဂျိုးဆက်ဖ်က လည်းကောင်း အသီးသီး သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ အယ်ကာရက်ဇ်နှင့် ဂျိုကိုဗစ်တို့တက်ရောက်

**လန်ဒန် ဇူလိုင် ၁၃**

လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နိုင်ပွဲကိုယ်စီရရှိခဲ့သော စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် ဆာဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ ဗိုလ်လုပွဲတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်သည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား မျက်ဒဗျက်ကို နောက်မှ လိုက်ကစားခဲ့ရပြီး ချန်ပီယံလက်စွမ်းမျိုးပြသကာ (၆-၇၊ ၆-၃၊ ၆-၄၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ဂျိုကိုဗစ်က ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ် ကစားသမားမူဆက်တီနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး (၆-၄၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၃ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျိုကိုဗစ်နှင့် အယ်ကာရက်ဇ်တို့ ယှဉ်ပြိုင်ကစားခဲ့ဖူးပြီး အယ်ကာရက်ဇ်က အနိုင်ရရှိခဲ့သည်။

ဂျိုကိုဗစ်က "၂၀၂၃ ခုနှစ်တုန်းက အယ်ကာရက်ဇ်ဟာ အားလုံးကို အံ့အားသင့်အောင် လုပ်ပြနိုင်ခဲ့ပါတယ်။ ကျွန်တော့်အတွက် ခက်ခဲမဲ့ပွဲစဉ်တစ်ပွဲဖြစ်လာမှာပါ။ ဝင်ဘယ်ဒန်သမိုင်းမှာ ရော်ဂျာက ဆုဖလား ရှစ်လုံးဆွတ်ခူးထားတယ်။ ကျွန်တော်က ခုနစ်လုံးဆွတ်ခူးထားတယ်။ ရော်ဂျာရဲ့စံချိန်ကိုအမီလိုက်ချင်တယ်။ ဒီအချက်တွေကြောင့်ပဲ ဖိုင်နယ်ပွဲစဉ်မှာ အကောင်းဆုံး ကစားနိုင်ဖို့အတွက် စိတ်ခွန်အားတက်ကြွလာစေလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ယှဉ်ပြိုင်ကစားတဲ့ပွဲတိုင်းကို အနိုင်ရချင်တယ်။ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် ယှဉ်ပြိုင်ကစားတဲ့ပွဲတိုင်းမှာ အနိုင်ရချင်တဲ့စိတ်ကတော့ ၉၉ ရာခိုင်နှုန်းလောက်ထိရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာ အုပ်စု(C)တွင် ကျရောက်

**ရန်ကုန် ဇူလိုင် ၁၃**

ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းကြက်တောင်ပြိုင်ပွဲတွင် မြန်မာကြက်တောင်မယ် သက်ထားသူဇာသည် အုပ်စု (C)တွင် ကျရောက်လျက်ရှိကြောင်း သိရသည်။

သက်ထားသူဇာသည် ၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲ ဝင်ခွင့်ရရှိရန်အတွက် ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်နှင့် ယခုနှစ်တို့တွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ် အသိအမှတ်ပြု နိုင်ငံတကာပြိုင်ပွဲအများစုတွင် ပါဝင်ကစားခဲ့ပြီး ရမှတ်များ စုဆောင်းခဲ့ပြီးနောက် အိုလံပစ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲကို သုံးဦးပါ ရှစ်အုပ်စုဖြင့် ကျင်းပမည်ဖြစ်ပြီး သက်ထားသူဇာသည် အုပ်စု(C)တွင် လက်ရှိကမ္ဘာ့အဆင့်(၅)နေရာတွင် ရပ်တည်နေသည့် ဂျပန်ထိပ်တန်းကြက်တောင်မယ် ယာမာဂူချိ၊ ကမ္ဘာ့အဆင့်(၃၁) နေရာတွင် ရပ်တည်နေသည့် ကနေဒါကြက်တောင်မယ် မီရှယ်လီလိုင်တို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

လက်ရှိတွင် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အမျိုးသမီးတစ်ဦးချင်း အဆင့်သတ်မှတ်ချက်တွင် သက်ထားသူဇာသည် ရမှတ် ၃၂၆၃၀ ဖြင့် ကမ္ဘာ့အဆင့် ၄၃ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

သက်ထားသူဇာသည် ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၂၀ တိုကျိုအိုလံပစ် ပြိုင်ပွဲတွင်လည်း ဝင်ရောက်ကစားခွင့်ရရှိခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်မြောက် ဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

၂၀၂၄ ပဲရစ်အိုလံပစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း ကြက်တောင်ပြိုင်ပွဲကို လာမည့် ဇူလိုင် ၂၇ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# တက္ကသိုလ်စိုးစံ၏ အမေနှင့်အမွေဝတ္ထုအပေါ် လေ့လာခြင်း

"အမာ ငါ့မီးခံသေတ္တာသော့ကို သိမ်းထားစမ်း"

အမေက သူ့ချွေးခံအကျႌအိတ်ထဲမှ မီးခံသေတ္တာသော့ကိုယူ၍ အစ်မလက်ထဲသို့ အပ်လိုက်သည်။ အမေ၏ ရုတ်တရက်အပြုအမူကြောင့် အမေ့ကို နှိပ်ပေးနေသော ကျွန်တော်တို့ မောင်နှမနှစ်ယောက် အံ့သြမှင်တက်မိသွားကြသည်။

အစ်မအနေဖြင့်လည်း သူ့အပေါ်၌ အမေ၏ယုံကြည်အပ်နှံစိတ်ယိုဖိတ်လာသည်ဟု အိပ်မက်တောင်မက်ဖူးမည်မဟုတ်။ အစ်မသည် အမေနှင့် အနီးကပ်အနေမနီးခဲ့သလို အမေက အစ်မကို ကျွန်တော့်လောက်မချစ်ခဲ့။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်မှာ အသက်အားဖြင့် ၁၅ နှစ်ကွာကြသည်။ အစ်မကို အသက် ၂၀ အရွယ်ကပင် မြို့ပိုင်တစ်ယောက်နှင့် အိမ်ထောင်ချပေးလိုက်သဖြင့် အစ်မမှာ ခင်ပွန်းသည် တာဝန်ကျရာ လိုက်ပါပြောင်းရွှေ့နေရသောကြောင့် အိမ်နှင့် အနေဝေးခဲ့သည်။ ကျွန်တော် ခုနစ်နှစ်သားအရွယ်တွင် ဖခင်ဆုံးပါးသွားသဖြင့် ကျွန်တော်တို့ သားအမိနှစ်ယောက်၏ ဘဝရှင်သန်မှုအဝန်းအဝိုင်းတွင် အစ်မသည် စည်းအပြင်ကလူဖြစ်ခဲ့သည်။

စာရေးဆရာ တက္ကသိုလ်စိုးစံသည် သူ့မိခင်နှင့်သူတို့ မောင်နှမနှစ်ယောက်၏ အနေအထားကို ဖော်ပြထားပါသည်။ ထို့နောက် သူတို့မောင်နှမ နှစ်ယောက်မှာ မိခင်၏ အုပ်ချုပ်မှုအောက်တွင် နေထိုင်ခဲ့ကြရပုံကိုလည်း ဤသို့ဖော်ပြပြန်သည်။

ကျွန်တော်တို့မောင်နှမနှစ်ယောက်မှာ အကြောက်တရားဖြင့် အုပ်ချုပ်မှုအောက်၌ ကြီးပြင်းခဲ့ရသဖြင့် အမေ၏ စီမံခန့်ခွဲမှုအတိုင်း ခံယူလိုက်နာရသည်။ စောဒကမတက်ရဲကြ။ စောဒကတက်လျှင်လည်း အမေက ဗီတိုအာဏာဖြင့် ပယ်ဖျက်မည်မှာ မလွဲပါ။

စာရေးဆရာက သူ့အမေသည် ဖခင်သေဆုံးပြီးနောက် ရက်ကန်းစင်များထောင်ကာ အထည်ရက်လုပ်ရောင်းချခြင်းလုပ်ငန်းဖြင့် အသက်မွေးခဲ့ကာ သူဘွဲ့ရသည်ထိ ကျောင်းထားခဲ့ပုံ။ အမေ့ဘက်မှ အဘွားနှင့်အရီးရှိရာ မြစ်ဝကျွန်းပေါ်ဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့ပုံ။ အဘွားနှင့် အရီးတို့ထံမှ အမွေရသော ငွေကြေးပစ္စည်းများကို ထိန်းသိမ်းရန် ရွှေဆိုင်လုပ်ငန်းရှင်များသို့ ငွေထုတ်ချေးသည့်လုပ်ငန်းဖြင့် ဘဝရပ်တည်မှုပြောင်း လဲခဲ့ပုံ။ သားဖြစ်သူသည် စီးပွားရေးလုပ်ကိုင်ရင်း ရောင်းမှားဝယ်မှားဖြစ်ကာ ထောင်ခုနစ်နှစ်ကျသောအခါ ဇနီးနှင့် သမီးငယ်တို့ကို စောင့်ရှောက်ထားခဲ့ပုံ။ သားဖြစ်သူ ထောင်မှလွတ်လာကာ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းပြုလုပ်နေစဉ် အမေ့တွင် အဆုတ်ကင်ဆာရောဂါ ဖြစ်လာပုံ။ ဤအခါ အမေ့အတွက် ဆေးကုသမှုစရိတ် နှင့် အိမ်၏စရိတ်ဟူသမျှကို သားဖြစ်သူက တာဝန်ယူထားပုံ။

အစ်မဖြစ်သူမှာ ခင်ပွန်းဖြစ်သူ၏ ပင်စင်လခ၊ သားသမီးများ၏ ပံ့ပိုးမှုဖြင့် ရပ်တည်နေခဲ့ရရာ အမေ့ကို ငွေကြေးအထောက်အကူမပြုနိုင်ပုံ၊ ကင်ဆာဝေဒနာဖြင့် အမေလဲသည့်အခါမှ အစ်မသည်အနီးကပ်ပြုစုရန်လာရောက်ခြင်းဖြစ်ပုံ။

အမေကင်ဆာရောဂါဝေဒနာမခံစားရမီက ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းရာ အဆောက်အအုံ တစ်ဝက်တစ်ပျက်တွင် ဆက်မဆောက်နိုင်ဟုပြောသဖြင့် သားဖြစ်သူက ပြီးသည်ထိ တာဝန်ယူဆောင်ရွက်ခဲ့ရပုံ။ ထို့နောက် ပရိယတ္တိစာသင်တိုက်ကြီးတစ်တိုက်၏ ကျောင်းထိုင်ဆရာတော်သီတင်းသုံးနေထိုင်ရန် ကျောင်းတစ်ကျောင်းဆောက်လုပ်လှူဒါန်းရန် အမေက ပန္နက်သွားစိုက်ထားပြီးဖြစ်ပုံ။ ထိုကဲ့သို့ အမေ့အတွက် အန္တာခံကာ ဆောင်ရွက်ပေးနေသူ သားကို မီးခံသေတ္တာသော့ကို မအပ်ဘဲ အစ်မကို မီးခံသေတ္တာသော့အပ်သဖြင့် စိတ်မကောင်းဖြစ်ရပုံတို့ကို စာရေးသူက ဖော်ပြထားသည်။ အစ်မနှင့် ကျွန်တော် အမေ့ကို နှိပ်နယ်ပြုစုနေစဉ် အမေက သူ့စိန်နားကပ်ကိုချွတ်၍ သားဖြစ်သူ၏ သမီးကိုပေးရန် အပ်ပုံ။ သားဖြစ်သူက သူ့အမေကွယ်လွန်မှသာ ပစ္စည်းများကို မောင်နှမနှစ်ယောက် ခွဲဝေယူကြရန်သင့်ကြောင်း စဉ်းစားမိပုံ။ သူ့အစ်မမျက်နှာကို ကြည့်လိုက်သောအခါ မည်သို့မျှ ခံစားမှုမရှိကြောင်း တွေ့မြင်ရပုံ။

> ❖ "မိဘတွေကွယ်လွန်သွားတဲ့အခါမှာ ကျန်ရစ်တဲ့သားသမီးတွေက အမွေတွေရကြတယ်။ မိဘက အမွေပေးသူဖြစ်ပြီး သားသမီးက အမွေဆက်ခံရတာ လောကဓမ္မတာပဲ။ မိဘထားရစ်တဲ့အမွေတွေထဲမှာ တန်ဖိုးအရှိဆုံးအရာကို ဘာလို့ထင်လဲ" အဖေကြီး ဦးသန်းလှက ပြုံးပြုံး ကြီးကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။ "မှတ်ထားကွ စိုးမြင့်ရ။ ကုသိုလ်အမွေပဲ" "သားသမီးတွေက ပစ္စည်းဥစ္စာကိုသာ အမွေလို့ ထင်နေကြတာ။ အဲဒါတွေက သင်္ခါရအမွေတွေ။❖

တစ်နေ့ အမေက သားဖြစ်သူကိုပြော၏။

"အမာကို ငါ့ပစ္စည်းတစ်ခုပေးမယ်လို့ စိတ်ကူးကြည့်လိုက်တိုင်း အထမမြောက်ဘူး။ စိတ်ထဲမှာ တွန့်နေတယ်။ ငါ့စိတ်ကကို မပေးချင်ဘူးဖြစ်နေတယ်။ ငါ့စိတ်ကို မကောင်းမှန်းလဲသိတယ်။ မီမီစိုးကျတော့ စိတ်ကူးမိရင် လက်ကရောက်သွားရော"

"အမေရယ် အစ်မကိုလဲ ပေးလိုက်ပါ။ အစ်မခမျာ ဘာမှမပြောရှာပေမဲ့ သနားဖို့ကောင်းတယ်။ အမေက သမီးကိုကျော်ပြီး မြေးကိုပေးတာကျတော့ ဘယ်ကောင်းပါ့မလဲ။ အစ်မကို ကျွန်တော် မျက်နှာပူတယ်အမေ"

"ငါ မတရားမှန်းလဲ သိပါတယ်။ ဒါပေမဲ့ ငါ့ရဲ့စိတ်က အဲဒီလိုဖြစ်နေတော့လဲ ခက်သားပဲ"

အမေသည် မြေးချင်းတူသော်လည်း သမီးကမွေးသောမြေးများအပေါ် လက်ထိပ်အရောက်၊ သားက မွေးသော မြေးအပေါ်၌သာ လက်ရောက်မှုများလေသည်။

အမေရောဂါဝေဒနာခံစားနေရသဖြင့် အစ်မနှင့် ကျွန်တော်(သား)ဖြစ်သူတို့ မပြတ်နှိပ်ပေးနေရသည်။ နှိပ်ပေးလျှင် သက်သာသည်ဟုဆိုသည်။ အမေအိပ်ပျော်သွားမှ နားရသည်။ ဆရာဝန်ကလည်း အမေသက်သာစေရန် အသက်ကယ်ဆေးတစ်နေ့တစ်လုံးထိုးပေးသည်။ ဆေးထိုးလိုက်လျှင် လူကောင်းကဲ့သို့ ဖြစ်လာသည်။ နောင်အသက်ကယ်ဆေး တစ်နေ့ တစ်လုံးထိုးနေရာမှ မနက်တစ်လုံး ညတစ်လုံးထိုးရသည့်အဆင့် ရောက်လာပြီး တစ်ညတွင် မခံမရပ်နိုင်အောင် ကိုက်ခဲသည်ဟုဆိုကာ ဆရာဝန်ခေါ်ခိုင်းသည်။ အချိန်က ည ၁၂ နာရီကျော်၊ အမေက မခံမရပ်နိုင်ဟုဆိုကာ ဆရာဝန်ခေါ်ခိုင်းသည်။ ဆရာဝန်ကို အားနာသဖြင့် နံနက်မိုးလင်းလင်းချင်းခေါ်ပေးပါမည်ဟုပြောရာ အမေမကျေနပ်၊ ငါခံစားနေရသလို နင်တို့မခံစားရလို့ အခုလိုပြောတာ၊ ငါ့ကို သေစေချင်နေကြသလားဟုဆိုသည်။ သားဖြစ်သူက တူမကို အမေ့ဘေးတွင် အိပ်ခိုင်းပြီး ဘုရားစင်အောက်တွင် သွားအိပ်သည်။ ည ၂ နာရီ ၁၅ မိနစ်ခန့်တွင် အမေအသက်မရှူ၊ စကားမပြောတော့ကြောင်း တူမလေးကလာပြောသည်။ ကပျာကယာထပြီး အမေ့ကို လှုပ်နှိုးကြည့်တော့ အမေအသက်မရှိတော့ပြီ။

အမေ့ရျာပနကိစ္စအပြီး နှစ်ရက်အကြာ၌ အစ်မနှင့် ကျွန်တော်တို့ မီးခံသေတ္တာကို ဖွင့်ကြည့်ကြသည်။

အမေဝတ်နေကျ ငါးကျပ်သား ရွှေဆွဲကြိုး တစ်ကုံး၊ ဝတ်နေကျငါးကျပ်သား ရွှေလက်ကောက်တစ်ရန်၊ ရွှေကြွယ်သီးတစ်စုံ၊ တစ်တန်းသွားစိန်လက်ကောက်တစ်ရန်၊ စိန်လက်စွပ် နှစ်ကွင်း၊ ရွှေဒင်္ဂါးပြား ငါးပြားနှင့် ငွေဆယ်သိန်းကျန်ခဲ့သည်။

အစ်မက ဘာမှမပြောပါ။ အဘွားနှင့်အရီးတို့ထံမှ အမွေရခဲ့သည့် ပစ္စည်းများနှင့်ပတ်သက်၍လည်း အစ်မနှုတ်ပိတ်နေပါသည်။ သားဖြစ်သူကတော့ အမေ့မီးခံသေတ္တာသော့ကို အစ်မကိုအပ်ခဲ့ပုံနှင့် ပတ်သက်၍ သဘောပေါက်သွားပါသည်။

အမေပန္နက်ရိုက်ခဲ့သည့် ကျောင်းလေးကို ပြီးအောင်ဆောက်ပေးနိုင်ခဲ့သဖြင့် ပီတိဖြစ်နေပါသည်။

"ဒီကျောင်းလေးကို ပြီးအောင်ဆောက်လိုက်ပါသားရယ်။ တို့သားအမိမှာ အတိတ်ကအလှူဒါနနည်းခဲ့လို့ နေခဲ့တဲ့အိမ်ကိုတောင် ရောင်းခဲ့ရတာသားအသိပဲ။ နောင်ဘဝတွေမှာ ဒီလိုအဖြစ်မျိုးမကြုံရအောင်လို့ မင်းကို အမေက လှူခိုင်းတာ"

ကျောင်းအလှူအတွက် ငွေကြေးမည်မျှကုန်ကျပါစေ အမေမျှော်မှန်းထားသော ကျောင်းအလှူလေးကို ထိုက်ထိုက်တန်တန်ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ အိမ်၌ပင် ဗိုလ်ထိုင်အိမ်သာမရှိသေးသော်လည်း အမေ့ကျောင်းလေး၌ ဗိုလ်ထိုင်အိမ်သာတပ်၊ သန့်စင်ခန်းနှင့် အဲကွန်းတပ် ဆရာတော်အိပ်ခန်းတို့ကို ပြည့်ပြည့်စုံစုံ ဆောက်လုပ်လှူဒါန်းခဲ့သည်။

ကျောင်းရေစက်ချပွဲအပြီးတွင် ညှော်ပရိသတ်များက ကျောင်းကိုလှည့်ပတ်ကြည့်ရှုကြသည်။ အဖေကြီးဦးသန်းလှကတော့ ကျောင်းအတွင်းဘက်နံရံတွင် ချိတ်ဆွဲထားသော ကျွန်တော့်ကဗျာကို စိတ်ဝင်တစားဖတ်ကြည့်သည်။

အမေ့ကျောင်း

- မေလမှာ အမေဆုံးတော့၊ တစ်မြို့လုံးမိုးတွေရွာ၊ လေစွာလို့ဆင့်ကဲ။
- မချင့်ရဲစရာ၊ ကြွေးကျန်ကျောင်းဒါနကိုဖြင့် ကောင်းရာဘဝမှ အမေမျှော် သာဓုခေါ်ဖို့ မျှဝေကြောင်း။
- နှစ်၊ လ၊ နေ့ ပြောင်းပေမဲ့ မမေ့ကောင်းစရာ မွေးကျေးဇူးဆပ်တယ်ကွယ် ကုသိုလ်ရွှေကျောင်း။

"မိဘတွေကွယ်လွန်သွားတဲ့အခါမှာ ကျန်ရစ်တဲ့သားသမီးတွေက အမွေတွေရကြတယ်။ မိဘက အမွေပေးသူဖြစ်ပြီး သားသမီးက အမွေဆက်ခံရတာ လောကဓမ္မတာပဲ။ မိဘထားရစ်တဲ့အမွေတွေထဲမှာ တန်ဖိုးအရှိဆုံးအရာကို ဘာလို့ထင်လဲ"

အဖေကြီး ဦးသန်းလှက ပြုံးပြုံးကြီးကြည့်ပြီး မေးခွန်းထုတ်လိုက်သည်။

"မှတ်ထားကွ စိုးမြင့်ရ။ ကုသိုလ်အမွေပဲ"

"သားသမီးတွေက ပစ္စည်းဥစ္စာကိုသာ အမွေလို့ ထင်နေကြတာ။ အဲဒါတွေက သင်္ခါရအမွေတွေ။ မိဘက သားသမီးကို အားကိုးခြင်းငါးမျိုးနဲ့ ချစ်တဲ့အထဲမှာ သူတို့ဆုံးပါးတဲ့အခါ ကျန်ရစ်တဲ့သားသမီးတွေက သူတို့အတွက် ကုသိုလ်ကောင်းမှုပြုတိုင်း အမျှဝေပေးတဲ့အခါ တမလွန်ကနေပြီး သာဓုခေါ် ဆိုနိုင်ခွင့်ရဖို့ဆိုတဲ့ နောက်ဆုံးအားကိုးခြင်းကို မင်းကဖြည့်ဆည်းပေးတဲ့အတွက် မင်းအမေပေးတဲ့ကုသိုလ်အမွေကို မင်းရလိုက်တာ။ ကုသိုလ်ကောင်းမှုကမှ သံသရာပါတဲ့ အမွေကွ"

ဆရာ တက္ကသိုလ်စိုးစံက သူ့ဝတ္ထုကို ဤသို့ အဆုံးသတ်ထားပါသည်။ ကျွန်တော့်အတွက် ကုသိုလ်အမွေပေးခဲ့သော အမေ့ကို ဦးတင်မဆုံးပါ။ တမလွန်မှ အမေ သာဓုခေါ်ပါလေ။

ဝတ္ထုက ပြီးဆုံးသွားပါပြီ။ ဝတ္ထုဖတ်ပြီး သားသမီးတွေက ပစ္စည်းဥစ္စာကိုသာ အမွေဟုထင်နေကြပုံ၊ ဤပစ္စည်းဥစ္စာများမှာ သင်္ခါရသာဖြစ်ကြောင်း မိဘက သားသမီးကို အားကိုးခြင်းငါးမျိုးနဲ့ ချစ်တဲ့အထဲမှာ သူတို့ဆုံးပါးသွားတဲ့အခါ ကျန်ရစ်တဲ့သားသမီးတွေက သူတို့အတွက် ကုသိုလ်ကောင်းမှုပြုတိုင်း အမျှဝေပေးတဲ့အခါ တမလွန်ကနေပြီး သာဓုခေါ် ဆိုနိုင်ခွင့်ရဖို့ဆိုတဲ့ နောက်ဆုံးအားကိုးခြင်းကို မင်းကဖြည့်ဆည်းပေးတဲ့အတွက် မင်းအမေပေးတဲ့ကုသိုလ်အမွေကို မင်းရလိုက်တာ။ ကုသိုလ်ကောင်းမှုကမှ သံသရာပါတဲ့အမွေကွ။

အဖေကြီး ဦးသန်းလှပြောသောစကားကို စာဖတ်သူ ကျွန်တော်က ဒုတိယအကြိမ်ပြန်ဖတ်ကာ သာဓုခေါ်ဆိုမိပါသည်။

**ကိုးကား**

- **၂၀၂၁ ခုနှစ် ဩဂုတ်လထုတ် မြဝတီမဂ္ဂဇင်း**
- **တက္ကသိုလ်စိုးစံ၏ ခေါက်ထီးလေးတစ်လက်နှင့် မဂ္ဂဇင်းဝတ္ထုရှစ်စည်းမှုစာအုပ်**

**ပုသိမ်အောင်သန်းဦး**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မြူမှုန်ဝေးဝေး ဇာတ်လမ်းတွဲကို SKYPREMIER HD မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် ဇူလိုင် ၁၃**

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲသစ်ကို ဇူလိုင် ၂၆ ရက်မှစတင်ကာ SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သားညီက ပြောပြ၍ သိရသည်။

မြူမှုန်ဝေးဝေး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို Cloud Club အဖွဲ့က ရေးသားထားပြီး ဒါရိုက်တာ သားညီက မီးမီးမွှေး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့်ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

"သားတွေရဲ့ မတူညီတဲ့ဘဝတွေ၊ လျှို့ဝှက်ချက်တွေ၊ လှစ္စရိုက်တွေ၊ လူငယ်တွေရဲ့အချစ်၊ လူငယ်တွေရဲ့ဘဝကို တောင်ကြီးမြို့ရဲ့ရှုခင်းလှလှတွေ နောက်ခံထားရိုက်ကူးထားတဲ့ Romance Drama ဇာတ်လမ်းတွဲသစ်ဖြစ်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောသည်။

မြူမှုန်ဝေးဝေး ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ကျော်ထက်အောင်၊ ဘုန်းမင်းနေလ၊ စွမ်းရည်စိုးမင်း၊ စွမ်းထက်အောင်၊ ရှိုင်းထက်၊ ရဲသူ၊ ကျော်ဇေယျ၊ လီလီကျော်ခိုင်၊ အေးသန္တာပို၊ စိုးမိုးကြည်၊ နန်းခမ်းဝါနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဇူလိုင် ၂၆ ရက် သောကြာနေ့ ည ၇ နာရီမှစတင်ကာ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တိုင်း SKYPREMIER HD ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# ကျောက်တံတားမြို့နယ် Shwe Khit Oo Art Gallery တွင် The Glorification Group Art Exhibition ပန်းချီပြပွဲပြသမည်

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Shwe Khit Oo Art Gallery တွင် The Glorification Group Art Exhibition ပန်းချီပြပွဲကို ဇူလိုင် ၁၄ ရက်မှစတင်ကာ ပြသမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ရေးဆွဲပြသမည့် ပန်းချီ စိုးခိုင်က ပြောပြ၍ သိရသည်။

The Glorification Group Art Exhibition ပန်းချီပြပွဲတွင် Shwe Khit Oo Art Gallery မှ စီစဉ်ကျင်းပခဲ့သည့် The Glorification Workshop Demonstration ရေဆေးနှင့် ဆီဆေး ပန်းချီ လက်တွေ့ရေးဆွဲပွဲတွင် ပါဝင်ရေးဆွဲခဲ့ကြသည့် ပန်းချီဆရာ ၁၈ ဦးတို့၏ ပန်းချီလက်ရာများကို ခံစားနိုင်မည့် ပန်းချီပြပွဲလည်းဖြစ်ပြီး ဇူလိုင် ၁၄ ရက်မှ ဇူလိုင် ၂၁ ရက်ထိ ပြသပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

" The Glorification Workshop Demonstration ရေဆေးနဲ့ ဆီဆေး ပန်းချီလက်တွေ့ရေးဆွဲပွဲမှာ ပါဝင်ရေးဆွဲခဲ့ကြတဲ့ ပန်းချီဆရာ ၁၈ ယောက်ရဲ့ မတူညီတဲ့အနုပညာအမြင်၊ ရှုထောင့်အမျိုးမျိုး၊ မတူကွဲပြားတဲ့ကိုယ်ပိုင် ဟန်အသီးသီးနဲ့ ခံစားရေးဆွဲထားတဲ့ ပန်းချီကားတွေကို ခံစားကြည့်ရှုရမှာဖြစ်ပါတယ်။ ပန်းချီ ချစ်မြတ်နိုးသူတွေအနေနဲ့ လက်မလွှတ်သင့်တဲ့ပြပွဲမို့ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပန်းချီ စိုးခိုင်က ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပန်းချီ တင့်ရှွန်း၊ မောင်ဝင်းလှ၊ လှထွန်းအောင်၊ အောင်သင်းဦး၊ မြင့်ဦး၊ သန့်စင်၊ သုဝဏ်၊ မျိုးကျော်၊ အောင်သီဟ၊ ဆန်းထွန်း၊ ညီညီထွန်း၊ အောင်မျိုးမြတ်၊ စစ်မိုးအောင်၊ အောင်ထက်လွင်၊ စိုးခိုင်၊ အောင်ဝန်းထွဋ်၊ အောင်ကိုထိုက်၊ ကောဇာသစ်တို့၏ ရေဆေး၊ ဆီဆေး ပန်းချီကားများကို မျက်မြင်ကိုယ်တွေ့ ကြည့်မြင် ခံစားရမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့်ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံးငွေကျပ် လေးသိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မင်းလှ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဲပင်ကျင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေနှင့် ပြည်သူလူထု ထည့်ဝင်ငွေတို့ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇူလိုင် ၁၂ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာတွင်းလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ လဲပင်ကျင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်း အတာပြည့်မီရေးအတွက် အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

မင်းလှမြို့နယ် လဲပင်ကျင်းကျေးရွာ၌ လမ်းအရှည် ၄၁၈ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် သုည ဒသမ ၅ သန်း အသုံးပြု၍ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ယခုနှစ် ဇွန် ၂၅ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက လဲပင်ကျင်းကျေးရွာရှိ အိမ် ၁၃၇ အိမ်မှ လူဦးရေ ၆၅၀ တို့၏ သွားလာရေး လွယ်ကူစေမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ရှိုလေး

# စုံထောက်အက်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဒန်နီရာမီးရက် ပါဝင်မည်

**နယူးယောက် ဇူလိုင် ၁၃**

တရားဝင် ဇာတ်ကားနာမည်မသိရသေးသည့် စုံထောက်အက်ရှင်ဇာတ်ကားသစ်တစ်ကား၌ မင်းသား ဒန်နီရာမီးရက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

မင်းသား ဒန်နီရာမီးရက်သည် Top Gun: Maverick ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ထားသော မင်းသားဖြစ်သည်။

မင်းသား ဒန်နီရာမီးရက်အနေဖြင့် စုံထောက်အက်ရှင်ဇာတ်ကားသစ်၌ ကမ္ဘာကျော်မင်းသား ယိုအာကွင်းဖီးနစ်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ စုံထောက်အက်ရှင်ဇာတ်ကားသစ်ကို ဒါရိုက်တာ တော့ဟေးနက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကိုလည်း ဒါရိုက်တာ တော့ဟေးနက်က ကိုယ်တိုင်ရေးသားပေးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရုံတင် ပြသရန် ထုတ်လုပ်သူများက စီစဉ် ထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# A Quite Place: Day One ၏ ကမ္ဘာတစ်ဝန်း ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်ရှိလာ

**နယူးယောက် ဇူလိုင် ၁၃**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ A Quite Place: Day One ဇာတ်ကားသည် ရုံတင်ပြီးသီတင်းနှစ်ပတ်မပြည့်မီမှာပင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ခန့်ရှိလာခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၁၂ ရက် သတင်းများအရ သိရသည်။

Paramount ရုပ်ရှင်ကုမ္ပဏီသည် A Quite Place: Day One ဇာတ်ကားကို ဇွန် ၂၈ ရက်တွင် စတင်ရုံတင်ပြသခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် A Quite Place ဇာတ်ကားများအနက် တတိယမြောက်ဇာတ်ကားဖြစ်ပြီး ဒါရိုက်တာ မိုက်ကယ်ဆာနိုစကီးက ရိုက်ကူးပေးထားကြောင်း သိရသည်။

ယခင် ရိုက်ကူးထုတ်လုပ်ခဲ့ပြီးဖြစ်သည့် A Quite Place ဇာတ်ကားနှစ်ကားကို ဒါရိုက်တာ ဂျွန်ကရာစင်စကီးက ရိုက်ကူးပေးခဲ့ခြင်းဖြစ်သည်။

A Quite Place: Day One ဇာတ်ကား၌ မင်းသမီး လူပီတာညောင်အိုနှင့် မင်းသား ဂျိုးဆက်ကွင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် A Quite Place: Day One ဇာတ်ကား၏ ကမ္ဘာတစ်ဝန်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၁၉၅ ဒသမ ၂ သန်းထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# Rehabilitation and collective cleaning tasks continue in Loikaw in Kayah State damaged by acts of terrorism by KNPP, KNDF and so-called PDF terrorists



A damaged building in Loikaw University due to acts of sabotage by KNPP, KNDF and PDF terrorists.



Due to the destructive actions of the KNPP/KNDF/PDF terrorists, the homes of local residents in Loikaw are being damaged.



Collective cleaning activities are being carried out at Loikaw University.



The KNPP/KNDF/PDF terrorists are seen taking cover inside the cultural museum and attacking security personnel.

**Nay Pyi Taw July 13**

With the aim of destroying the administrative mechanism of Kayah State, the KNPP, the KNDF and so-called PDF terrorists committed various acts of sabotage by taking cover of residential, religious, health and educational buildings in state capital and the seat of the state government Loikaw and surrounding area starting from December, 2021. Moreover, some local residents were killed and injured when they fired heavy weapon rounds at the crowd with the brutal aim of killing and injuring a large number of people while the opening ceremony of the archway to commemorate the 71st Anniversary of Kayah State Day, which falls on 15 January, 2023 was being held on a grand scale together with local national race residents.

Similarly, on 13 November, 2023, the KNPP, KNDF and so-called PDF terrorists deliberately attacked Loikaw University, a non-military target, with heavy weapons and small arms and forcefully abducted some educational staff performing their duties at the university and some students studying there. They attacked the battalions and posts of security forces with massive forces in Moebye, Pekon, Loikaw and Demoso townships with the aim of destabilizing Loikaw region in Kayah State on 26 January and committed acts of terrorism by abducting and killing local residents, torching and planting mines at houses, markets, departmental building to halt the government mechanism and launching attacks on security forces by taking cover of residential, departmental, educational and health buildings in the town and surrounding areas.

As security forces have launched a counter-terrorism operations by taking footholds phase by phase in areas controlled by the terrorists since 29 January, retaking the control of 42-mile long Hsihseng-Loikaw road on 29 May and fought 87 engagements with the terrorists. It was reported on 15 June that the security forces took necessary security measures on 14 June in the industrial zone and Narnattaw Ward from which they harassed the security of Loikaw town and the airport and carried out rehabilitation of damage in towns and villages caused by terrorists and mine-clearing tasks for the safety of local residents.

Tatmadaw columns continued to take necessary clearance measures in remaining places as of 16 June and took control of Narnattaw Ward, Naungyar (A) Ward, Tayngarlyar Ward, Naungyar (B) Ward, the Taungkwe Pagoda, Saint Martin Church, the cultural museum, the government technical institute, the guest house of the state government, state-level ministerial and important buildings, Loikaw airport and the entire Loikaw University on 11 July. Measures were taken to reopen some schools and efforts are being made to reopen all universities and schools.

While the government and the Tatmadaw are exerting efforts for regional stability, the terrorists fired heavy weapon rounds at Loikaw on 4 July with the aim of destroying towns and villages and heavy weapon rounds fell into Lawkadhamma Ward, Namtbawwam (A) Ward, Ywartanshe Ward and Kyauktaung Ward, killing a local resident and injuring 10 others including four children, who were later sent to the local defence services hospital for treatments.

After Tatmadaw columns have taken security measures in Loikaw and surrounding areas, military personnel, members of the Myanmar Police Force, departmental staff including local residents collectively carried out rehabilitation and cleaning tasks speedily. This morning Chief Minister of Kayah State U Zaw Myo Tin and Commander of the Eastern Command Maj-Gen Zaw Min Latt, accompanied by officials, inspected the areas, spoke words of comfort to residents and coordinated the necessary measures.

As Loikaw areas in Kayah State have become stable and normal thanks to the efforts of the government and the Tatmadaw, local residents have started returning to their homes consistently and necessary rehabilitation tasks are being coordinated and carried out by responsible officials.

100

# More than 1,000 acres of sunflower planted in Ayadaw Township


A sunflower plantation.

**Ayadaw July 13**

Monywa District Agriculture Department stated that a total of 1,130 acres of croplands have been placed under sunflower in Ayadaw Township of Sagaing Region this monsoon.

In 2024-25 monsoon season, Ayaydaw Township earmarked 2,737 acres of sunflower but local farmers have planted 1,130 acres of sunflower against the target so far.

"Local farmers continue cultivation of sunflower to meet the target sown acreage. In order to reduce import of palm oil, farmers expand sown acreage of sunflower. Yield of oil from sunflower is larger than groundnut and sesame," said Daw San San Myint, Head of Monywa District Agriculture Department.

Ayadaw Township speeds up training courses for local farmers and agricultural staff to improve their capacity so as to expand sown acreage of sunflower.

This year, Ayadaw Township Agriculture Department decided to provide quality strains of sunflower seeds, sale of urea fertilizer at reduced prices, and exchange of quality sunflower seeds among farmers.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# 650,000 fingerlings released into Ayeyawady River

**Mandalay July 13**

Two fishery camps in Aungmyethazan District of Mandalay Region released 650,000 two-inch fingerlings into Ayeyawady River on 10 July with the aim of sustaining fish resources, said assistant director U Tun Naung Win of Thayetgon fishery camp.

Thayetgon and Natyegan fishery camps released 20,000 two-inch rohu fingerlings, 100,000 golden sturgeon fingerlings and 350,000 barbus fingerlings into Ayeyawady River near Kywesun jetty in Patheingyi Township of Aungmyethazan District.

"Thanks to releasing fingerlings, it can contribute improvement of the fish farming industry. It will sustain development of human resources and create job opportunities and incomes of people. Moreover, releasing fingerlings into natural water aims to ensure long term existence of quality fish species and contributing to local consumption. The Fisheries Department releases fingerlings into the natural water on a yearly basis. This year, the department conducted releasing of fingerlings into Ayeyawady River from Patheingyi Township," he added.


Preparations underway to release fingerlings into the Ayeyawady River.

In releasing fingerlings, Thayetgon fishery camp put 300,000 fingerlings into the water and Natyaygan camp, 350,000 fingerlings.

The ceremony was also attended by Head of Region Fisheries Department U Than Gyoung, Chairman of Aungmyethazan District Administration Body U Aung Swe and officials.

185

# At least 71 Palestinians killed in Israeli attack on Khan Younis: health authorities

**Gaza July 13**

At least 71 Palestinians were killed and 289 others injured on Saturday by an Israeli airstrike that attacked tents of displaced people in the Mawasi area of the Khan Younis city in the south of Gaza, the Gaza health authorities said.

With three missiles, Israeli jets bombed the tents housing displaced people in Khan Younis, and then a civil defense vehicle was targeted, local and security sources told Xinhua.

Dozens of bodies of the killed and wounded people were lying on the ground, locals told Xinhua.

The Israeli raid targeted a large gathering of displaced people in Mawasi, the Gaza Civil Defense Service reported in a brief statement.

Meanwhile, Israeli state-owned Kan TV news said that the target of the Israeli attack on the Mawasi area was Hamas military chief Mohammed Deif, noting that the army was awaiting the results of the raid.

Hamas rejected the claim, saying it comes in the context of covering up Israel's crimes. Xinhua


This photo taken on July 13, 2024 shows destroyed buildings and vehicles following an Israeli airstrike in the Mawasi area of the southern Gaza Strip city of Khan Younis.

# More than 5,000 acres of monsoon groundnut planted in Sagaing Township

**Sagaing July 13**

Local farmers have grown 5,845 acres of monsoon groundnut in Sagaing Township of Sagaing Region this monsoon, according to the statistics of Sagaing Township Agriculture Department.

In 2024-25 monsoon season, Sagaing Township scheduled for growing 9,148 acres of monsoon groundnut, and so far, local farmers have planted 5,845 acres of monsoon groundnut against the target.

"This year, Sagaing Township earmarked cultivation of more than 9,000 acres of monsoon groundnut. So far, local farmers have planted more than 5,000 acres of crops. They are striving for meeting the target cultivation of groundnut. Local farmers prefer to grow groundnut in cold season rather than monsoon," said U Zaw Oo, Head of Sagaing Township Agriculture Department.

Farmers need to use one and a half baskets of quality groundnut seeds per acre. They need to cost more than K200,000 per acre for labour charge, fertilizer and pests. On the average, each acre yields more than 50 baskets of groundnut.

This year, agricultural officials made field trips to grassroots level for inspecting progress of groundnut fields, prevention of pests and weeding of plantations.

206

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## မြောက်ကိုရီးယားတပ်မတော်ကိုယ်စားလှယ်အဖွဲ့ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့



ရုရှားတပ်ဖွဲ့များကို ကူညီရန်အတွက် မြောက်ကိုရီးယားနိုင်ငံသည် ၎င်း၏တပ်ဖွဲ့ဝင်များကို ယူကရိန်းတွင် တပ်ဖြန့်စေလွှတ်သွားနိုင်ကြောင်း သတင်းများထွက်ပေါ်ပြီးနောက် မြောက်ကိုရီးယားတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံသို့ ထွက်ခွာသွားကြောင်း The Defense Post သတင်းဌာနက ဇူလိုင် ၁၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

မြောက်ကိုရီးယားရှိ ထင်ရှားကျော်ကြားသော စစ်သင်တန်းကျောင်းတစ်ခု၏ ကျောင်းအုပ်ကြီးဦးဆောင်သော ထိပ်တန်းတပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယခုသီတင်းပတ်အစောပိုင်းက ရုရှားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့ကြပြီး ခရီးစဉ်၏ ရည်ရွယ်ချက်ကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း ရေးသားထားကြသည်။

သို့သော်လည်း မြောက်ကိုရီးယားနိုင်ငံသည် ၎င်းတို့၏နှစ်နိုင်ငံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ရုရှားနိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ပထမဆုံးအကြိမ် စေလွှတ်ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အစောပိုင်း အစီရင်ခံချက်တစ်ခုတွင် အမေရိကန်အစိုးရသည် ရုရှားသိမ်းပိုက်ထားသော နယ်မြေများတွင် မြောက်ကိုရီးယားနိုင်ငံမှ အင်ဂျင်နီယာတပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားလာနိုင်ခြေရှိသည်ကို အနီးကပ်စောင့်ကြည့်နေသည်ဟု ပြောကြားထားကြောင်း သိရသည်။

ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ Patrick Ryder က မြောက်ကိုရီးယားသည် ယူကရိန်းအထူးစစ်ဆင်ရေးသို့ တပ်ဖွဲ့ဝင်များ စေလွှတ်မည်ဟုပြောကြားခဲ့ပြီး အဆိုပါပြောစကား၏ နောက်ကွယ်မှအကြောင်းအရာများသည် မေးခွန်းထုတ်ဖွယ်ဖြစ်ကြောင်း သုံးသပ်ထားသည်။

၂၀၂၂ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံသည် ရုရှား-ယူကရိန်းပဋိပက္ခအတွက် အမြောက်ကျည် ခဲယမ်းများစွာကို ရုရှားသို့ လျှို့ဝှက်ပေးပို့ခဲ့သည်ဟု အမေရိကန်က အခိုင်အမာစွပ်စွဲခဲ့သည်။

မြောက်ကိုရီးယားအနေဖြင့် ရုရှားတပ်ရင်း၊ တပ်ဖွဲ့များထံ အမြောက်ကျည် ၁ ဒသမ ၆ သန်းကျော် တင်ပို့ပေးခဲ့ပြီး ရုရှားနိုင်ငံ၏ အကြီးမားဆုံး စစ်ဘက်ကျောထောက်နောက်ခံတစ်နိုင်ငံဟု အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံများက စွပ်စွဲထားကြောင်း သိရသည်။

အဆိုပါစွပ်စွဲချက်များကို နှစ်နိုင်ငံခေါင်းဆောင်များက ပယ်ချခဲ့သော်လည်း ရုရှားနှင့် မြောက်ကိုရီးယား နိုင်ငံ့ခေါင်းဆောင်များသည် ပြီးခဲ့သည့်လတွင် မြောက်ကိုရီးယား၌ တွေ့ဆုံခဲ့ကြပြီး စစ်ရေးအရ ဆက်ဆံရေး တိုးတက်လာခဲ့သည်ဟု ထင်ကြေးပေးမှုများ မြင့်တက်လာခဲ့သည်။

၎င်းတို့၏ နှစ်ဖက်ထိပ်သီးအစည်းအဝေးတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့သည် မိမိတို့နိုင်ငံအား ရန်ပြုတိုက်ခိုက်ခံရပါက အပြန်အလှန်ကူညီရန် ကာကွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

“ဒါဟာ တကယ်ကို အောင်မြင်သွားတဲ့ မဟာဗျူဟာမြောက်ဆက်ဆံရေးတစ်ရပ်ပါ။ ကျွန်တော်တို့တွေရဲ့ နိုင်ငံအပေါ် ရန်စလာတဲ့အခါ အပြန်အလှန်အကူအညီပေးမယ်လို့ နှစ်ဦးစလုံးက အာမခံထားပါတယ်”ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့ကြောင်း သိရသည်။

**N. Korean Soldiers Depart for Russia Amid Ukraine War: Report ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံ Boeing က C-17 လေယာဉ်တွင် ဟိုက်ပါဆောနစ်ဒုံးကျည်များစွာ တပ်ဆင်ပစ်လွှတ်နိုင်မည့်နည်းပညာကို ထုတ်ဖော်ပြသခဲ့

**Boeing** သည် **C-17 Globemaster III** စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်တွင် အသံထက်မြန်သောဒုံးကျည်များစွာကို တပ်ဆင်ပစ်လွှတ်နိုင်စေမည့် စနစ်သစ်၊ နည်းပညာသစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း **The Defense Post** သတင်းဌာနက ဇူလိုင် ၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

**Revolver** ဟု အမည်ပေးထားသော အဆိုပါဆန်းသစ်တီထွင်မှုစနစ်တွင် **X-51A Waverider** ဟိုက်ပါဆောနစ် ခရုဇ်ဒုံးကျည် ၁၂ စင်းထိ တပ်ဆင်နိုင်ပြီး လျင်မြန်စွာပစ်လွှတ်နိုင်သည့် အဆင့်မြင့်လျှပ်စစ်သံလိုက်လှိုင်း ပစ်လွှတ်စင်တစ်ခုပါရှိမည်ဖြစ်သည်။ ၎င်းသည် လေထဲတွင် လေယာဉ်ပျံသန်းနေစဉ် ဒုံးကျည်များကို ကျည်ထိုးအစဉ်လိုက် လျင်မြန်တိကျစွာ တပ်ဖြန့်အသုံးပြုနိုင်စေရန် ဒုံးကျည်တပ်ဆင်သည့် ပစ်စက်အုံ **(Drums)** နှစ်ခု ထည့်သွင်းအသုံးပြုထားသည်။

ဇွန်လနှောင်းပိုင်းတွင် ဆိုရှယ်မီဒီယာပေါ်၌ မျှဝေခဲ့သည့် **Animation**တစ်ခုတွင် ကုမ္ပဏီသည် **Globemaster** လေယာဉ်နောက်ဘက်မှ ဒုံးပစ်လောင်ချာ လုပ်ဆောင်ပုံကိုအရိပ်အမြွက်ပြသခဲ့သည်။

စစ်ဆင်ရေးတာဝန်ထမ်းဆောင်နိုင်ရန် လုပ်ဆောင်ဖွယ်ရာများ အပြည့်အဝဆောင်ရွက်ပြီးဖြစ်ပါက **Revolver** ဒုံးပစ်လောင်ချာစနစ်သည် **C-17** သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ကြောက်မက်ဖွယ်ကောင်းသော အသံထက်မြန်သည့် ဟိုက်ပါဆောနစ်ဒုံးကျည်တင်လေယာဉ်အဖြစ် ပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်ကာ လေကြောင်းစွမ်းအားတွင် သိသာထင်ရှားသော တိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ကို ကိုယ်စားပြုနေသည်။

**Boeing** ထုတ် **X-51A Waverider** ခရုဇ်ဒုံးကျည်သည် အသံ၏အမြန်နှုန်းငါးဆပျံသန်းတိုက်ပွဲဝင်နိုင်သော စမ်းသပ်ဆဲ အသံထက်မြန်သည့်ဟိုက်ပါဆောနစ်ခရုဇ်ဒုံးကျည်ဖြစ်သည်။ တာဝေးပစ်မှတ်များကို တိကျစွာတိုက်ခိုက်နိုင်စွမ်းရှိစေရန် **Scramjet** အင်ဂျင်အသုံးပြုထားသည်။ ခန့်မှန်းခြေအားဖြင့် ပေါင် ၄၀၀၀ (၁၈၁၄ ကီလိုဂရမ်) အလေးချိန်ရှိသည့် အဆိုပါလက်နက်ကို မူလက **B-52 Stratofortress** ဗုံးကြဲလေယာဉ်တွင် သယ်ဆောင်တိုက်ပွဲဝင်နိုင်ရန် ဒီဇိုင်းထုတ်ထားသည်။



အမေရိကန်လေတပ်၏ လေကြောင်းစွမ်းအားတွင် ဒုတိယအကြီးမားဆုံး သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သော **Globemaster** က **Waverider** ခရုဇ်ဒုံးကျည်ကို သယ်ဆောင်တိုက်ပွဲဝင်နိုင်ခြင်းသည် အနာဂတ်တိုက်ပွဲများတွင် အမေရိကန်အတွက် သိသာထင်ရှားသော လေကြောင်းအားသာချက်တစ်ရပ်ကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်သည်။

**Boeing Unveils C-17 Aircraft Tech for Firing Multiple Hypersonic Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၁၁၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံကေ ၁၁၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာ၌ ပဲစင်းငုံကေ ၁၂၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၁၁၄၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲစင်းငုံသီးနှံကေ ၁၂၃၅၀ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိကေ ၁၁၄၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံသီးနှံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ပဲစင်းငုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းမွန်စေရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုံရွာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် ပဲစင်းငုံစိုက်ပျိုးတောင်သူများကို ရွက်ဖြန်းဓာတ်မြေဩဇာဝယ်ယူမှု လျော့ကျ နိုင်စေရန်အတွက် ယူရီးယားနှင့်လက်ချားဓာတ်မြေဩဇာပေါင်းစပ်သုံးစွဲသည့် နည်းပညာများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယူရီးယားနှင့် လက်ချားဓာတ်မြေဩဇာသုံးစွဲနည်းကြောင့် စိုက်ပျိုးစရိတ်သက်သာပြီး အပင်များ ပိုးမွှားကင်းစင်ကာ အပင်ဖြစ်ထွန်းမှု ကောင်းမွန်လာမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ထံမှ သိရသည်။ (၂၀၆)

# လှိုင်းဘွဲ့မြို့နယ် ရေပူကြီးကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်း

**လှိုင်းဘွဲ့ ဇူလိုင် ၁၃**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ရေပူကြီးကျေးရွာအုပ်စု၊ ရေပူကြီးကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းကကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။



ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်တာဝန်ရှိသူများ၊ ကျေးရွာသူ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ရေပူကြီးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများအသုံးပြုပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆက်လှ**

# သာယာဝတီမြို့နယ် စာဖြူစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**သာယာဝတီ ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများတိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်း အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက တောင်ဘိုရှည်ကျေးရွာအုပ်စု စာဖြူစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်မင်းထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စာဖြူစုကျေးရွာနှင့် ဂရံစုကျေးရွာတို့ရှိ အသင်းသား၊ အသင်းသူ ၁၁၄ ဦးကို စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အခြားလုပ်ငန်းများ လုပ်ကိုင်ရန်ငွေကြေး အရင်းအနှီးများရရှိစေရေး အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၉၀ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် နဝမအကြိမ် ထုတ်ချေးပေးခဲ့ကြောင်း သာယာဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၃-၇-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၄၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၉၆၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၇၇၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၈၉၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)



# စည်းကမ်းနှင့် ညီညွတ်မှု

ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင်၊ လွတ်လပ်ရေးရနိုင်လောက်တဲ့စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကိုရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလိုလုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ ယခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ကနေ့ ပြောခဲ့ချင်တယ်။

၁၉၄၇ခုနှစ်၊ ဇူလိုင်လ ၁၃ရက်တွင် မြို့တော်ခန်းမကြီး၌ ကျင်းပသော ပြည်သူ့အစည်းအဝေးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးပြောကြားခဲ့သည့်မိန့်ခွန်းမှကောက်နုတ်ချက်

# မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုအားပေး



**မအူပင် ဇူလိုင် ၁၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာရှိ တောင်သူဒေါ်နီနီမိုး၏ လယ်မြေငါးကန်၌ကျင်းပသည့်မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြခင်းစနစ်ပပျောက်ရေးအတွက် စနစ်တကျပျိုးထောင်ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ Top Dairy Fam နို့စားနွား မွေးမြူရေးခြံသို့ရောက်ရှိကာ နွားမွေးမြူရေးလုပ်ငန်းနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကိုလှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ထနီထောင့်ကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)ရေကင်းစခန်း အမှတ်(၁၆)သို့ရောက်ရှိပြီး တာတမံများအခြေအနေနှင့် ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေဘေးကာကွယ်ရေး တာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံပေးအပ်၍ မီးသတ်ဦးစီးဌာနက မိုးရာသီ ရေဘေးရှာဖွေကယ်ဆယ်ရေး သရုပ်ပြမှုနှင့် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှု အားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာရှိ တောင်သူဦးလှအောင်၏ လယ်မြေ ၁၆ ဧက၌ ဆင်းသုခစပါးမျိုးကို မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ တောင်သူများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါး စိုက်ပျိုးဆောင်ရွက်နေသော တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များ ပေးအပ်သည်။

ထို့နောက် ညောင်တုန်းမြို့ တဇင်ရေကျော်အုပ်စု အသင်းစုကျေးရွာရှိ အာရှသားငါးမွေးမြူရေးကန်သို့ရောက်ရှိရာ တာဝန်ရှိသူများက ငါးမွေးမြူရေးလုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဆားမလောက်ကျေးရွာရှိ ပညာရောင်ခြည် စာကြည့်တိုက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ကကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းသည့် စာအုပ်စာစောင် ပေးအပ်ပွဲသို့ တက်ရောက်ကာ ပညာရောင်ခြည် စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



**ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အခြေခံပညာကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။**



**ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ အခြေခံပညာကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။**

**နေပြည်တော် ဇူလိုင် ၁၃**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရှပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျိုင်းတောင်းမြို့ အခြေခံပညာအထက်တန်းကျောင်း(တုန်ဟုန်း)၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အပါအဝင် မြို့နယ် ခြောက်မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အပါအဝင် မြို့နယ်ငါးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အပါအဝင် မြို့နယ်သုံးမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အပါအဝင် မြို့နယ် ၁၀ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့အပါအဝင် မြို့နယ် ၁၄ မြို့နယ်တို့ရှိ အခြေခံပညာကျောင်းများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ တောင်ငူပညာရေးဒီဂရီကောလိပ်၌ လည်းကောင်း စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့၌ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက် နိုင်ငံခြားရေးဝန်ကြီးများ၏သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား အခြားသော ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဇူလိုင်၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ်အိမ်တော်၌ စုပေါင်းတွေ့ဆုံသည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ်ဆတ်ငီယမ်ဖုန်နှင့်လည်းကောင်း၊ ည ၆ နာရီ ၁၅ မိနစ်တွင် အိန္ဒိယပြည်ပရေးရာဝန်ကြီး ဒေါက်တာအက်စ်ဂျိုင်ရှန်ကာနှင့်လည်းကောင်း၊ ည ၆ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်နှင့်လည်းကောင်း နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု မူဘောင်များအောက်တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ကျေးဇူးတင်အသိအမှတ်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့် တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့ပြီး ပေါင်းစည်းဆက်နွယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက်တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတို့အကြားပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေးကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံရေး အပါအဝင် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သည်ကြီးများအသင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင်ဝန်ကြီးနှစ်ဦးသည် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွန့်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပသည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပမည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန် မော်စကိုမြို့သို့ရောက်ရှိစဉ် ဇူလိုင် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ လေဆိပ်ညှော်ခန်းမ၌ National University Of Science and Technology (MISiS) မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သံမဏိထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ လွှဲပြောင်းလက်ခံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲကျင်းပမည့် ယီကာကျီရင်ဘတ်မြို့သို့ရောက်ရှိရာ ဆဗဲလော့ဗ်ပြည်နယ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Lyudmila Borgက ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက်ကုန်စည်ပြပွဲ "အင်နိုပရွန်-၂၀၂၄" ပြပွဲပထမရက်သို့ တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဒေသအသီးသီးက ခင်းကျင်းပြသထားသည့် သံနှင့်သံမဏိ တူးဖော်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ သံနှင့်သံမဏိထွက်ကုန်များ၊ လေထုသန့်စင်ရေးပစ္စည်းများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါရှာဖွေရေး စမ်းသပ်ပစ္စည်းများအပြင် အာရပ်စော်ဘွားများပြည်ထောင်စု ဆေးဝါးကုမ္ပဏီများက လာရောက်ခင်းကျင်းပြသထားသည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာ ကိရိယာပစ္စည်းများကို လိုက်လံလေ့လာကြည့်ရှုကြသည်။ ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စု ဆေးဝါးကုမ္ပဏီများနှင့် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။




ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆဗဲလော့ဗ်ပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. Anton Alikhanov နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲနှင့်အတူ ကျင်းပသည့် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ကွန်ဖရင့်သို့တက်ရောက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဂျစ်စတန်သမ္မတနိုင်ငံ စီးပွားရေးနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဇက်စတန်သမ္မတနိုင်ငံ စက်မှုနှင့်ဆောက်လုပ်ရေးဝန်ကြီး၊ တာဂျစ်ကစ်စတန်သမ္မတနိုင်ငံ စက်မှုနှင့် နည်းပညာသစ်များဆိုင်ရာဝန်ကြီး၊ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ဘယ်လာရုစ်သမ္မတနိုင်ငံ စက်မှုဝန်ကြီးတို့နှင့်အတူမြန်မာနိုင်ငံနှင့် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင်နိုင်ငံများအကြား အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ထားရှိမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် "အင်နိုပရွန်-၂၀၂၄" ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် အဆိုပါပြပွဲ အဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး Mr. Anton Alikhanov ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆေးဝါးနှင့်ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား အပြီးသတ်တည်ဆောက်လည်ပတ်နိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးအတွက်လိုအပ်သည့် ကုန်ကြမ်းများကိုလည်း ရုရှားနိုင်ငံက တင်သွင်းလိုကြောင်း၊ စားသုံးဆီ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းများတွင်လည်း နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆဗဲလော့ဗ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံ၍ အဆင့်မြင့်ပညာရေးနယ်ပယ်၊ ဆေးဝါးထုတ်လုပ်ရေးနယ်ပယ်၊ တစ်ဦးချင်း အရည်အသွေးမြင့် သင်တန်းများ၊ စက်မှုနှင့် ကုန်ထုတ်လုပ်ရေးနယ်ပယ်နှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်၊ အထည်ချုပ်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆေးဝါးများပူးပေါင်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲကျင်းပသည့် ယီကာကျီရင်ဘတ်မြို့မှ ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်စကိုမြို့သို့ရောက်ရှိကြကာ လေဆိပ်ညှော်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် JSC "VO Tyazhpromexport" (TPE)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၁၂ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိရာ စက်မှုဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယကုန်သွယ်ရေး ကိုယ်စားလှယ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ကျင်းပသည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့်အတူလိုက်ပါခဲ့သည့် အဖွဲ့ဝင်နှစ်ဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့် ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများကို သတင်းထုတ်ပြန်

**၁၃-၇-၂၀၂၄ ည ၈ နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက် ည ၆ နာရီမှ ယနေ့ည ၆ နာရီထိ ၂၄ နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် ၇၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက် ၁၉ ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူလူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာသက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ယနေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ ၉၁ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် ယနေ့ည ၆ နာရီထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း ၄၅၅ ဦးကို ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။


**ကျန်းမာရေးဝန်ကြီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account ၊ Bank Account များကိုမသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသောရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့်ကူးစက်ဖြစ်ပွားစေပါသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
- **ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင်ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့်လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှ တစ်ဆင့် လည်းကောင်း၊ အစားအစာ သောက်သုံးရေများအတွင်းသို့ရောက်ရှိခြင်း(သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း(ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊အညစ်အကြေး မြေသြဇာအသုံးပြုခြင်း)တို့မှ တစ်ဆင့် စားသောက်မိသူများအားကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။
- **ရောဂါလက္ခဏာများမှာ** အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံ့သော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊နှလုံးခုန်နှုန်းမြန်ခြင်း၊ အရေပြား၏ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။
- **ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများမှာ–**
  - အစာမစားမီနှင့် အစားအစာမပြင်ဆင်မီအချိန် ၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်နှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် လက်ကိုဆပ်ပြာဖြင့်စင်ကြယ်စွာ စနစ်တကျ ဆေးကြောပါ။
  - တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
  - ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
  - ရေကို ကျိုချက်၍သောက်သုံးပါ။
  - အစားအစာများကို ကျက်အောင်ချက်ပြီးမှစားသုံးပါ။
  - အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။
  - ခြင်၊ ယင် တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။



**ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသည်ဟု သံသယရှိလျှင် အချိန်မီကုသမှုခံယူရန် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ပြည်သူ့ဆေးရုံများသို့သွားရောက်ပြသပါ။**

ဇူလိုင်၊ ၂၀၂၄

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊
၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊
၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်
(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**


စိုင်းနွံမိန်း(၂၅)နှစ်


စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်


စိုင်းကောင်(၂၆)နှစ်


ဘိုဘိုဟန်(၂၃)နှစ်


စိုင်းနွံလှိုင်း(၂၆)နှစ်

ဇူလိုင် ၁၂ ရက်တွင် နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်၊ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိသည့် တရားခံ ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။

☆ ကျောဖုံးမှအဆက်


KA (၄၀ မမ တွဲ) ငါးလက်၊ ၄၀ မမဆုံလည်(ခြောက်လုံးတွဲ) ငါးလက်၊ ၄၀ မမ တစ်လုံးထိုး ငါးလက်၊ ၇ ဒသမ ၆၂ ကျည် ၄၃၇၆၅ တောင့်၊ ၄၀ မမ ဗုံးသီးအလုံး ၄၅၀၊ KA ကျည်အိမ် ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ငါးဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၁၅ လက်၊ ကျည်မျိုးစုံ ၄၃၇၆၅ တောင့်၊ ဗုံးသီးမျိုးစုံ အလုံး ၄၅၀၊ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ စိုင်းနွံမိန်းမှာ RCSS/SSA အဖွဲ့ တပ်မဟာ(၇၅၉)မှ စုမှူးအဆင့်ရှိသူဖြစ်ပြီး ကျန်တရားခံ လေးဦးမှာ တပ်သားအဆင့်ရှိသူများဖြစ်ကြောင်း၊ ဖမ်းဆီးရမိလက်နက်၊ခဲယမ်းများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နားရိုင်းကျေးရွာလမ်းခွဲ၌ PNLA အဖွဲ့ဝင် သထိုထံမှ လက်ခံရယူ၍ PNLA အဖွဲ့နှင့် ချိတ်ဆက်ထားသည့် ကယားပြည်နယ်အတွင်းရှိ KNPP၊ KNDF အဖွဲ့များထံသို့ လည်းကောင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အစပ်၌ လှုပ်ရှားလျက်ရှိသည့် KNLA အဖွဲ့ထံသို့ လည်းကောင်း ပို့ဆောင်ပေးရန်အတွက် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင်ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများမှာ KIA လက်နက်ကိုင်အဖွဲ့က ထုတ်လုပ်သည့် လက်နက်၊ခဲယမ်းများဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး KIA လက်နက်ကိုင်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော PDF အမည်ခံ အကြမ်းဖက်အဖွဲ့များထံသို့လည်းကောင်း၊ အခြားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များထံသို့လည်းကောင်း လက်နက်၊ ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများကို ထောက်ပံ့ကူညီခြင်း၊ ရောင်းချပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင်သောင်းကျန်းသူများက အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် လမ်း၊ တံတား၊ အဆောက်အအုံများကို ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် အားပေးကူညီလျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများကို အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)





ဇူလိုင် ၁၂ ရက်တွင် နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ RCSS/SSA အဖွဲ့မှ စိုင်းနွံမိန်း အပါတရားခံ ငါးဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်၊ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။




နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်၊ ခဲယမ်းများတင်ဆောင်လာသည့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

## သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများစာရင်း

| | | |
|---|---|---|
| ၁။ | KA(၄၀ မမတွဲ) | ငါးလက်။ |
| ၂။ | ၄၀ မမ ဆုံလည်(ခြောက်လုံးတွဲ) | ငါးလက်။ |
| ၃။ | ၄၀ မမ တစ်လုံးထိုး | ငါးလက်။ |
| ၄။ | ၇ ဒသမ ၆၂ ကျည် | ၄၃၇၆၅ တောင့်။ |
| ၅။ | ၄၀ မမ ဗုံးသီး | ၄၅၀ လုံး။ |
| ၆။ | KA ကျည်အိမ် | ၁၅ ခု။ |
| ၇။ | လွယ်ကြိုး | ၁၅ ချောင်း။ |



သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# အမရပူရမြို့နယ် အိုးတော်ရပ်ကွက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးတော်ရပ်ကွက် မင်္ဂလာကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၆၈ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မော်လိုက်မြို့နယ် ညောင်ဝန်းဘုရားကုန်း ညောင်ပင်သာ ဘုန်းတော်ကြီးကျောင်း၊ အားကစားခန်းမဟောင်းတို့ရှိ ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။ ထို့နောက် မြစ်ရေကြီးမှုနှင့်အတူ ပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက ရေဘေးသင့်ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်စဉ်။


၂၁ ရှေ့ဖုံးမှအဆက်

မြန်မာ့မီးရထား တာဝန်ရှိဝန်ထမ်းများနှင့် လုပ်သားဦးရေ ၄၀ တို့သည် အချိန်နှင့်တစ်ပြေးညီရောက်ရှိခဲ့ပြီး ကျောက်ရထားနှင့်သံလမ်းပြေး RCG ယာဉ်များအသုံးပြု၍ ကျောက်ကြီး ၃၅ ကျင်း၊ ကျောက်မှုန့်အိတ် ၃၀၀ နှင့် သဲအိတ် ၁၀၀ တို့ကို ဖြစ်ပွားရာနေရာသို့ ပို့ဆောင်ပေးခြင်း၊ အဆိုပါကျောက်ကြီးများ၊ ကျောက်မှုန့်နှင့် သဲအိတ်များအသုံးပြု၍ ထူးပေါက်များဖာခြင်း၊ သစ်သားဇလီဖားနှင့်ကွန်ကရစ်ဇလီဖားတုံးများအသုံးပြု၍ ထူးပေါက်နေရာ၌ ဖားထပ်ခွေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ အဆန်လမ်းကို ယင်းနေ့ည ၁၀ နာရီ ၂ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ရန်ကုန်-မန္တလေးပို့ဆောင်ပြေးဆွဲပေးလျက်ရှိသော လူစီးရထားများ ကြန့်ကြာမှုမရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အစုန်လမ်းကိုလည်း ထပ်မံပြုပြင်ခဲ့ရာ ယနေ့ညနေ ၄ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**










**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ဆည်းကျုံကျုံရှင်းတမ်း

အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။ အရေးနှင့် အနက်သည်ခွဲမရ။ တစ်ထပ်တည်းကျသည်။ အရေးဆိုသည်မှာ စာလုံးပေါင်းသတ်ပုံဖြစ်၍ အနက်ဆိုသည်မှာ အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်။ စာလုံးပေါင်းသတ်ပုံမှန်မှ အဓိပ္ပာယ်သိမည်ဟုလည်း ဆိုနိုင်သည်။

အနက်မသိသဖြင့် အရေးမှားခဲ့သော၊ တစ်နည်း အဓိပ္ပာယ်မသိသဖြင့် စာလုံးပေါင်းမှားခဲ့သော မြန်မာဝေါဟာရတစ်လုံးအကြောင်းကို တင်ပြ၍ ရှင်းတမ်းထုတ်လိုပါသည်။ စာလုံးပေါင်းသတ်ပုံ အမှားမှာ ဆီးကျုံကျုံဖြစ်သည်။ "ဆည်းကျုံကျုံ"ဟုရေးမှ စာလုံးပေါင်းသတ်ပုံမှန်သည်။

"ဆည်းကျုံကျုံ-ဆီးကျုံကျုံ"ပြဿနာမှာ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ၏ "မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ"ချီပိုဒ်စုံရတုမှ စခဲ့သည်ဟု ဆိုရပါမည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည် အလောင်းမင်းတရား၏ သားတော် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့ အပို့ခံရသည်ဟု ဆိုသည်။ ထိုအခါ လက်ဝဲသုန္ဒရအမတ်ကြီးသည် ဆင်ဖြူရှင်မင်းတရားထံ အဆိုပါပိုဒ်စုံရတုကို ဖွဲ့ဆိုဆက်သွင်းခဲ့သဖြင့် အပြစ်မှလွတ်ငြိမ်းခွင့်ရခဲ့သည်။ မဲဇာတောင်ခြေရတုဟု အမည်တွင်ထင်ရှားသော ထိုပိုဒ်စုံရတု၏ သဲသာသောင်မြေချီ ဒုတိယပိုဒ်တွင် –

> "စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်၊ ခူဝံမပေါ်၊ မမြော်ပါရ၊ နေကိုတလည်း၊ ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊ တွေးထောက်မမှန်၊ ဖန်ဖန်အံ့ဩ၊ ကြံတိုင်းမောစ"

ဟု စပ်ဆိုထားပါသည်။

အဆိုပါရတုတွင် "တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံ"ဟူ၍လည်းကောင်း၊ "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ" ဟူ၍လည်းကောင်း စာလုံးပေါင်းမူကွဲနှစ်ခုကို တွေ့ရပါသည်။ ထိုမူကွဲနှစ်ခုတွင် "ဆည်းကျုံကျုံ"သည် အနက်မှန်၊ အရေးမှန်ဖြစ်၍ မူလအရေးဖြစ်သင့်သည်။ လက်ဝဲသုန္ဒရအမတ်ကြီးက ညကြီးသတ် "ဆည်းကျုံကျုံ"ဟု ရေးခဲ့ပေလိမ့်မည်။ အကြောင်းမူကား လုံးကြီးတင် "ဆီးကျုံကျုံ"ဟူသော အရေးကို "မဲဇာတောင်ခြေ"ရတု၏ ရှေ့ပျို့ကဗျာလင်္ကာများတွင်လည်း မတွေ့ရ။ "မဲဇာတောင်ခြေ" ရတု၏နောက် ပျို့ကဗျာလင်္ကာများတွင်လည်း မတွေ့ရသောကြောင့်ဖြစ်သည်။ လုံးကြီးတင် "ဆီးကျုံကျုံ" သည် အနက်ထင်ထင် အသုံးတွင်ရန် အကြောင်းယုတ္တိမရှိနိုင်သော ဝေါဟာရဖြစ်ပေသည်။ သို့ရာတွင် "မဲဇာတောင်ခြေ" ရတုတွင် အနက်မှန်၊ အရေးမှန်ဖြစ်သော ညကြီးသတ် "ဆည်းကျုံကျုံ" နေရာတွင် လုံးကြီးတင် "ဆီးကျုံကျုံ"က အင်နှင့်အားနှင့် လွှမ်းမိုးလာနေပါသည်။

ထင်ရှားသော သာဓကအနည်းငယ်ကို ထုတ်ပြပါမည်။ မြန်မာပညာရှိ မော်ဘီဆရာသိန်းကြီးသည် မြန်မာစာပေဗဟုသုတ လွန်စွာပြည့်ဝပြီး မြန်မာစာပေလောကတွင် ညာကြေတစ်လွှား ထင်ရှားကျော်ကြားသည့် ပညာရှိကြီးဖြစ်ပေသည်။ ဆရာကြီးသည် မြန်မာစာပေလေ့လာလိုက်စားသူများ အားကိုးအားထားပြုကြရသည့် ပေါရာဏဒီပနီကျမ်းကြီးကို ပြုစုခဲ့ပါသည်။ ပေါရာဏဒီပနီ ဒုတိယတွဲတွင် "မဲဇာတောင်ခြေ"ပိုဒ်စုံရတုကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ "သဲသာသောင်မြေ"ချီ ဒုတိယပိုဒ်တွင် "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ"ဟူ၍ ယူထားပါသည်။ လုံးကြီးတင် "ဆီး"နှင့် ဖြစ်ပါသည်။

ရွှေဘိုမြို့နေ နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အဝေးရောက်မင်းကြီးသည် မဲဇာတောင်ခြေဋီကာကို ပြုစုခဲ့ပါသည်။ ထိုဋီကာတွင်လည်း "ဆီးကျုံကျုံ"ဟုပင် လုံးကြီးတင်နှင့်ယူထားပါသည်။ "ဆီးကျုံကျုံ"ကို ဖျောက်ဖျောက်(ဖြောက်ဖြောက်) ကျလျက်ရှိသော ဆီးနှင်းဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။

မြန်မာနိုင်ငံ သုတေသနဂျာနယ်များတွင်လည်း မော်ဘီဆရာသိန်း၊ ဆရာကြီးဦးဖိုးဖြူ၊ ဆရာကြီးဦးဖေမောင်တင်၊ ဆရာကြီးလုစ်၊ ဆရာကြီး ဒေါက်တာဘဟန်၊ ဆရာကြီးဦးခင်ဇော် စသည့်စာပေပညာရှင်ကြီးများက လက်ဝဲသုန္ဒရအမတ်ကြီး၏ နာမည်ကျော် မဲဇာတောင်ခြေရတုကြီးကို စိတ်ဝင်တစားလေ့လာခဲ့ကြပါသည်။ အင်္ဂလိပ်ဘာသာသို့လည်း ပြန်ဆိုတင်ပြခဲ့ကြပါသည်။ ဖော်ပြပါဆရာကြီးအားလုံးသည်လည်း "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ"ဟုပင် ဖော်ပြခဲ့ကြပါသည်။ လုံးကြီးတင် "ဆီး"နှင့်ပင်ဖြစ်သည်။ လုံးကြီးတင် "ဆီးကျုံကျုံ"သည် ဤသို့ဤနယ် တွင်တွင်ကျယ်ကျယ် နေရာရခဲ့ပါသည်။ "ပွဲခါညောင်ရေ" ချီ တတိယပိုဒ်တွင်ပါသော "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်" ဟူသောစကား၏ ဩဇာသက်ရောက်လွှမ်းမိုးမှုကြောင့်လည်း လုံးကြီးတင် "ဆီးကျုံကျုံ" တွင်ကျယ်ခဲ့ခြင်းလည်းဖြစ်ပါလိမ့်မည်။

"တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ"ဟူ၍ ဆီးကျုံကျုံကို လုံးကြီးတင်ဆန်ခတ်ဖြင့် လက်ခံခဲ့ကြသော ပညာရှိဆရာကြီးများအနက် အထူးဖော်ထုတ်တင်ပြရမည့် ဆရာကြီးတစ်ဦးမှာ ဆရာကြီးဦးကျော်ထွန်းဖြစ်ပါသည်။ ဆရာကြီးသည် ကဝိမျက်မှန်သတ်ပုံကျမ်း၊ ကိုးခန်းပျို့ဋီကာကြီး၊ မြန်မာစာညွှန့်ပေါင်းကျမ်းလေးတွဲတို့ကိုပြုစုခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ မြန်မာစာပေနှင့်ပတ်သက်၍ အထူးအလေးထားလေးစားထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ထိုဆရာကြီးကလည်း "ဆီးကျုံကျုံ"ဟုပင် လုံးကြီးတင်ဆန်ခတ်ဖြင့် ပြခဲ့ပေသည်။ ထိုသို့ လုံးကြီးတင်ဆန်ခတ်ဖြင့်ပြခဲ့ရုံမျှမက လုံးကြီးတင်ဆန်ခတ် "ဆီးကျုံကျုံ"သာ အမှန်ဖြစ်သည်။ ညကြီးသတ် "ဆည်းကျုံကျုံ"သည် အမှားဖြစ်သည်ဟု ကိုးခန်းပျို့ဋီကာကြီးတွင် တစ်ကြိမ်၊ မြန်မာစာညွှန့်ပေါင်းကျမ်းတွင်တစ်ကြိမ် ဖော်ပြခဲ့ပါသည်။

ဆရာကြီးက ကိုးခန်းပျို့ဋီကာကြီးတွင်

(ဆည်းညံ့ညံ့)ကား (ပေါ) လူသံမရှိ တိတ်ဆိတ်ခြင်းအနက်ဟောသည်။ ဤစကားသည် တိတ်ဆိတ်ခြင်း အနက်ဟောသော (သုညံ)ဟူသောပါဠိစကားမှ ဖြစ်လာသည်။ (သုညံ)ကို (ဆုန်ညံ)ဟု မွန်လူမျိုး၊ သီဟိုဠ်၊ ဟိန္ဒီလူမျိုးတို့ ရွတ်ကြသည်။ ၎င်း(ဆုန်ညံ) ဟူသောစကားကို မြန်မာတို့က (ဆည်းညံ)ဟူ၍လည်းကောင်း၊ ဆိတ်ညံဟူ၍လည်းကောင်း ဖတ်ရွတ်ပြောဆိုကြသည်။ (ဆိတ်ညံ)ကို ဆိတ်ညံညံဟူ ၍လည်းကောင်း၊ ဆိတ်ဆိတ်ညံညံဟူ၍လည်းကောင်း လုံးထပ်ပြောဆိုသကဲ့သို့ (ဆည်းညံ)ကိုလည်း (ဆည်းညံညံ)ဟူ၍လည်းကောင်း၊ (ဆည်းဆည်းညံညံ)ဟူ၍ လည်းကောင်း၊ ပညာရှိတို့ ရေးသားပြောဆိုကြကုန်သည်။ (ဆည်းညံညံ)လျှင် လူသံတိတ်ဆိတ်၊ ထိတ်ထိတ်မောမော၊ ဤရပ်တော၌၊ ဖော်နှောမယှိ။ (ဘူရိဒတ်လင်္ကာ)။ (ဆည်းဆည်းညံညံ) လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်ပွေပွေ၊ လေတဟုန်းဟုန်း၊ တမှုန်းမှုန်းနှင့်၊ (ဟံသာဝတီရောက်မင်းဆို၊ အဝမြို့ဘွဲ့တမ်းခြင်း)။ ။

တောကြီးဆိတ်ညံ၊ (ဆီးကျုံကျုံ)ဝယ်၊ ခူဝံမပေါ်၊ မမြော်ပါရဟူသော မဲဇာတောင်ခြေချီ မင်းလက်ဝဲသုန္ဒရဆိုသော ရတု၌ပါသော (ဆီးကျုံကျုံ) ဟူသော စကားနှင့်ယောင်မှားပြီးလျှင် ကိုးခန်းပျို့မှာဤနေရာ၌ "ဆည်းကျုံကျုံလျှင်"ဟူ၍ မှားယွင်းစွာရေးသား ဖတ်ရွတ်တတ်ကြသည်။ (ဆီးကျုံကျုံ)ဟူသည်ကား ဆီးနှင်းတဖြောက်ဖြောက်မြည်၍ကျသည် ဆိုလိုသည်။ ထို့ကြောင့် ထိုရတု၌ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော် ဟူ၍ စပ်ဆိုသည်။ (ကျုံကျုံ)လည်း (ပေါ)မြည်သံဆိုလိုသည်။ ....ဤသို့ "မမှားကြစေလင့်"ဟူ၍ ရှင်းပြထားပါသည်။

ထို့ပြင်လည်း ဆရာကြီးက မြန်မာစာညွှန့်ပေါင်းကျမ်းတွင် မဲဇာတောင်ခြေချီရတုကို ဖော်ပြထားပြီး ဝေါဟာရအချို့ကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ "ဆီးကျုံကျုံ"ဟူသော ဝေါဟာရ၏အဓိပ္ပာယ်နှင့်ပတ်သက်၍ အောက်ခြေမှတ်ချက်တွင်–

"အချို့မူတို့၌ (ဆည်းကျုံကျုံဝယ်)ဟူ၍ (ဆ)တွင် ညသတ်နှင့် ယှိသည်ကား အမှားဖြစ်သည်။ (ဆီးကျုံကျုံ) ဟူ၍ (ဆ)တွင် ဤသရဝိသဇ္ဇနီနှင့် ယှိရမည်။ ဆီးနှင်းတဖြောက်ဖြောက်မြည်၍ ကျနေသည်ဟူ၍ ဆိုလိုသည်။ (ကျုံကျုံ)ဟူသော ပေါရာဏစကားသည် မြည်သံအနက်ကိုဟောသည်။ ဤသို့ အဓိပ္ပာယ်ယူခြင်းသည် 'သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်' ဟူသော တတိယပိုဒ်ပါစကားနှင့်လျော်သည်။ ဤ(ဆီးကျုံကျုံဝယ်)ဟူသောပုဒ်ဖြင့် ဆီးနှင်းတဖြောက်ဖြောက်နှင့် ပိတ်မှောင်အောင်ကျနေ၍ ခူဝံကြယ်နှင့်နေတို့ကို မမြင်ရကြောင်းကို ဖော်ပြသည်။ တိတ်ဆိတ်ခြင်းအနက်ကို မဖော်ပြဟုမှတ်ရမည်"ဟူ၍ ရှင်းပြထားပါသေးသည်။

ဤသို့လျှင် မြန်မာစာပေလောကတွင် ထင်ရှားသောပုဂ္ဂိုလ်ကြီးက ဆည်းကျုံကျုံကို အမှား၊ ဆီးကျုံကျုံမှအမှန်ဟု ဆိုထားသဖြင့်လည်းကောင်း၊ ယခင်ဖော်ပြခဲ့သော မြန်မာစာပေပညာရှင်ကြီးများကလည်း ဆီးကျုံကျုံ (ဆလိမ်လုံးကြီးတင်ဆန်ခတ်ဝစ္စပေါက်)ကို လက်ခံကြသဖြင့် လည်းကောင်း၊ လုံးကြီးတင်ဝစ္စပေါက်နှင့် ဆီးကျုံကျုံသည် အင်နှင့်အားနှင့် တွင်ကျယ်လာရခြင်းဖြစ်သည်ဟု ယူဆရန်ရှိပါသည်။

ဤတွင် ဆလိမ်လုံးကြီးတင်ဆန်ခတ်ဝိသဇ္ဇနီ "ဆီးကျုံကျုံ"နှင့်ပတ်သက်၍ ဆရာကြီးဦးကျော်ထွန်း၏ အယူအဆ၊ အစွဲအလမ်းကို ရှင်းပြလိုပါသည်။ စင်စစ်အားဖြင့် ဆရာကြီးသည် ဆလိမ်ညကြီးသတ်ဝိသဇ္ဇနီ "ဆည်းကျုံကျုံ"၏ အဓိပ္ပာယ်ကိုလည်းကောင်း၊ "ဆည်းညံညံ"၏ အဓိပ္ပာယ်ကိုလည်းကောင်း အသေအချာ သိထားသူဖြစ်ကြောင်း ဆရာကြီး၏ရှင်းလင်းချက်များအရ သိရပါသည်။ ဆည်းညံညံနှင့် ဆည်းကျုံကျုံသည် အဓိပ္ပာယ်အတူတူဖြစ်သည်။ လူသံ၊ အသံမရှိ တိတ်တိတ်ဆိတ်ဆိတ်ဟု အဓိပ္ပာယ်ရသည်။ "တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်" ဟူသော စကား၏အဓိပ္ပာယ်မှာ ဆိတ်ညံသော၊ ဆည်းကျုံကျုံဖြစ်သော တောကြီးဝယ်ဟူ၍ဖြစ်သည်။ "ဆိတ်ညံ"၏ အဓိပ္ပာယ်သည်လည်း တိတ်ဆိတ်၊ "ဆည်းကျုံကျုံ"၏ အဓိပ္ပာယ်သည်လည်း တိတ်ဆိတ်ဟူ၍ဖြစ်သည်။ "ဆီးကျုံကျုံ"ဟူသော အသုံးမျိုး သုံးရိုးအစဉ်အလာမရှိခဲ့ပါ။ အကယ်၍ ဆီးကျုံကျုံကို ဆီးနှင်းတဖြောက်ဖြောက်ကျသည်ဟု အဓိပ္ပာယ်ယူလျှင်လည်း "ဆိတ်ညံ"နှင့် "ဆီးကျုံကျုံ"အနက်နှစ်ခု ဝိရောဓိဖြစ်နေပေလိမ့်မည်။ "ဆိတ်ညံ"က အသံတိတ်ဆိတ်၊ "ဆီးကျုံကျုံ"က အသံမြည်၊ အသံဖြောက်ဖြောက်ကျဆိုသဖြင့် အဓိပ္ပာယ်ဝိရောဓိဖြစ်သည်။

ဆရာကြီးဦးကျော်ထွန်းက လုံးကြီးတင် ဆီးကျုံကျုံကို တပ်တပ်မက်မက်၊ စွဲစွဲလမ်းလမ်းဖြစ်နေသည်မှာ ယင်းရတု တတိယပိုဒ်တွင်ပါသော "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်"ဟူသော အဆိုကို အားကိုးထောက်ထားမိသောကြောင့်ဖြစ်သည်။ အခြေအနေမတူ၊ အဖြစ်သနစ်မတူ၊ အကြောင်းခြင်းရာမတူပေ။ ဤပိုဒ်စုံရတုသည် ရတုတစ်ပိုဒ်နှင့်တစ်ပိုဒ် ဆက်စပ်သည်ဟုယူဆရန် အချက်လည်းမရှိဟု ဆိုရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရွှေဘိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၂၃၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံ ၂၃၅၂ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၃၈၅၇ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ်မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၅၂ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရွှေဘိုမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံ ကေ ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP စနစ်နဲ့စိုက်ပျိုးနိုင်အောင် တောင်သူတွေကိုနည်းပညာပေးတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင် ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေရရှိကြောင်း၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းစင်ရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# ရင်ခွင်တည်သော

အောင်မာန်ဝင့်အောင် (တောင်ကြီး)



(၁)

"ဟာ အမေတို့က အမြဲတမ်းတားနေတာပဲ။ ကျွန်တော် အသက်နှစ်ဆယ်ကျော်နေပါပြီဗျာ"

"ဟဲ့ ဘယ်လိုပြောလိုက်တာလဲ အမေ့ကို"

"ဟုတ်ပါ့အေ ငါနော်"

"တော်ပါ အစ်မကြီးနဲ့ အစ်မလတ်ရယ်"

"နင် အမြဲ ဒီလို အရှေ့ကကာနေ မီးငယ်။ တစ်နေ့ ဒုက္ခတွေ့မယ်နော်"

"အမှန်ပဲ အစ်မကြီးရေ"

"သားရယ် ညကြီးအချိန်မတော်မို့ပါ။ နေ့လယ် နေ့ခင်းသွားတာ အမေ မပြောပါဘူးကွယ်"

"အိုဗျာ ကျွန်တော်က မိန်းကလေးမှမဟုတ်တာ။ ဒီလောက် စိုးရိမ်စရာမလိုပါဘူး"

"တယ် ဒီကောင်လေး စကားပြောတာက"

"နင့်အမေက စိုးရိမ်လို့ပြောနေတာလေ"

"တော်ဗျာ ဘယ်သူမှလာမတားနဲ့ ကျွန်တော် သွားချင်ရာ သွားမယ်။ မပေးဘူးလား ပိုက်ဆံ။ ရတယ် ဒီလက်စွပ် ရောင်းလိုက်ရုံပဲ"

"ဟဲ့ ငနိုင်"

"တယ် ဒီကောင်လေး"

နောက်ကခေါ်သံကို ဂရုမစိုက်ဘဲ ခြေလှမ်းကျဲကြီး ဖြင့်ထွက်သွားသော သားဖြစ်သူကို ကြည့်၍ ဒေါ်မီးငယ်မျက်နှာငယ်လေးနှင့်ကျန်ခဲ့တော့သည်။ ဘေးက အစ်မနှစ်ယောက် မျက်နှာကိုလည်း မကြည့်ဝံ့တော့ပေ။ အပ်ထည်တွေက အများကြီး စက်ခုံပေါ်ထိုင်ကာ ခြေနင်းကိုနင်း၍ အထည်တွေသာ ချုပ်နေမိသည်။ လက်ချုပ်လိုက်ပေးနေသော အစ်မကြီးနှင့် ဒီဇိုင်းပုံစံဆွဲသော အစ်မလတ်က မီးငယ်ကို ကြည့်၍ သက်ပြင်းကိုယ်စီချနေကြတော့၏။

"ဟင်း"

"ဒီပုံစံအတိုင်း ရှေ့ဆက်သွားမယ်ဆို မလွယ်ဘူး မီးငယ်"

'ဟုတ်တယ် တို့အသက်အရွယ်တွေ ငယ်တော့တာ မဟုတ်ဘူး။ အခုအစ်မကြီး အသက် ၆၀ ရှိပြီ။ အစ်မလတ်က ၅၆။ နင်က ငါးဆယ် ဘယ်လောက်ထိ အလုပ်တွေလုပ်နိုင်မှာလဲ။ နင် အလိုလိုက်နေတာ ငါတော့ မျက်စိထဲ မတွေ့တော့ဘူးမီးငယ်။ ငါတို့မရှိရင်ခက်မယ်"

"ငါတို့ပြောရင်နင်က ရှေ့ကအမြဲ ကာပေးနေတော့ နင့်သား ပိုဆိုးလာတာပေါ့။ ပြောတဲ့ ငါတို့ပါးစပ်ပဲ အလကားဖြစ်တယ်ဟယ်"

အစ်မနှစ်ယောက်ပြောစကားတွေကို နားထောင်ရင်းအထည်တွေသာချုပ်နေမိသည်။ ဘာစကားမှ ပြန်မပြောနိုင်တော့ဘဲ အလုပ်ထဲမှာသာ အာရုံနှစ်လိုက်သည်။ ကိုယ်တိုင်က သားအပေါ် အချစ်ပိုနေသူမို့ လူငယ်သဘာဝဆိုးတာလို့ လက်ခံထားသည်။ သူ့အဒေါ်တွေကတော့ စည်းကမ်းကြီးသူတွေမို့ သားပုံစံ ဂျစ်ကန်ကန်စတိုင်က သူတို့အတွက် အပြစ်ပြောစရာ ဖြစ်နေတော့သည်။ တစ်ထည်ပြီးတစ်ထည် ချုပ်နေရင်း စိတ်အစဉ်က အတိတ်ကို ရောက်သွားတော့သည်။

(၂)

အစ်မကြီး၊ အစ်မလတ်၊ မီးငယ်တို့ ညီအစ်မသုံးယောက်ကို ဒီရပ်ကွက်ထဲ မသိသူမရှိပေ။ ရိုးအေးလွန်းပြီး သမီးအလိမ္မာလေးတွေအဖြစ် ဂုဏ်သတင်းမွှေးကြသူများပင်။ မိဘတွေက သာမန်ဈေးသည်တွေဖြစ်သည်။ အချုပ်အလုပ်ဝါသနာပါသူတွေမို့ အစ်မကြီးက ရှစ်တန်းနှင့် ကျောင်းထွက်ကာ စက်ချုပ်ပညာသင်ယူခဲ့သည်။ သုံးလေးနှစ်ကြာတော့ စက်အဟောင်းလေးဝယ်ကာ အိမ်မှာ စက်ချုပ်ဆိုင်လေးဖွင့်ခဲ့သည်။ အစ်လတ်မက ပညာရေးမှာ မထူးချွန်လေတော့ ဆယ်တန်းနှစ်နှစ်ကျသည်။ ကျောင်းထွက်လိုက်ကာ အစ်မကြီးဆီမှာ စက်ချုပ်ပညာသင်ယူပြီး ညီအစ်မနှစ်ယောက် အိုးမကွာ၊ အိမ်မကွာ ဝမ်းရေးဖြေရှင်းနိုင်ခဲ့သည်။ အငယ်ဆုံးညီမ မီးငယ်လေးက ပညာထူးချွန်သူမို့ ကျောင်းပြီးဆုံးအောင်ထားမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ အသက်အရွယ်ကြီးလာပြီ ဖြစ်သည့် မိဘနှစ်ပါးကို ဘာမှမလုပ်ခိုင်းတော့ဘဲ အိမ်မှာပဲ နားနား နေနေနေခိုင်းတော့သည်။ ညီအစ်မနှစ်ယောက် စက်ချုပ်လုပ်ငန်းလေးဖြင့် မိသားစု စားဝတ်နေရေးကို ဖြေရှင်းနိုင်ခဲ့သည်။ စကားပြောချိုသာခြင်း၊ လက်ရာလှပခြင်း၊ ရက်ချိန်းမှန်ခြင်းတို့ကြောင့် အပ်ထည်တွေက နေ့စဉ်မပြတ်ခဲ့ပေ။ ရိုးသားကြိုးစားသူများမို့ စီးပွားရေးပို၍ အဆင်ပြေလာခဲ့သည်။ မီးငယ် နောက်ဆုံးနှစ်ဖြေပြီးတော့ အိမ်ကို နှစ်ထပ်တိုက်ကလေးဆောက်နိုင်ခဲ့သည်။ မီးငယ်ကိုယ်တိုင် ဒီဇိုင်နာအလုပ်ပဲ ဝါသနာပါသူမို့ ဘွဲ့ရပေမဲ့ အခြားအလုပ် မလုပ်ခဲ့ပေ။ ဒီဇိုင်းသင်တန်းထပ်တက်ကာ အိမ်၏ စီးပွားရေးလုပ်ငန်းဖြစ်သည့် သည်လုပ်ငန်းကိုသာ ပိုအောင်မြင်အောင် အားစိုက်ခဲ့သည်။ ညီအစ်မသုံးယောက်စုပေါင်းအားဖြင့် နာမည်ပို၍ ရခဲ့သည်။ သင်တန်းသူ အသစ်များပါ မွေးထုတ်နိုင်ခဲ့သည်။ရာသီတွေပြောင်း အသက်အရွယ်တွေကြီးလာပေမဲ့ အိမ်ထောင်မပြုကြလေတော့ အားလုံးအပျိုကြီး စာရင်းဝင်လာကြပြီ။ မိဘတွေက တိုက်တွန်းတာတောင် အိမ်ထောင်ရေးစိတ်မဝင်စား၍ အတင်းငြင်းပယ်ခဲ့ကြသည်။ မီးငယ်ကိုယ်တိုင်လည်း အစ်မတွေခြေရာလိုက်ကာ အလုပ်ထဲပဲ စိတ်နှစ်ခဲ့သည်။ ကျောင်းတက်နေတုန်းကလည်း တစ်ဦးတစ်ယောက်ကိုမှ မေတ္တာသက်ဝင်မဖြစ်ခဲ့ပေ။ လာရောက်ချစ်ရေးဆိုသူများကို ရှောင်နိုင်ခဲ့သည်။

(၃)

"ငါတော့ စိတ်ထဲ တစ်မျိုးပဲ မီးငယ်ရယ်"

"သေချာစဉ်းစားအုံးနော်"

"မီးငယ်မှ မကယ်ရင် ဒီကလေးက ဒုက္ခများမှာ အစ်မကြီးတို့ရယ်။ စန္ဒာက တစ်ကောင်ကြွက်ပါ။ လင်မယားနှစ်ယောက်လုံး ဆုံးသွားကြတော့ လသားအရွယ်ကလေးက သနားစရာပါ။ မီးငယ် မွေးစားပါရစေ"

ကျောင်းနေဖက်သူငယ်ချင်း စန္ဒာ ကျောင်းပြီးလို့ အိမ်ထောင်ကျသွားတာပဲသိသည်။ ယခုတော့ ကလေးငယ်လေး ရင်ဝယ်ပိုက်လို့ ဒုက္ခမျိုးစုံနှင့် သူ့ထံရောက်လာခဲ့သည်။ စန္ဒာ၏ခင်ပွန်းဆုံးပါးသွားလို့ အားကိုးရာမဲ့ပြီး သူ့ထံရောက်လာခဲ့သည်။ ကျန်းမာရေးမကောင်းသည့် စန္ဒာတစ်ယောက် သူထံရောက်ပြီး နှစ်လကြာတော့ ဆုံးသွားခဲ့သည်။ သူတို့ သွေးသားလေးက ငါးလသာ ရှိသေးသည်။ လသားအရွယ်လေးနှင့် မိဘမဲ့နေပြီမို့ မီးငယ်အသနားပိုခဲ့ရသည်။ သားငယ်လေးကိုအမွေစားအမွေခံမွေးစားဖို့ဆုံးဖြတ်ခဲ့သည်"

"အေးပါ မီးငယ်စိတ်ဆန္ဒပြင်းပြနေမှတော့ ဘာတတ်နိုင်မလဲလေ။ လက်ခံရတော့မှာပေါ့။ ကလေးက သနားစရာပါ"

"အင်း တို့နဲ့ ရေစက်ပါလာလို့ ရောက်လာတာလေ။ ငါတို့လဲ သံယောဇဉ်ဖြစ်နေပါပြီလေ"

မိဘတွေကော၊ အစ်မတွေကော လက်ခံလိုက်ပြီမို့ မီးငယ် ပျော်ခဲ့ရသည်။ ခြောက်ကပ်နေသည့် အိမ်ကလေးမှာ ကလေးငိုသံ၊ ချော့မြူသံတို့ဖြင့် သာယာစိုပြည်လာခဲ့သည်။ အဘိုး၊ အဘွားကလဲ ချစ်လိုက်တာ လက်ကမချကြတော့ပေ။ သားလေးနိုင်ရတု ကံကောင်းစွာ အသက်ရှင်သန်ခွင့်ရခဲ့သည်။

"ဟဲ့ ကလေး ငိုနေတာ မချော့ကြဘူးလား။ ငါ့မြေးလေးက သနားစရာပါကွယ်"

"နို့ဘူးပေးစမ်း။ ငါ့မြေးငါထိန်းမယ်"

အဘိုး၊ အဘွားတွေက ပိုလို့ အချစ်ပိုခဲ့ကြသည်။ လက်က မချတော့ပေ။ ယခုတော့ သားလေးနိုင်ရတုပင် ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားဖြစ်နေပြီ။ အဘိုး၊ အဘွားတွေလည်း အရင်နှစ်က ရှေ့ဆင့်၊ နောက်ဆင့် ဆုံးပါးသွားခဲ့ပြီဖြစ်သည်။ အပေါင်းအသင်းစုံလာတော့ အပျော်အပါးက များလာခဲ့ပြီဖြစ်သည်။ အသုံးအစွဲများလာ၍ အဒေါ်အပျိုကြီးတွေက ဆုံးမစကားများကြမ်းလာခဲ့ပြီ။ မီးငယ်သာ သားလေး စိတ်မကောင်းဖြစ်မှာကြောက်၍ ရှေ့မှ ကာဆီးပေးခဲ့သည်။ မသိအောင် အလိုလိုက်ခဲ့သည်။ သားလေး စိတ်ချမ်းသာစေချင်တာ သူ့အတွက် ပထမဖြစ်ခဲ့သည်။

(၄)

"နိုင်ရတု မင်းကတော့ အေးဆေးပဲကွာ။ ပိုက်ဆံလိုရင် ရှိတာ ဖြုတ်ရောင်းလို့ရတယ်။ ငါတို့သာ အိမ်မှာ တစ်ထောင်တောင် တောင်းမရဘူးကွာ"

"အေးဆေးပါကွာ။ ငါ့အမေက ငါစကားအတည်ပါ။ ငါဘာလုပ်လုပ် အပြစ်ကိုမပြောတာကွ"

"ကောင်းတယ်ကွာ ငါ့အိမ်နဲ့ တခြားဆီပဲ"

"ကဲ ပြောမနေနဲ့ ငဖြိုးကို သွားခေါ်ရအောင်။ ဒီကောင်နောက်ကျနေတယ်။ အစောသွားမယ် ပြောထားတာကို"

"အေးကွာ ဒီကောင် ဘာလို့နောက်ကျတာပါလိမ့်။ ဖုန်းလဲ မကိုင်ဘူး။ သူ့အိမ်သွားခေါ်မယ်ကွာ"

"အေး"

နိုင်ရတုတို့ သူငယ်ချင်းနှစ်ယောက် ဖြိုးနိုင်အိမ်ချီတက်လာကြသည်။ ဒီည တစ်ညလုံး ကလပ်မှာ အချိန်ဖြုန်းမည်။ ငွေအတွက်က သူလက်စွပ်ရောင်းပြီးပြီ။ ပူစရာမလိုပေ။ တက္ကသိုလ်တက်မှ သူအပျော်အပါးမက်လာသည်။ အပေါင်းအသင်းများ၍ လမ်းများခဲ့သည်။ ဆယ်တန်းထိ အမေ၊ အဒေါ်တွေ၏ ဆုံးမမှုအောက်မှာ နေခဲ့သည်။ ယခုတော့ သူ့အတွက် ပျော်စရာတွေက တန်းစီနေပြီဖြစ်သည်။

ဖြိုးနိုင်တို့က တိုက်ခန်းကိုသူတို့အမြန်တက်ခဲ့သည်။ သုံးလွှာမှာမို့ တော်သေးသည်။ အခန်းရှေ့ရောက်တော့ တံခါးက ဟထားသည်။ အထဲက ပြောစကားတွေကို သူတို့ အတိုင်းသားကြားနေရတော့သည်။

"အမေက ပြောနေတယ်ဆိုတာ သားအတွက်။ လိုတာထက် ပိုသွားရင် ထိန်းဖို့ ခက်တယ်သားရယ်"

"ဟာ အမေကလဲ ခုက သားတို့ပိုက်ဆံမကုန်ပါဘူး။ ငနိုင် ဒကာခံမှာလေ"

"တော်စမ်းသား။ သူများဒကာခံတိုင်း ကိုယ်က လိုက်စရာလား။ နောက်ပြီး နိုင်ရတုကို အမေ ဘဝင်မကျတော့ဘူး။ သူ့မွေးစားမိဘတွေကို အားနာသင့်တယ်"

"ဟာ အမေကလဲဗျာ"

"ဟဲ့ သူလဲ သိနေတာပဲ။ မွေးစားသားဆိုတာ မွေးစားသားလို သိတတ်ဖို့လိုတယ်။ အခုတော့ သူ့ကို ကျွေးမွေးပြုစုပေးနေတဲ့ အပျိုကြီးသုံးယောက်ကို မသနားဘူး။ သုံးဖြုန်းနေတာများ။ စိတ်ပျက်စရာကြီး။ ဟိုက ချစ်လို့ အလိုလိုက်တာ။ သူက သိတတ်ရမှာလေ။ ဒီထက်ဆိုးလာရင် အမေက နိုင်ရတုနဲ့သားကို ပေးမပေါင်းနိုင်ဘူး။ စရိုက်အပျက်မခံနိုင်ဘူး"

"အမေရာ ဖိုးနိုင်က လူဆိုးမဟုတ်ပါဘူး"

စာမျက်နှာ ၂၅ သို့ ➤

# ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ ဇူလိုင် ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၅၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၀၅၅ ဧက ကို ဇူလိုင်လ တတိယပတ်တွင်စတင် စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာ ပေးလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက် ပေးနေကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံတွေ လျာထား စိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ပျိုးထားတဲ့ သီးနှံတွေ ပိုးမွှား အန္တရာယ်ကင်းရှင်းစေဖို့နဲ့ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်ခင် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ အခုနှစ် စားဖိုဆောင်သီးနှံကို အစုံစိုက်ပျိုးသွားမှာဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ဦးစီးမှူးဦးကျော်မိုးဝင်းက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ယခုနှစ် စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်နီ၊ နံနံပင်၊ မုန်လာ၊ မုန်ညင်း၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်စသည့် သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့် သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့်အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် တွေ့ဆုံပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

"သိတယ် အခုက ဆိုးဖို့ လမ်းမြင်နေပြီ။ ပညာတတ်ပဲ သိတတ်ရမှာလေ။ မကြာခင် ဘွဲ့ရတော့မှာလေ။ အခုက သုံးဖြုန်းပျော်ပါးနေတာက အံ့သြစရာကြီး။ ပိုက်ဆံရှိတဲ့ သားသမီးတွေ မဟုတ်ဘူး။ ဆင်ခြင်ရမှာ။ အခုလို သူ့ကို လူတန်းစေ့ထားနိုင်တယ်ဆိုတာသူတို့ ညီအစ်မသုံးယောက် မစားရက်မသောက်ရက် စုဆောင်းထားတာလေးတွေ။ အခုတော့ အလကား ဖြုန်းတီးနေတာ။ အမေကတော့ ကြည့်မရတော့ဘူး"

"အမေရာ"

"မင်းလဲတူတူပဲ သူငယ်ချင်းကောင်းမပီသဘူး။ကိုယ်က လမ်းမှန်ပို့ပေးရမှာလေ။ ကိုယ့်အပေါင်းအသင်း လမ်းမှားနေရင် ကိုယ်က ရောပြီး လိုက်စရာလား။ အမေတို့က သာမန်ဝန်ထမ်းတွေ။ ငွေပေးမသုံးနိုင်ဘူး။ သားသမီးကို စည်းကမ်းနဲ့ထားတာ။ မင်းအချိုးပြင် မပြင်ရင်တော့ နောက်နှစ် အဝေးသင်တက်ပြီး အလုပ်ဝင်ပေတော့"

"အင်းပါ အမေရယ် သားမလိုက်တော့ဘူးနော်"

"ဝမ်းသာတယ်သားရယ်။ အမေ့ဝမ်းက လွယ်ထားတဲ့သားမို့ အမေ ပြောဆိုဆုံးမရတာပါ။ နိုင်ရတုရဲ့ မိဘတွေအတွက် စိတ်မကောင်းဖြစ်မိတယ်။ မိဘအရင်းမဟုတ်တော့ အိမ်ကထွက်သွားမှာ။ သူတို့ကို မုန်းသွားမှာ ကြောက်လို့နေမှာပေါ့ကွယ်။ အစ်မကြီးတို့ သုံးယောက်ကို သနားလိုက်တာ"

အခန်းတံခါးဝမှာရပ်နေရင်း နိုင်ရတုတစ်ယောက် မျက်ရည်တွေ အပြည့်ဖြင့် ငိုနေတော့သည်။ မိုးဝေကတော့ နိုင်ရတုမျက်နှာကို မကြည့်ရဲတော့ပေ။ အားနာ၍ ထင်သည်။ နိုင်ရတုလက်ထဲမှာ ကိုင်ထားသည့် ပိုက်ဆံတွေကို ကြည့်ပြီး ပြုံးလိုက်သည်။

"ငနိုင် ငါ ငါ"

သူ ဘာမှပြန်မပြောဘဲ ပြေးဆင်းလာခဲ့သည်။

(၅)

သူဝင်လာတာကို ဘယ်သူမှမမြင်ကြပေ။ အလုပ်ထဲ အာရုံများ နေကြပုံပေါက်သည်။

"အင်း မီးငယ် နားအုံး။ ညည်းသား သုံးဖြုန်းလို့ ကောင်းအောင် အလုပ်ကြိုးစားနေတာလား"

"အစ်မကြီးကလဲ မဟုတ်တာ ပြောပြန်ပြီ"

"တော်ပါအေ။ ညည်းချစ်တာက ငါတို့လဲ ပင်ပန်းပါတယ်။ ညည်းသား ရောင်းမဲ့ လက်စွပ်အစား နောက်တစ်ကွင်းဝယ်ဖို့ စဉ်းစားနေတာမို့လား"

"အင်း ကျောင်းတက်ရင် မျက်နှာငယ်မှာစိုးလို့ပါ။ သားလေးက မဆိုးပါဘူး။ လူငယ်သဘာဝ ဒီလောက်တော့ရှိမှာပေါ့ အစ်မကြီးရယ်။ ဆယ်တန်းတောင် နှစ်ချင်းပေါက်အောင် ကြိုးစားတာပါနော်။ ကျွန်မတို့ရှာတာ သူ့အတွက်ပါ"

"အေးပါအေ ရင်မှာမလွယ်ရပေမဲ့ သူ့အတွက်က ငါတို့ပေးဆပ်ပြီးသားပါ။ ထိန်းမရသိမ်းမရဖြစ်မှာပဲ စိုးရိမ်တာပါ။ အခုက နာမည်တော်တော်ထွက်နေလို့ပေါ့"

"မေကြီးရယ်၊ ကြီးမေ၊ ကြီးလတ်"

သူစိတ်ထဲ အော်ခေါ်နေရင်း နိုင်ရတု မျက်ရည်တွေကျနေတော့သည်။ သူမျက်ရည်တွေသုတ်လိုက်ရင်း စက်ချုပ်နေသည့် အမေ့နားသွားကာ နောက်မှ ဖက်လိုက်သည်။

"မေကြီး"

"ဟဲ့ သားငယ်"

နောက်ဘက်လှည့်လာသည့် အမေ့ရင်ခွင်ထဲဝင်ပြီး နိုင်ရတု တစ်ယောက် အမေ့ကို တင်းတင်းကြပ်ကြပ်ဖက်ထားလိုက်သည်။ အဒေါ်နှစ်ယောက်ကတော့ ကိုယ့်မျက်စိကိုယ် မယုံနိုင်သည့်မျက်ဝန်းတွေဖြင့် ပြူးကြည့်နေကြတော့သည်။

"သားငယ် တစ်ညလုံး ကလပ်သွားမယ်ဆို"

"ဟင့်အင်း ဘယ်တော့မှ မသွားတော့ဘူး။ လက်စွပ်လဲ မရောင်းဘူး။ သားရှိတဲ့ မုန့်ဖိုးနဲ့ မေကြီး၊ ကြီးမေ၊ ကြီးလတ်တို့အတွက် ကြေးအိုးဝယ်လာတယ်"

"ဟောတော် ကြားသားမိုးကြိုး"

"ဟုတ်ပါ့အေ အပြင်မှာ မိုးတွေရွာ နေလားကြည့်အုံး"

"ဟာ ဘာမှ မဖြစ်ပါဘူး။ သားက မေကြီးတို့ စားစေချင်လို့ဟာကို"

"အမလေးတော်။ ကျေးဇူးပါရှင်။ မင်းအမေ အခုထိ ညစာ မစားရသေးဘူး။ သားဝယ်လာတဲ့ ကြေးအိုး စားလိုက်ကြစို့"

"ဟုတ် ကြီးမေ"

မိသားစုလေးယောက် ထမင်းစားခန်းထဲဝင်လာကြသည်။ အပျော်တွေကတော့ ဘာနှင့်မှမလဲနိုင်ပေ။ နိုင်ရတုက ပို၍ ပျော်နေမိသည်။

"စိတ်ချ မေကြီး၊ ကြီးမေ၊ ကြီးလတ်ရေ သားကို ရင်မှာလွယ်ပြီး မမွေးခဲ့ပေမဲ့ သားကတော့ ရင်ထဲကနေ ကတိအထပ်ထပ်ပေးတယ်။ သားကိုပြုစုပျိုးထောင်ခဲ့တဲ့ ကျွေးကျေးဇူးတွေကို သက်ဆုံးတိုင်ထိ ဆပ်ပါမယ်ဗျာ"

နိုင်ရတုကိုယ်ပိုင် ဆုံးဖြတ်ချက်တွေ ခိုင်မာစွာချပြီးသွားပြီမို့ ကိုယ့်အတွေးနှင့်ပင် ကြည်နူးနေမိပါတော့သည်။

## မေတ္တာရှေ့ဆောင် လူတို့ဘောင်

\- မေတ္တာကို ရှေ့ဆောင်ထား
နှလုံးသား လှစေကွယ်၊
တစ်ဖက်လူ ကူညီမနွေး
ဖြူဖွေးစိတ်ဝယ်၊
အမုန်းတရား ရှောင်ကြဉ်ပယ်
အောင်မြင်မယ် ဘဝအရေး၊
အတ္တမာန်တွေ မထောင်လွှားနဲ့
ရှောင်ရှားစို့လေး။

\- စေတနာ စိတ်ကောင်းမွေးလို့
ကြင်နာနွေးထွေး လူတိုင်းကို၊
မုဒိတာ ဘဝင်နှလုံးနဲ့
ရွှင်ပြုံးစေလို၊
မနာလိုစိတ် ပယ်ဖျက်ဖြို
ဒေါသမပို အမျက်ကင်း၊
အပြစ်ဘယာ ဘေးမသန်းလို့
အေးချမ်းစေမင်း။

\- အသိဉာဏ် ရင်မှာလင်း၍
ကြင်နာခြင်း စိတ်ကိုဆောင်၊
ကောင်းရာကို တွေးကြံပြု
ရှေးရှုလူ့ဘောင်၊
ကိုယ့်တန်ဖိုး မြင့်မားအောင်
ယခုနောင် အစဉ်ကြိုးစား၊
လောကခံကြုံ မဖြုံစတမ်းကွဲ့
ကြိုးပမ်းလှုပ်ရှား။ ။

**ရဲသွေးနီ(တက်ဝန်)**

# ကြာအင်းဆိပ်ကြီးမြို့နယ် ကွမ်ကသောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၁၃**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်ကသောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေဖြင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်နေသောလုပ်ငန်းများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ ကွမ်ကသောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ကွမ်ကသောင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၆ ဦးကို ရန်ပုံငွေကျပ် ၄၀ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းထံမှ သိရသည်။ **ကိုသက်**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ဗြိတိန်နိုင်ငံရွေးကောက်ပွဲအလွန် ကျန်းမာရေးကဏ္ဍစိန်ခေါ်မှုများ

၂၀၂၄ ခုနှစ် ဇူလိုင် ၄ရက်တွင် ဗြိတိန်နိုင်ငံ၏ ရွေးကောက်ပွဲကိုကျင်းပခဲ့သည်။ သမိုင်းတွင်မကြုံစဖူး ထူးကဲစွာဖြင့် လေဘာပါတီက မဲအများဆုံးရရှိခဲ့သည်။ အစိုးရနေရာတွင် ၁၄ နှစ်တိတိ အာဏာရခဲ့သည့် ကွန်ဆာဗေးတစ်ပါတီသည် ထွက်ရပေတော့မည်။ မည်သည့်ပါတီက အာဏာရသည်ဖြစ်စေလွန်ခဲ့သော ဆယ်စုနှစ်အတွင်း ပိုပြီးဆင်းရဲလာ၊ ပိုပြီးနာမကျန်းဖြစ်လာ၊ ပိုပြီးမညီမျှမှုများလာသည့် ဗြိတိန်နိုင်ငံကို အမွေဆက်ခံရမည်ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံ၏လူ့အဖွဲ့အစည်းအားလုံးတွင် နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ကျန်းမာရေးဘက်ပေါင်းစုံမှ အကျပ်အတည်းမျိုးစုံဖြင့် ရင်ဆိုင်နေကြရသည်။ တိကျခိုင်မာပြီး ထိရောက်သည့်ပြုပြင်ပြောင်းလဲမှုများ မလုပ်နိုင်လျှင် ဗြိတိန်နိုင်ငံအတွက် ရင်မအေးစရာ အခြေအနေဖြစ်သည်။ မဲဆန္ဒရှင်များအပေါ် ကြိုတင်ခန့်မှန်းချက်များအရ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍပြုပြင်ပြောင်းလဲရေးမှာ အများပြည်သူစိတ်အဝင်စားဆုံးကဏ္ဍဖြစ်သည်။

ဗြိတိန်နိုင်ငံ အမျိုးသားကျန်းမာရေးဌာန(NHS) အဖို့ စိန်ခေါ်မှုများစွာဖြင့် ရင်ဆိုင်နေရသည်။ ဆေးရုံ၊ ဆေးခန်းများတွင် စောင့်ဆိုင်းလူနာစာရင်းက အရှည်ကြီးဖြစ်နေသည်။ ကျန်းမာရေးဝန်ထမ်းများကလည်း အကြိမ်ကြိမ်သပိတ်မှောက်ကြသည်။ ကျန်းမာရေးစနစ်အပေါ်တွင် ပြည်သူလူထုကရော၊ ကျန်းမာရေးဝန်ထမ်းများဘက်ကပါ အလိုမကျကြပေ။ ရွေးကောက်ပွဲအကြိုမဲဆွယ်ပွဲများတွင်မူ ပါတီကြီးများအလိုက် ကျန်းမာရေးကဏ္ဍဆိုင်ရာရွေးကောက်ပွဲကတိကဝတ်များကို ကြေညာခဲ့ကြသည်။

အာဏာရကွန်ဆာဗေးတစ်ပါတီက အထွေထွေရောဂါကုဆေးခန်းများရှိ ကုသမှုပုံစံအမျိုးအစားပေါင်း ၂၅၀ ကို ခေတ်နှင့်အညီအဆင့်မြှင့်တင်နိုင်ရေးအတွက် စတာလင်ပေါင်သန်း ၁၈၀ သုံးစွဲမည်ဟု ကြေညာထားသည်။ လေဘာပါတီက ကွန်ပျူတာခေတ်မှန်နှင့် သံလိုက်စက်ကွင်းဓာတ်မှန်များ၏ အရေအတွက်ကို နှစ်ဆတိုးနိုင်ရန် စတာလင်ပေါင်သန်း ၂၅၀ သုံးစွဲမည်ဟုကတိပြုသည်။ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီက အထွေထွေရောဂါကုဆရာဝန် ဦးရေ ၈၀၀၀ ထပ်တိုးအလုပ်ခန့်မည်ဟု အာမခံသည်။ ပြိုင်ဘက်ပါတီကြီးသုံးခုက ကျန်းမာရေးကဏ္ဍအတွက်လူအင်အား၊ လုပ်နိုင်စွမ်းအားများ မြှင့်တင်ပေးရန် ကတိများ အကြိမ်ကြိမ်ပေးနေကြသော်လည်း အမှန်တကယ်လုပ်ဆောင်မည့် အသေးစိတ်စီမံချက်များမရှိဟု ထောက်ပြကြသူများလည်း ရှိနေသည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍနှင့်ပတ်သတ်လာလျှင် အများပြည်သူအလွယ်တကူမြင်နိုင်သည်က ကျန်းမာရေးဝန်ဆောင်မှုများ အဆင်ပြေလွယ်ကူမြန်ဆန်စွာရရှိနိုင်ရန်သာဖြစ်သည်။ အလွယ်တကူမတွေ့ မမြင်နိုင်သည့်ပြည်သူ့ကျန်းမာရေးကဏ္ဍနှင့် ကျန်းမာရေးအပေါ် သက်ရောက်နေသည့် လူမှုစီးပွားအခြေအနေများကလည်း အရေးကြီးပါသည်။ ဗြိတိန်နိုင်ငံမှာက ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လူတစ်ဦးချင်းစီ၏ ပျမ်းမျှသက်တမ်းကျဆင်းသွားခဲ့သည်။ အမျိုးသမီးများက သုည ဒသမ ၆ နှစ် အသက်ပိုတိုလာကြပြီး အမျိုးသားများက ၁ ဒသမ ၂ နှစ် အသက်တိုလာကြသည်။ ကလေးသူငယ်သေဆုံးမှုလည်းပိုများလာသည်။

လေဘာပါတီ၊ ကွန်ဆာဗေးတစ်ပါတီနှင့် လစ်ဘရယ်ဒီမိုကရက်တစ်ပါတီအားလုံးက ၎င်းတို့အာဏာရလာလျှင် နိုင်ငံသားများ၏သက်တမ်းကို ငါးနှစ်တိုးလာအောင် ဆောင်ရွက်ပေးမည်ဟုကတိပေးထားကြသည်။ အာဏာရကွန်ဆာဗေးတစ်ပါတီ၏ ကတိကဝတ်များက ၂၀၂၂ ခုနှစ်ကတည်းက ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။ ၎င်းတို့၏ရည်မှန်းချက်ပြည့်ဝနိုင်ရန် နှစ်ပေါင်း ၁၉၂ နှစ်ကြာမည်ဟု ဝေဖန်ထောက်ပြကြသူများလည်းရှိနေသည်။ လေဘာပါတီက အင်္ဂလန်နယ်၏ ဆင်းရဲနှင့်ချမ်းသာလူတန်းစားများကြား လူ့သက်တမ်း ၁၀ နှစ်ကွာဟနေမှုကို ငါးနှစ်သာကွာသည်ထိ လျှော့ချမည်ဟုကတိပေးထားသော်လည်း

**❖ ဗြိတိန်နိုင်ငံ၏ အစိုးရသစ်အနေဖြင့် ရွေးကောက်ပွဲကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်ပါသည်။ ကွန်ဆာဗေးတစ်ပါတီက ဆေးကုသမှုခံယူရန် စောင့်ဆိုင်းစာရင်းကို လျှော့သွားအောင်လုပ်မည်ဟု ဆိုထားသည်။ လေဘာပါတီက ၂၀၂၉ ခုနှစ်တွင် စောင့်ဆိုင်းစာရင်းကို အကုန်ရှင်းပစ်မည်ဟုပြောသည်။ သို့သော် ကျန်းမာရေးဝန်ထမ်းများက ရုံးပိတ်ရက်၌ အပိုချိန်ဆင်းပေးရမည့်စိန်ခေါ်မှုရှိနေသည်။ NHS လုပ်ငန်းကြီးတစ်ခုလုံး၏ ဘတ်ဂျက်က စတာလင်ပေါင် ၁၈၂ ဘီလီယံဖြစ်သည်။ ❖**

အချိန်အပိုင်းအခြားနှင့် လျာထားဘတ်ဂျက်ကိုမထုတ်ပြန်နိုင်ပေ။ လစ်ဘရယ်ဒီမိုကရက်တစ်များက ပိုပြီးအားကောင်းသည့်မူဝါဒရှိဟန်တူသည်။ စတာလင်ပေါင် ၁ ဘီလီယံထိသုံးပြီး ပြည်သူ့ကျန်းမာရေးရန်ပုံငွေအဖြစ်အသုံးပြုမည်ဟုဆိုထားပါသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အမြန်စား အစားအသောက်များကိုထိန်းချုပ်ရန်ဆောင်ရွက်မည်ဟု ပါတီကြီးသုံးခုစလုံးက အာမခံထားသည်။ သို့သော် အရက်ထိန်းချုပ်မှုအစီအစဉ်ပျောက်နေသည်။ ကွန်ဆာဗေးတစ်ပါတီက အဆီ၊ ဆားနှင့်သကြားပါဝင်မှုများသည့်အစားအစာများကြော်ငြာခြင်းကို ကန့်သတ်မည်ဟု ကတိပေးသည်။ လေဘာပါတီက ကလေးသူငယ်များကိုဦးတည်နေသည့် အမြန်စား အစားအသောက်များကြော်ငြာခြင်းကို လုံးဝပိတ်ပင်မည်ဟု ပြောသည်။ ပါတီကြီးသုံးခုစလုံးက ဆေးလိပ်နှင့်နီကိုတင်း Vapes များကို ပိုပြီးတင်းတင်းကျပ်ကျပ်ထိန်းချုပ်မည်ဟု ကတိပေးကြသည်။ လေ့လာစောင့်ကြည့်သူတချို့ကလည်း ရွေးကောက်ပွဲကတိကဝတ်များကို အယုံမလွယ်ကြရန်ထောက်ပြသည်။ ၁၄ နှစ်လုံးလုံး အာဏာရခဲ့သည့် ကွန်ဆာဗေးတစ်ပါတီဆိုလျှင်ပေးထားသည့် ကတိကဝတ်များမကျေခဲ့ကြောင်း သတိပေးကြသည်။

စားဝတ်နေရေးကျပ်တည်းခြင်းနှင့်နေထိုင်မှုစရိတ်မြင့်မားခြင်းတို့က ကျန်းမာရေးပြဿနာများနှင့်ဆက်စပ်မှုရှိသည်။ Equity (တန်းတူညီမျှမှုရှိရေး) ရလာစေရန် အခြေခံလူတန်းစားများအတွက် နိုင်ငံပိုင်၊ အများပိုင်အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ပေးရန်လိုအပ်ပါသည်။

အများပိုင်ဆေးရုံများကို အဆင့်မြှင့်တင်ပေးရမည်၊ လမ်းများခင်းပေးရမည်၊ မီးရထား၊ ဘတ်စကားများကို အဆင့်မြှင့်ပေးရမည်။ ထိုအတွက် အများပြည်သူနှင့်သက်ဆိုင်သည့်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေကို လျှော့ချပစ်လိုက်၍မရပေ။ ဗြိတိန်နိုင်ငံ၏ နောင်လာမည့် အစိုးရများအနေဖြင့် ထိုအချက်ကို သတိပြုမိရန်လိုအပ်သည်ဟု ထောက်ပြကြသည်။

၂၀၂၁ ခုနှစ်အတွင်း ဗြိတိန်နိုင်ငံသားများကို အဓိကသေဆုံးစေခဲ့သည့်ရောဂါက ကိုဗစ်-၁၉ကပ်ရောဂါဖြစ်ပါသည်။ ဗြိတိန်နိုင်ငံသား ၂၅ သန်းကို ကူးစက်ခံခဲ့ရပြီး လူဦးရေ ၂၃၂၀၀၀ သေဆုံးခဲ့ရခြင်းက ဗြိတိန်နိုင်ငံကျန်းမာရေးစနစ်၏ အားပျော့နေမှုကို လှစ်ဟလိုက်သကဲ့သို့ဖြစ်သွားသည်။

နောင်တက်လာမည့်အစိုးရများအတွက် ဘယ်ရောဂါကြီးများကို ဦးစားပေးကိုင်တွယ်ရမလဲ။ ၂၀၂၁ ခုနှစ်တွင် နှလုံးသွေးကြောကျဉ်းရောဂါနှင့်အဆုတ်ပွရောဂါကဲ့သို့သော မကူးစက်နိုင်သည့်ရောဂါကြီးများ အုပ်စုဝင်ရောဂါကြီးများက ဗြိတိန်နိုင်ငံသားအများဆုံးသေဆုံးမှုအတွက် အဓိကတရားခံများဖြစ်ခဲ့သည်။ အယ်ဇိုင်းမားအတိတ်မေ့ရောဂါ၊ အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ဆီးချိုနှင့် စိတ်ကျရောဂါများကြောင့် သေဆုံးမှု၊ မသန်စွမ်းဖြစ်မှုများလည်း ပိုမိုများပြားလာသည်။

ဗြိတိန်နိုင်ငံအမျိုးသားကျန်းမာရေးဌာန(NHS) တစ်နည်းအားဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဗြိတိန်နိုင်ငံ၏ အကြီးဆုံးသောဝန်ဆောင်မှုလုပ်ငန်းကြီးတစ်ခုလည်းဖြစ်သည်။ နောင်ငါးနှစ်ကြာသည်ထိ ထိုဌာနကြီးကိုတည်ငြိမ်နေအောင်၊ ပိုပြီးတိုးတက်လာအောင် ဘယ်လိုဆောင်ရွက်ကြမလဲဆိုသည့်မေးခွန်းကို ဖြေရန်ရှိလာသည်။ လက်ရှိကာလတွင် NHS ဆေးရုံများ၌ ဆေးကုသမှုခံယူရန်စောင့်ဆိုင်းနေကြသူ ခြောက်သန်းရှိနေသည်။ ဆရာဝန်ငယ်များကလည်း ရွေးကောက်ပွဲမတိုင်မီလေးတွင်မှ အချိန်ကိုက်ဆန္ဒပြနေကြပြန်သည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် အထွေထွေရောဂါကုဆေးခန်းများနှင့်သွားနှင့်ခံတွင်းဆေးခန်းများလည်း လိုအပ်ချက်ရှိနေသည်။ NHS ကချမှတ်ထားသည့် ဗြိတိန်နိုင်ငံသားများ နှစ်နှစ်တစ်ကြိမ် သွားနှင့် ခံတွင်းစစ်ဆေးမှုပြုလုပ်ရမည်ဆိုသည့်မူဝါဒကို ပြည့်မီအောင်ဆောင်ရွက်နိုင်ရန် မလွယ်ကူတော့ပေ။

ဗြိတိန်နိုင်ငံ၏ အစိုးရသစ်အနေဖြင့် ရွေးကောက်ပွဲကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်ရန်လိုအပ်ပါသည်။ ကွန်ဆာဗေးတစ်ပါတီက ဆေးကုသမှုခံယူရန်စောင့်ဆိုင်းစာရင်းကို လျှော့သွားအောင်လုပ်မည်ဟုဆိုထားသည်။ လေဘာပါတီက ၂၀၂၉ ခုနှစ်တွင် စောင့်ဆိုင်းစာရင်းကို အကုန်ရှင်းပစ်မည်ဟုပြောသည်။ သို့သော် ကျန်းမာရေးဝန်ထမ်းများက ရုံးပိတ်ရက်၌ အပိုချိန်ဆင်းပေးရမည့်စိန်ခေါ်မှုရှိနေသည်။ NHS လုပ်ငန်းကြီးတစ်ခုလုံး၏ ဘတ်ဂျက်က စတာလင်ပေါင် ၁၈၂ ဘီလီယံဖြစ်သည်။ ထိုကုန်ကျစရိတ်များကို လျှော့ချနိုင်ရန်ကွန်ဆာဗေးတစ်ပါတီက NHS မန်နေဂျာရာထူးများကို အင်အား ၅၅၀၀ ထိလျှော့ချမည့်အစီအစဉ်ကို ကန့်ကွက်သူများလည်းရှိသည်။

လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ ရွေးကောက်ပွဲကတိကဝတ်ထဲတွင် အရွယ်ရောက်ပြီးသူများအတွက် လူမှုဖူလုံရေးအခမဲ့စောင့်ရှောက်မှုအစီအစဉ်ကို စတင်မည်ဟုဆိုထားသည်။ ထိုအစီအစဉ်က စကော့တလန်နယ်တွင် စတင်နေခဲ့ပြီးဖြစ်သည်။ ထိုအစီအစဉ်အတွက် ရန်ပုံငွေပထမပိုင်းအဖြစ် စတာလင်ပေါင် ၃ ဒသမ ၇ ဘီလီယံသုံးမည်ဟုဆိုသည်။ ဝေဖန်သူများက လူမှုဖူလုံရေးစောင့်ရှောက်မှု အစီအစဉ်များသည် ကုန်ကျစရိတ်များလွန်းသည်။ ဗြိတိန်နိုင်ငံ၏ လက်ရှိဘဏ္ဍာရေးအခြေအနေအရ လက်တွေ့မကျဟုသုံးသပ်သည်။

ရွေးကောက်ပွဲကြိုတင်ခန့်မှန်းချက်များအတိုင်း လေဘာပါတီသည် ရွေးကောက်ပွဲအောင်မြင်ပြီး ဗြိတိန်နိုင်ငံ၏ အာဏာရပါတီဖြစ်လာပါသည်။ မည်သည့်ပါတီအာဏာရလာသည်ဖြစ်စေ အစိုးရသစ်အနေဖြင့် ကျန်းမာရေးကဏ္ဍစိန်ခေါ်မှုများနှင့်နဖူးတွေ့ဒူးတွေ့ကြုံရမည်ဖြစ်သည်။

အထွေထွေရောဂါကုဆရာဝန်များနှင့်တွေ့ဆုံကုသခွင့်ရရှိရေး၊ ဆေးရုံများတွင် စောင့်ဆိုင်းလူနာလျှော့ချနိုင်ရေး၊ ဆရာဝန်ငယ်များ၏ လစာငွေတိုးမြှင့်ပေးရေးစသည့် ပြဿနာများက စောင့်ဆိုင်းနေကြပါသည်။ ဗြိတိန်နိုင်ငံအစိုးရသစ်အနေဖြင့် အလုပ်ကိုများများလုပ်မှသာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**-No parties meeting the challenge on health in the UK by Udani Samarasekera from Lancet June 2024**

**ဒေါက်တာလွှမ်းမိုးဟန်**

# ထန်းတပင်မြို့နယ် နဲပျောကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**ထန်းတပင် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီခရိုင် ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် နဲပျောကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာစုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် အကျုံးဝင်သောစီမံကိန်းလုပ်ငန်းခွဲများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဒုတိယဦးစီးမှူး ဦးဟိန်းဝေယံက စီမံကိန်းလက်စွဲပါရာတွင် လိုက်နာရန်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ် နဲပျောကျေးရွာအုပ်စု နဲပျောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

# ရွှေတိဂုံစေတီတော်သို့ ဇွန်လအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ငါးသိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့



**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ဇွန်လအတွင်း ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဦးရေ ငါးသိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ဇွန်လအတွင်း ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုမှုအနေဖြင့် သံဃာတော် ၁၀၀၀၅ ပါး၊ သီလရှင် ၅၄၉၈ ပါး၊ အမျိုးသား ၂၅၅၁၈၅ ဦး၊ အမျိုးသမီး ၂၆၉၅၇၆ ဦး၊ နိုင်ငံခြားခရီးသွားဧည့်သည် ၅၃၉၇ ဦး စုစုပေါင်း ၅၄၅၆၆၁ ဦး လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော်ကို ဘုရားဖူးလာရောက်မှုအနေနဲ့ ပုံမှန်ရုံးဖွင့်ရက်တွေမှာ တစ်ရက်ကို ဘုရားဖူး အယောက် ၂၀၀၀၀ လောက်ရှိပြီး စနေ၊ တနင်္ဂနွေနေ့မျိုးတွေမှာဆို တစ်ရက်ကို ဘုရားဖူး အယောက် ၄၀၀၀၀ ကနေ ၅၀၀၀၀ လောက်ထိရှိပါတယ်။ နိုင်ငံခြားခရီးသွားဧည့်သည် လာရောက်မှုအနေနဲ့ အနည်းဆုံး တစ်ရက်ကို အယောက် ၁၅၀ လောက်ရှိပြီး များသောအားဖြင့် တရုတ်၊ ထိုင်းနဲ့ဗီယက်နမ်နိုင်ငံတွေက လာရောက်ကြတာဖြစ်ပါတယ်။ ဇွန်လအတွင်းမှာ ဘုရားဖူး အယောက် ငါးသိန်းကျော် လာရောက်ဖူးမြော်ကြည်ညိုကြပါတယ်။ ရွှေတိဂုံစေတီတော်မှာ ဘုရားဖူးပြည်သူတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ဖို့အတွက် လုံခြုံရေးကင်မရာ CCTV အလုံး ၅၈၀ ကို ရင်ပြင်တော်၊ အောက်ပစ္စယာနဲ့အထက်ပစ္စယာကုန်းတော်တစ်ခုလုံးမှာ တပ်ဆင်ထားပါတယ်" ဟု ဦးဘိုးသင်းက ပြောပြသည်။

လက်ရှိတွင် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးပြည်သူလာရောက်မှု ပိုမိုများပြားလာခြင်းကြောင့် ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရန် ရွှေတိဂုံစေတီတော်ကို နံနက် ၅ နာရီမှ ည ၉ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ ပြည်တွင်း၊ ပြည်ပ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုမှုအနေဖြင့် ဇန်နဝါရီလတွင် ၅၄၆၉၅၄ ဦး၊ ဖေဖော်ဝါရီလတွင် ၅၂၆၈၈၃ ဦး၊ မတ်လတွင် ၈၁၆၄၅၄ ဦး၊ ဧပြီလတွင် ၆၈၅၅၀၃ ဦးနှင့် မေလတွင် ၅၇၆၃၄၆ ဦး ရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ပြောပြ၍ သိရသည်။ ASH

# နတ်တလင်းမြို့နယ် ကုန်းကြီးကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**နတ်တလင်း ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကျွန်းကလေးကျေးရွာအုပ်စု ကုန်းကြီးကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေးလွင်စိုး၊ နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟိန်းဇော်နှင့် ဝန်ထမ်းများက ကုန်းကြီးကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ခရိုင်ဦးစီးမှူးက မှာကြားခဲ့သည်။

ကုန်းကြီးကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့် (2HP)တပ်ဆင်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဇွန်လဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ရေမြှုပ်ပန့်တပ်ဆင်ခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၇၄ ဧကထိ စိုက်ပျိုးပြီးစီး

**ရေဦး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၅၄၇၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ဧက ၃၆၁၄၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၅၄၇၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ မြေပဲ ဧက ၃၆၁၄၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၃၅၄၇၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ မြေပဲစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသလို အောင်မြင်ဖြစ်ထွန်းမှုလဲရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။



ဒီပဲယင်းမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများအပါအဝင် ငွေကျပ် ၂၀၀၀၀၀ ကျော် ကုန်ကျစရိတ်ရှိကြောင်း၊ တစ်ကေစိုက်ပျိုးပါက တင်း ၅၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်စေရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးနေကြောင်း သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ရွာသာကုန်းကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွန်းကုန်းကြီးကျေးရွာအုပ်စု ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူလုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ် ဆောင်ရွက်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေ၊ ကျေးရွာပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးရွာတွင်း ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာသာကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မထု ဂဝံမြေနီလမ်းခင်းခြင်းနှင့် ရေသန့်စင်စနစ်ဆောင်ရွက်ခြင်းလုပ်ငန်းတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် သိန်း ၉၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများမှ အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မေလ ပထမပတ်မှ စတင်ကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ပုဗ္ဗသီရိမြို့နယ် သံပုရာကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဇွန်ဆိပ်ကျေးရွာအုပ်စု သံပုရာကုန်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုက စီမံကိန်းအကြောင်းအရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများလိုက်နာရမည့် တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သံပုရာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၇၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၈ ဒသမ ၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# အာဇာနည်နေ့နှင့်မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်

မောင်သောင်းဝင်း(တမန်ဟောင်း)




၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် ၇၇ နှစ် ပြည့်မြောက်သော "အာဇာနည်နေ့"ပင်ဖြစ်သည်။ အာဇာနည်ဆိုသည်မှာ အကြောင်း ဟုတ် မဟုတ်ကို ကောင်းစွာသိသောသူ၊ သာမန်ထက် လက်ရုံးရည် နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူဟူ၍ မြန်မာအဘိဓာန်၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ထို့ပြင် အာဇာနည်ပုဂ္ဂိုလ်ဆိုသည်မှာ ကိုယ်ကျိုးမဖက် အနစ်နာခံခြင်း၊ အမျိုးဘာသာသာသနာအတွက် စွန့်လွှတ်အနစ်နာခံခြင်း၊ တိုင်းပြည်အတွက် အရိုးကြေကြေ အရည်ခန်းခန်း အသက်ကိုပဓာနမထားဘဲ ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ခြင်း၊ အမှန်တရားအတွက် လူထုရှေ့သို့ထွက်၍ မားမားမတ်မတ်ရပ်တည်တာဝန်ခံပေးခြင်း၊ အရာရာကိုလမ်းညွှန်ပြသ ဦးဆောင်နိုင်ခြင်း၊ ပြည်သူလူထုအကျိုးစီးပွားတိုးတက်အောင် ဆောင်ရွက်ပေးခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ပြည့်စုံခြင်း၊ စည်းကမ်းလိုက်နာခြင်း စသည့်အရည်အချင်းများနှင့်လည်း ပြည့်စုံသူများဖြစ်သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားခဲ့သောခေါင်းဆောင်ကြီးများသည် ထိုအရည်အချင်းများနှင့်ပြည့်စုံသူများဖြစ်သည်။ တိုင်းပြည်နှင့်လူမျိုး အကျိုးစီးပွားအတွက် မိမိအသက်ကို ပဓာနမထားဘဲ လုပ်သင့်လုပ်ထိုက်သည့်အလုပ်ကို ရဲရဲရင့်ရင့် ယုံယုံကြည်ကြည် လုပ်ကိုင်ကြရင်း အသက်ကိုစွန့်လွှတ်သွားကြသည့် အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည်။

**နှမြောတသ**

မြန်မာ့လူမှုအသိုက်အဝန်းတွင် "သေသောသူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင်တွေ့"ဆိုသောဆိုရိုးစကားရှိခဲ့ပေသည်။ ထိုစကားအရ ဖွဲ၊ လှံ့လ၊ ဝီရိယ စိုက်ထုတ်ပြီးရှာဖွေလျှင် တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် ပျောက်သောသူကိုရှာတွေ့ကောင်း တွေ့ရှိနိုင်သော်လည်း အချိန်ကာလမည်မျှပင် ကြာညောင်းနေစေကာမူ ခေတ်အဆက်ဆက် မေ့မရနိုင်သည့်ပုဂ္ဂိုလ်ကြီးများ မြန်မာ့သမိုင်းတွင် ရှိခဲ့ပေသည်။ ထိုပုဂ္ဂိုလ်ကြီးများကား အခြားသူများမဟုတ်ချေ။ မျိုးချစ်စိတ်ဓာတ်ရှိသော မြန်မာပြည်သူအားလုံးသိရှိထားပြီးဖြစ်သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသည်။ နယ်ချဲ့လက်ပါးစေ အကြံပက်စက်သူများ၏လက်ချက်ကြောင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများကျဆုံးသွားခဲ့သည်မှာ ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ၇၇ နှစ် ပြည့်ပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူအားလုံးသည် နှစ်စဉ် ထိုနေ့၊ ထိုရက်၊ ထိုအချိန်ရောက်တိုင်း နှမြောတသ၊ ပူဆွေးသောက ရောက်ကြရသည်။

**လွတ်လပ်ရေးကိုထိန်းသိမ်းရန် တာဝန်ရှိ**

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးအတွက် ကြိုးပမ်းနေစဉ် အကြံပက်စက်သူများ၏လက်ချက်ကြောင့် အချိန်မတိုင်မီ ကြွေလွင့်ခဲ့ကြရသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အစားထိုး၍မရနိုင်သော ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ ထိုစဉ်က လှေလှော်ရင်းတက်ကျိုးသလိုဖြစ်ခဲ့ရသည်။ ပြည်သူတို့၏မျှော်လင့်ချက် မှေးမှိန်ခဲ့ရသည်။ သို့သော် ထိုအာဇာနည်ခေါင်းဆောင်ကြီးများ၏လမ်းစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ခဲ့သဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် လွတ်လပ်ရေးရရှိခဲ့သည်။

နယ်ချဲ့လက်ပါးစေများ မည်သို့ပင်ဟန့်တားနှောင့်ယှက်နေစေကာမူ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကိုယ်ကျိုးမဖက် စွန့်လွှတ်အနစ်နာခံလျက် မြန်မာ့လွတ်လပ်ရေးကို အသက်ပေးကာ ရယူပေးနိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ စွန့်လွှတ်အနစ်နာခံမှုကြောင့် မျိုးဆက်သစ်တို့သည် လွတ်လပ်ရေးအသီးအပွင့်ကို ခံစားနိုင်ခြင်းဖြစ်သည်။ ထိုလွတ်လပ်ရေးသည် မျက်စိတစ်မှိတ်အတွင်း ဆုံးရှုံးသွားနိုင်သဖြင့် ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရန်သည် မျိုးဆက်သစ်လူငယ်အားလုံး၏ တာဝန်ဖြစ်သည်။

**အကြမ်းဖက်တိုက်ခိုက်လျက်ရှိ**

ဆိုရလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်နိုင်ခဲ့သော်လည်း လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုများကြား စိတ်ဝမ်းကွဲပြားခဲ့ကြသည်။ နယ်ချဲ့တို့၏ သပ်လျှိုသွေးခွဲမှုကြောင့် အစိုးရအပေါ် လက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများကိုအကြောင်းပြု၍ တရားမဝင်ဖွဲ့စည်းထားသော CRPH၊ NUG နှင့် PDFအကြမ်းဖက်အဖွဲ့များသည် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများကို ဟန့်တားနှောင့်ယှက်မှုများလုပ်ဆောင်လျက်ရှိသည်။ အပြစ်မဲ့ပြည်သူများနှင့် ရဟန်းသံဃာများကို သတ်ဖြတ်ခြင်း၊ လမ်း၊ တံတားများ၊ စာသင်ကျောင်းများ၊ အစိုးရရုံးဌာနများကို မီးရှို့ဖျက်ဆီးခြင်းအပါအဝင် အဖျက်အမှောင့်လုပ်ငန်းပေါင်းစုံကို လုပ်ဆောင်လျက်ရှိကြသည်။

အထူးသဖြင့် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ MNDAA၊ KIA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ တပ်၊ စခန်းများကို ဒရုန်းများအသုံးပြု၍ Drop Bomb ချတိုက်ခိုက်ခဲ့ကြသည်။ ထို့ပြင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင်လည်း အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်လာခဲ့သည်။

**စိတ်ကူးအိပ်မက်**

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုအရေးပါပုံနှင့်ပတ်သက်၍ **"တစ်တိုင်းပြည်လုံး ကြီးပွားတိုးတက်စေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်"** ဟု ပင်လုံစာချုပ် လက်မှတ်မရေးထိုးမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်ည ပင်လုံမြို့၌ ညစာစားပွဲတွင် ပြောကြားသွားခဲ့သည်။ တိုင်းပြည် လွတ်လပ်ရေးအတွက် ညီနောင်တိုင်းရင်းသားများကိုအလေးအနက်ထား တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။ ထိုလမ်းညွှန်ချက်များသည် မျက်မှောက်ကာလ နိုင်ငံတော်တည်ဆောက်ရာတွင် အရေးပါလျက်ရှိသည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတည်ဆောက်ရေးလုပ်ငန်းများအတွက် လမ်းညွှန်ချက်တစ်ရပ်အဖြစ် အသက်ဝင်လျက်ပင်ရှိသည်။

လွတ်လပ်ရေးဗိသုကာကြီး အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်ကူးအိပ်မက်သည် တိုင်းပြည်အတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေး တည်ဆောက်သွားရန်ပင်ဖြစ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မာနေမှသာလျှင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထာဝစဉ်တည်မြဲနေမည်ကို သတိပေးပြောကြားသွားခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ လေးနက်သောတိုက်တွန်းချက်ကို ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပါမည်။

**မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်**

ထိုစိတ်ကူးအိပ်မက်ကို လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ရန်သည် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ပြောဆိုနေသည်ထက် အလုပ်နှင့်သက်သေပြသွားရန်လည်း လိုအပ်သည်။ လွတ်လပ်ရေးရရှိခဲ့သည်မှာ နှစ်ပေါင်း ၇၇ နှစ်ခန့် ရှိနေပြီဖြစ်သော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု မရရှိသေးသဖြင့် တိုင်းပြည်သည် တိုးတက်သင့်သလောက် မတိုးတက်ဘဲ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေရသည်။ ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိသည့်တိုင်အောင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အုတ်တစ်ချပ် သဲတစ်ပွင့်မျှ ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် နိုင်ငံသားတစ်ဦး၏ တာဝန်ကျေပွန်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

ဆိုရလျှင် မျိုးဆက်သစ်လူငယ်များအနေဖြင့် နှစ်စဉ် အာဇာနည်နေ့ရောက်ရှိမှသာ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လာရောက်အလေးပြုနေရုံမျှဖြင့် နိုင်ငံသားတစ်ဦး၏တာဝန် ကျေပွန်မည်မဟုတ်ချေ။ နိုင်ငံသားတစ်ဦး၏တာဝန်ကျေပွန်ရန်သည် လွတ်လပ်ရေးဗိသုကာကြီး မျှော်မှန်းထားသည့် တိုင်းရင်းသားညီအစ်ကိုများကြား စည်းလုံးညီညွတ်မှုကိုဦးစွာခိုင်မာအောင်တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သွားကြရမည်ဖြစ်သည်။

အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တွေးခေါ်မြော်မြင်မှုနှင့် တိုင်းပြည်အတွက် လုပ်သင့်လုပ်ထိုက်သည်များကို ရွေးချယ်ဆောင်ရွက်သည့် အသိပညာတို့ကို အားကျအတုယူသွားရန်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်ကတည်းက အမှန်တရားကို ချစ်မြတ်နိုးပြီး ကိုယ်ကျင့်တရားကိုတန်ဖိုးထားသူတစ်ဦးဖြစ်သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး အမှန်တရားကို ချစ်မြတ်နိုးသည့် အာဇာနည်ခေါင်းဆောင်ကြီးသည် သတ္တိ၊ ဗျတ္တိရှိကာ လက်ရုံးရည်၊ နှလုံးရည်နှင့်လည်း ပြည့်စုံနေသည့်အပြင် တိုင်းပြည်အတွက် အသက်ကိုပင်ပဓာနမထားဘဲ စွန့်လွှတ်အနစ်နာခံ တာဝန်ထမ်းဆောင်သွားခဲ့သည်။

❖ နိုင်ငံသားတစ်ဦး၏တာဝန် ကျေပွန်ရန်သည် လွတ်လပ်ရေးဗိသုကာကြီး မျှော်မှန်းထားသည့် တိုင်းရင်းသားညီအစ်ကိုများကြား စည်းလုံးညီညွတ်မှုကို ဦးစွာခိုင်မာအောင်တည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တွေးခေါ်မြော်မြင်မှုနှင့် တိုင်းပြည်အတွက်လုပ်သင့် လုပ်ထိုက်သည်များကို ရွေးချယ်ဆောင်ရွက်သည့် အသိပညာတို့ကို အားကျအတုယူသွားရန်ဖြစ်သည်။ ❖

ထို့ကြောင့် မျိုးဆက်သစ်လူငယ်များသည် ထိုစိတ်ဓာတ်၊ ထိုအတွေးအခေါ်၊ ထိုအယူအဆနှင့် ထိုခံယူချက်တို့ကို လေးစားအားကျအတုယူပြီး အနာဂတ်တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများတွင် ကျရာအခန်းကဏ္ဍမှ အပြုသဘောဆောင်စွာ ပါဝင်သွားရန်လိုအပ်ပါသည်။ အထူးသဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ အသက်သွေးချွေး များစွာပေးဆပ်၍ ရရှိခဲ့သော အမိမြန်မာနိုင်ငံတော်ကြီး၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ထာဝစဉ်တည်မြဲနေရန်သည် မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်ပင်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မွေးရာသမိုင်းပေးတာဝန်ဖြစ်သည့် လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ကျေပွန်စွာထမ်းဆောင်နိုင်ပါစေကြောင်း ဆန္ဒပြုရင်း ၇၇ နှစ်မြောက် အာဇာနည်နေ့ကို ဦးညွှတ်ရေးသားလိုက်ရပါတော့သည်။

**ကိုးကား**

**- ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းများ (ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၁)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

## ကလေး စာပေကဏ္ဍ

# သူ့နေရာနဲ့သူ

ကလေးတို့ရေ မင်္ဂလာပါကွယ်။ ဒီတစ်ပတ် ပြောပြမဲ့ပုံပြင်လေးကတော့ သူ့နေရာနဲ့သူ ဆိုတဲ့ ပုံပြင်လေးဖြစ်ပါတယ်။

တစ်ခါက ရွာကြီးတစ်ရွာမှာ သူဌေးကြီးဦးဘောဂ ဆိုတဲ့ မိသားစုရှိသတဲ့ကွယ်။ သူဌေးကြီးမှာ နှင်းနှင်းဆို တဲ့ ချစ်ရတဲ့သမီးလေးတစ်ယောက်ရှိသတဲ့။ သူဌေးကြီး ဦးဘောဂရဲ့ဇနီးကတော့ သမီးနှင်းနှင်းကို မီးဖွားပြီး မကြာခင်မှာ ဆုံးသွားတာပေါ့ကွယ်။ နှင်းနှင်းဟာ အဖေဖြစ်သူကိုပဲ အားကိုးပြီးနေရတာပေါ့။ သူဌေးကြီး ဦးဘောဂလဲ စီးပွားထွက်ရှာရာမှာ ငယ်လွန်းတဲ့ သမီး နှင်းနှင်းကို ခရီးသွားရင် ခေါ်သွားဖို့မဖြစ်နိုင်တာကြောင့် အထိန်းတော်တစ်ယောက်ငှားပြီး ထားခဲ့ရတာပေါ့ ကွယ်။ ဒီလိုနဲ့ သူဌေးကြီးဦးဘောဂဟာ အထိန်းတော် ကြီးဆီမှာ နှင်းနှင်းကိုထားခဲ့တာ နှင်းနှင်းဟာ ကျောင်း နေတဲ့အရွယ် ရောက်လာတော့တာပေါ့ကွယ်။

တစ်နေ့မှာတော့ သူဌေးကြီးဦးဘောဂဟာ သူစီးပွားရှာနေတာ အချိန်တစ်ခုရလာပြီမို့ အပြင်ကို ကိုယ်တိုင်ထွက်မရှာတော့ဘဲ စိတ်ချရတဲ့လူယုံကိုသာ အပ်နှံပြီး အနားယူဖို့ဆုံးဖြတ်လိုက်တော့တာပေါ့ကွယ်။

သူဌေးကြီးဦးဘောဂလဲ စိတ်ချရတဲ့လူကို သူရဲ့ အလုပ်တွေကို စီမံခန့်ခွဲခိုင်းတာပေါ့ကွယ်။ သူဌေးကြီး ဦးဘောဂကတော့ အိမ်ကနေပဲ အလုပ်တွေစီမံညွှန် ကြားရင်း သမီးလေးနှင်းနှင်းနဲ့အတူ အချိန်တွေကုန်ဆုံး စေတော့တာပေါ့။ တစ်နေ့ကျတော့ သူဌေးကြီးဦးဘောဂ ဟာ အလုပ်ကိစ္စစာရွက်စာတမ်းတွေကို မသိမ်းဆည်း မိဘူးတဲ့ကွယ်။ နှင်းနှင်းလေးဟာ အဖေဖြစ်သူ မသိမ်း ဆည်းခဲ့မိတဲ့စာရွက်စာတမ်းတွေကို ယူဆော့တော့တာ ပေါ့ကွယ်။ စက္ကူလှေလေးခေါက်ပြီး အိမ်နံဘေးမှာရှိတဲ့ ချောင်းထဲ မျှောလိုက်သတဲ့ကွယ်။ နှင်းနှင်းလေးဟာ ဆော့လို့အားရသွားတော့ အိမ်ကိုပြန်လာပြီး အခြား ပစ္စည်းတွေကို ယူဆော့သတဲ့ကွယ်။

ကျောင်းတက်ရတဲ့အခါမှာလဲ နှင်းနှင်းလေးဟာ စာရေးခုံအောက်မှာ စာရွက်တွေဆုတ်ဖြဲပြီး ကစား သတဲ့ကွယ်။ အတန်းဖော်သူငယ်ချင်းတွေရဲ့ စာအုပ် တွေလဲ ယူပြီးဆုတ်ဖြဲသတဲ့။ ကလေးမိဘတွေက ဆရာမကိုလဲတိုင်ပြီး သူဌေးကြီးဦးဘောဂဆီလဲ သွားတိုင်ကြတာပေါ့ကွယ်။ သူဌေးကြီးလဲ သမီးဖြစ်သူ နှင်းနှင်းကို နားယူနားလည်တတ်ဖို့ ဘယ်လိုဆုံးမရ မလဲ နေ့စဉ် စဉ်းစားနေတော့တာပေါ့ကွယ်။ နှင်းနှင်း ဟာ အဆော့မက်ပေမဲ့ ရေချိုးပြီးရင် သနပ်ခါးလှလှ လေးလိမ်းရတာကို ကြိုက်သတဲ့ကွယ်။ သူဌေးကြီးလဲ သမီးဖြစ်သူရဲ့အကြိုက်ကိုသိနေတော့ နားလည်လွယ် အောင်ဆုံးမလို့ရမဲ့နည်းလမ်းကို တွေ့သွားတော့ တာပေါ့ကွယ်။

တစ်နေ့မှာ နှင်းနှင်းဟာ သူငယ်ချင်းတွေနဲ့ ကစားပြီး အိမ်ကိုပြန်လာသတဲ့ကွယ်။ အိမ်ကိုရောက် တယ်ဆိုရင်ပဲ မောမောနဲ့ရေသောက်ဖို့ ရေအိုးစင်နားကို



ပြေးလာတော့တာပေါ့။ ရေအိုးစင်မှာ သောက်နေကျ ရေခွက်ကို မတွေ့ဘူးတဲ့ကွယ်။ ရေသောက်ဖို့အတွက် ရေခွက်ကို မီးဖိုချောင်ကနေ သွားယူရတော့တာပေါ့။ ခဏနားပြီးလို့ ရေချိုးသတဲ့ကွယ်။ ရေချိုးတဲ့အခါမှာလဲ သွားတိုက်တံကိုလိုက်ရှာရသတဲ့။ သွားတိုက်တံကိုနေရာ တကျမထားခဲ့တဲ့အတွက် ရေနဲ့အတူမျောပြီး ရွှံ့ဗွက်ထဲ နစ်နေသတဲ့။ နှင်းနှင်းဟာ သူလိုတဲ့ပစ္စည်းတွေကို လိုတဲ့အချိန်မှာမရှိတော့ စိတ်တိုလာသတဲ့ကွယ်။ နှင်းနှင်းစိတ်တိုနေတာကို သူဌေးကြီးဦးဘောဂဟာ မသိချင်ယောင်ဆောင်နေသတဲ့။ နှင်းနှင်းဟာ ရေချိုး ပြီးပြီဆိုရင်ပဲ သနပ်ခါးလိမ်းဖို့ သနပ်ခါးကျောက်ပျဉ် ကို လိုက်ရှာပြန်သတဲ့ကွယ်။ သနပ်ခါးကျောက်ပျဉ်ကို ရှာမတွေ့တော့ အထိန်းတော်ကြီးကို လှမ်းအော်ခေါ် တော့တာပေါ့ကွယ်။ အထိန်းတော်ကြီးဟာ ဦးဘောဂ ခိုင်းလိုက်တဲ့အလုပ်ကိစ္စကြောင့် အိမ်မှာမရှိဘူးပေါ့။

နှင်းနှင်းလေးရဲ့အော်ခေါ်သံအဆုံးမှာ ဦးဘောဂ လဲ အထိန်းတော်ကြီးခရီးထွက်သွားတယ်လို့ ပြောလိုက် သတဲ့။ နှင်းနှင်းလေးဟာ အထိန်းတော်ကြီးမရှိမှန်း သိတော့ သနပ်ခါးကျောက်ပျဉ်ကို ကိုယ်တိုင်လိုက် ရှာရတော့တာပေါ့။ ဒီလိုနဲ့ တစ်ရက်ပြီးတစ်ရက် သူကိုယ်တိုင်ဖွထားတဲ့ပစ္စည်းတွေကိုမတွေ့ရင် အော်ငို ပြီး စိတ်တိုနေသတဲ့ကွယ်။

သူဌေးကြီးဦးဘောဂလဲ သမီးဖြစ်သူ နှင်းနှင်းကို ဆိုဆုံးမဖို့အချိန်တန်ပြီလို့ ဆုံးဖြတ်လိုက်သတဲ့ကွယ်။ နှင်းနှင်းဟာ ထုံးစံအတိုင်း ကစားရာက ပြန်လာသတဲ့။ ဦးဘောဂလဲ သမီးဖြစ်သူ ရေသောက်ပြီးတဲ့အခါ သူ့အနားလာထိုင်ဖို့ ပြောလိုက်သတဲ့။ နှင်းနှင်းလဲ ဖခင်ဖြစ်သူအနား လာထိုင်သတဲ့ကွယ်။ သူဌေးကြီး ဦးဘောဂဟာ သမီးဖြစ်သူကို အခုလိုမေးလိုက်သတဲ့။

"အခုရက်ပိုင်း သမီးလေး ဘာလို့စိတ်တွေတိုပြီး ဒေါသထွက်နေရတာလဲ"လို့ မေးလိုက်သတဲ့။

နှင်းနှင်းလဲ အဖေဖြစ်သူရဲ့ မေးလိုက်တဲ့စကားကို ကြားတော့ သူသုံးနေကျပစ္စည်းတွေလိုတဲ့အခါ လိုက်ရှာ နေရလို့ စိတ်တိုတဲ့အကြောင်းပြောလိုက်တာပေါ့။

သူဌေးကြီးဦးဘောဂလဲ သမီးဖြစ်သူ စကားကိုကြား တော့ အခုလိုပြောသတဲ့ကွယ်။

"သမီးရေ သနပ်ခါးကျောက်ပျဉ်ကို ရေချိုးခန်းမှာ ထားရင် အဆင်ပြေလား"လို့ မေးလိုက်သတဲ့။ နှင်းနှင်းဟာ အဖေဖြစ်သူရဲ့စကားကိုကြားတော့ ရယ်လိုက်သတဲ့။

"အဖေကလဲ သနပ်ခါးကျောက်ပျဉ်ဆိုတာ သနပ် ခါးလိမ်းတဲ့နေရာမှာ ရှိနေရမှာပေါ့"လို့ ဆိုသတဲ့ကွယ်။

"ဒါဆို အိမ်သာမှာသုံးတဲ့ရေခွက်ကို အဖေတို့ ရေချိုးတဲ့အခါသုံးမလား"လို့ မေးလိုက်ပြန်သတဲ့ကွယ်။

နှင်းနှင်းဟာ ဖခင်ဖြစ်သူရဲ့စကားကို နားထောင်ရင်း အားရပါးရရယ်လိုက်တော့တာပေါ့။ ဖခင်ဖြစ်သူက နှင်းနှင်းလေး အားရပါးရရယ်နေတာ ကို စောင့်နေပြီးမှ အခုလိုပြောလိုက်သတဲ့ကွယ်။

"သမီးရေ ပစ္စည်းတွေကို နေရာတကျထားမယ်ဆို ရင် လိုက်ရှာနေစရာမလိုဘဲ အချိန်ကုန်လဲသက်သာ ပြီး စိတ်တိုစရာတွေဖြစ်မလာဘူး"လို့ ပြောပြ လိုက်သတဲ့။

ဘယ်အရာမဆို သူ့နေရာနဲ့သူ စည်းကမ်းနဲ့ နေသားတကျထားရမယ်လို့ နှင်းနှင်းနားဝင်အောင် သေချာရှင်းလင်းပြောပြလိုက်သတဲ့ကွယ်။ နှင်းနှင်းလဲ ဖခင်ဖြစ်သူရဲ့စကားကိုကြားတဲ့အခါ ပစ္စည်းတွေကို သူ့နေရာနဲ့သူမထားခဲ့လို့ စိတ်တိုရတာတွေကို သတိရ မှတ်မိလာသတဲ့ကွယ်။ ကိုယ်ကိုယ်တိုင်စည်းကမ်းတကျ ကျင့်ကြံပြီး ပစ္စည်းဥစ္စာတွေကိုလဲ စနစ်တကျ သူ့နေရာနဲ့သူထားမယ်ဆိုရင် လိုက်ရှာစရာမလိုတော့ဘဲ မပင်ပန်းတော့ဘူးဆိုတာကို သိနားလည်သွားတော့ တာပေါ့ကွယ်။

ကလေးတို့လဲ စည်းကမ်းရှိရှိနဲ့ နေထိုင်တတ် ပြီး ပစ္စည်းတွေကို သူ့နေရာနဲ့သူ စနစ်တကျထား မယ်ဆိုရင် လိုက်ရှာစရာမလို၊ အချိန်မကုန် လူမပင်ပန်းတော့ဘဲ စိတ်တိုစရာတွေဖြစ်မလာတော့ ဘူးဆိုတာကို သိရှိနားလည်ကြမယ်လို့ ထင်ပါတယ် ကွယ်။ ကလေးတို့ကိုယ်တိုင်လဲ လိုက်နာကျင့်ကြံနေ ထိုင်ကြရမယ်နော်။ လိမ္မာရေးခြားရှိတဲ့ကလေးတွေ ဖြစ်ကြပါစေကွယ်။

**မယ်လေးခင်(မနော‌မြေ)**

# ပညာပြည့်ဝရေး



◆ ရွှင်ရွှင်ပျပျ ပြုံးချိုစေ
လှပမှုဟန်တွေ၊
ဖော်ဖော်ရွေရွေ လက်ချင်းယှက်
ချစ်ခင်ကြင်နာလျက်။

◆ စဉ်စဉ်ဆက်ဆက် မပျက်ပါ
ကျောင်းတက်မှန်ကန်စွာ၊
ညီညီညာညာ မှုမကွဲ
ရိုးသားဖြူစင်ဆဲ။

◆ စွဲစွဲမြဲမြဲ မှတ်သားသည်
ဆရာ့စကားရည်၊
တည်တည်ကြည်ကြည် သင်ကာပေး
ကြိုးစားကြစို့လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

# ဝါဆိုပန်းခူး

◆ ဝသန်ကာလ ရောက်ခဲ့ပြန်
မှိုင်းညို့ကောင်းကင်ယံ၊
မိုးသည်းထန်ကာ ရေတွေဖွေး
တို့ရွာချောင်းကလေး။

◆ မြက်သားမွေးတဲ့ ဤရာသီ
မိုးငွေ့တွေလေချီ၊
မိုးရေကြည်လင် သွန်းကာဖျန်း
ပန်းရောင်စုံပွင့်လန်း။

◆ ဝါဆိုပန်းခူး ထွက်ကြမယ်
လှေလေးလှော်လို့ရယ်၊
ပျော်ရွှင်စွာကွယ် ပန်းတွေခူး
မြတ်စိန္တေရည်စူး။ ။



**မောင်ကေတူး(ပညာရေး)**

# ဂျပန်နိုင်ငံအနောက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားသဖြင့် လူသုံးဦး ပျောက်ဆုံး



**တိုကျို ဇူလိုင် ၁၃**

ဂျပန်နိုင်ငံအနောက်ပိုင်း မစ်ဆူရာမာစီရင်စုတွင် ဇူလိုင် ၁၂ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ လူနေတိုက်ခန်းတချို့ မြေအောက်နစ်မြုပ်ခဲ့ကာ လူသုံးဦး ပျောက်ဆုံးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပစိဖိတ်သမုဒ္ဒရာဘက်ခြမ်းမှဖြတ်ကျော်ဝင်ရောက်လာသော လေထုအခြေအနေ မတည်ငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဂျပန်နိုင်ငံအနောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း၊ မြေပြိုမှုနှင့်အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက ပြီးခဲ့သည့် သီတင်းပတ်မှစတင်၍ သတိပေးချက်များ ထုတ်ပြန်ထားသည်။

မစ်ဆူရာမာစီရင်စုတွင် ဇူလိုင် ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းလျက်ရှိရာ ဇူလိုင် ၁၀ ရက် ည ၁၁ နာရီမှ ဇူလိုင် ၁၁ ရက် နံနက် ၈ နာရီထိ မိုးရွာသွန်းမှုသည် ၂၁၃ မီလီမီတာထိ ရွာသွန်းခဲ့ကြောင်း၊ အဆိုပါ မိုးရွာသွန်းမှုကြောင့် မီတာ ၅၀ ကျယ်ဝန်းပြီး အမြင့် မီတာ ၁၀၀ ခန့်ရှိသော တောင်စောင်းတစ်ခု ပြိုကျခဲ့ရာ အဆိုပါ တောင်စောင်းအနီးရှိ လူနေတိုက်ခန်းများ မြေအောက်နစ်မြုပ်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုဖြစ်ပွားခဲ့သည့် စီရင်စုအတွင်းနေထိုင်သော အိမ်ထောင်စု ၁၃၂၂၆ စုရှိ မိသားစုဝင် ၂၂၀၆၂ ဦးတို့ကို ရာသီဥတုဆိုင်ရာအမြင့်ဆုံးသတိပေးချက်ဖြစ်သည့် အဆင့်(၅)ရှိသော သတိပေးချက်တစ်ရပ် ထုတ်ပြန်ထားပြီး အန္တရာယ်ရှိသော နေရာများမှ ချက်ချင်းထွက်ခွာကြရန်နှင့် မြင့်မားသော အဆောက်အအုံများ၊ တောင်စောင်းများနှင့် ဝေးသောနေရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် သက်ဆိုင်ရာအာဏာပိုင်များက အကြံပေးတိုက်တွန်းထားကြောင်း သိရသည်။

ပျောက်ဆုံးနေသူများကို ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားထားသည်။

**Ref : Russia Today**

**Trs : AZH**

# တက္ကဆက်ပြည်နယ်တွင် ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် လျှပ်စစ်မီးပြတ်တောက်နေသည့် လူဦးရေ တစ်သန်းခန့် ကျန်ရှိနေ

**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် ပြီးခဲ့သည့်ရက်သတ္တပတ်က ဘာရယ်ဟာရီကိန်းမုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်ခဲ့ရရာ ပြန်လည်ပြင်ဆင်မှုများပြုလုပ်ပေးခဲ့ပြီးဖြစ်သော်လည်း လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရသည့် လူဦးရေ တစ်သန်းခန့်ထိ ကျန်ရှိနေကြောင်း တက္ကဆက်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လျှပ်စစ်မီးပြတ်တောက်မှုများကို အမြန်ဆုံးပြင်ဆင်ပေးနိုင်ရေးအတွက်လည်း ဆောင်ရွက်နေကြောင်း၊ မုန်တိုင်းဒဏ်သင့်ဧရိယာများ၌ လျှပ်စစ်မီးပြတ်တောက်မှုကို ပြန်လည်ပြင်ဆင်ပေးခဲ့ရာတွင် Customers ပေါင်း ၂ ဒသမ ၃ သန်းထိကို ပြင်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း လျှပ်စစ်မီးဖြန့်ဝေမှုတာဝန်ခံကုမ္ပဏီဖြစ်သည့် Center Point Energy ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

“ဘာရယ်ဟာရီကိန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လုပ်ငန်းတွေရပ်နားခဲ့ရတယ်။ ရေနံနဲ့ သဘာဝဓာတ်ငွေ့တွေ ထုတ်လုပ်မှုကိုလဲ ယာယီရပ်ဆိုင်းခဲ့ရတယ်။ မုန်တိုင်းကြောင့် ဆုံးရှုံးမှုတွေများခဲ့ပါတယ်။ မုန်တိုင်းအခြေအနေ ပြန်တည်ငြိမ်သွားပြီဖြစ်တဲ့အတွက် လုပ်ငန်းတွေကိုပုံမှန်အတိုင်း ပြန်ပြီးလည်ပတ်နေပြီဖြစ်ပါတယ်။ ဒါပေမဲ့ မုန်တိုင်းရဲ့နောက်ဆက်တွဲဆိုးကျိုးတွေကြောင့် စွမ်းအင်ထုတ်လုပ်မှုအပိုင်းက ပုံမှန်ထက် လျော့ကျလာဖွယ်ရှိနေပါတယ်”ဟု U.S. LNGကုမ္ပဏီ၏ အကြံပေး ဝေရှောင်က ပြောကြားသွားခဲ့သည်။

CenterPoint Energy-ကုမ္ပဏီသည် တက္ကဆက်ပြည်နယ်တွင် လျှပ်စစ်မီးဖြန့်ဝေသည့်အဓိကကုမ္ပဏီဖြစ်ကြောင်း၊ ဘာရယ်ဟာရီကိန်းမုန်တိုင်းကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ပျက်စီးမှုများလည်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဘာရယ် ဟာရီကိန်းမုန်တိုင်းကြောင့် သဘာဝဓာတ်ငွေ့နှင့်စက်သုံးဆီကုမ္ပဏီတချို့ လည်ပတ်မှု ယာယီရပ်ဆိုင်းခဲ့ရသော်လည်း ဇူလိုင် ၁၂ ရက်မှစတင်၍ ပုံမှန်အတိုင်း ပြန်၍လည်ပတ်နေပြီဖြစ်ကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# မက်ဆီဒိုးနီးယားနိုင်ငံမြောက်ဘက်ပိုင်းတွင် လောင်ကျွမ်းနေသည့်တောမီး အိမ်နီးချင်း ဘူလ်ဂေးရီးယားနိုင်ငံအတွင်းသို့ပါ ကူးစက်လောင်ကျွမ်းနေ

**ဆိုဖီယာ ဇူလိုင် ၁၃**

မက်ဆီဒိုးနီးယားနိုင်ငံမြောက်ဘက်ပိုင်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ရောက်ရှိကာ တစ်နေရာမှတစ်နေရာသို့ ကူးစက်မှုနှုန်း မြန်ဆန်လျက်ရှိရာ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ဘူလ်ဂေးရီးယားနိုင်ငံ၏ နယ်နိမိတ်အတွင်းသို့ ကူးစက်လောင်ကျွမ်းနေကြောင်း ဘူလ်ဂေးရီးယားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မက်ဆီဒိုးနီးယားနိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံ နယ်စပ်တွင် လောင်ကျွမ်းနေသည့် တောမီးသည် အရှိန်ပိုမြင့်လာနိုင်ပြီး မက်ဆီဒိုးနီးယား မီးသတ်တပ်ဖွဲ့ဝင်များက တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း မက်ဆီဒိုးနီးယားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

“တောမီးဟာထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ တောမီးလောင်ကျွမ်းမှုကိုထိန်းချုပ်နိုင်ဖို့တော့ ကြိုးစားငြိမ်းသတ်နေပါတယ်။ တောမီးအရှိန်ပြင်းထန်တာရယ်၊ မိုးလေဝသအခြေအနေရယ်ကြောင့် တောမီးဟာ ဘူလ်ဂေးရီးယားနိုင်ငံဘက်ခြမ်းကို ကူးစက်လောင်ကျွမ်းနေပါတယ်။ မက်ဆီဒိုးနီးယားနိုင်ငံ မြောက်ဘက်ပိုင်း တောမီးဆိုးရွားစွာ လောင်ကျွမ်းနေတဲ့ဧရိယာတွေထဲမှာ ပက်ရစ်ချ်နယ်မြေမှာ လောင်ကျွမ်းနေတဲ့ တောမီးဟာ အရှိန်အပြင်းထန်ဆုံးဖြစ်ပါတယ်”ဟု Fire Safety and Population Protection Regional Directorate မှ ကော်မရှင်နာဗယ်လင်တင်က ပြောကြားခဲ့သည်။



တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် မက်ဆီဒိုးနီးယားနိုင်ငံတွင် အခြေခံအဆောက်အအုံတချို့ ပျက်စီးမှုရှိခဲ့သော်လည်း ထိခိုက်ဒဏ်ရာရရှိသူမရှိခဲ့ကြောင်း မက်ဆီဒိုးနီးယား အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

တောမီးငြိမ်းသတ်ရေးတွင် ဒေသခံပြည်သူလူထုကလည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပြီး လူနေအိမ်များဆီသို့ ကူးစက်နိုင်သော ဧရိယာများကို ဦးစားပေးငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# တရုတ်နိုင်ငံတွင် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်ကြောင့် ကန်ဒေါ်လာ ၁၇ ဘီလီယံထိ ပျက်စီးဆုံးရှုံးခဲ့

**ပေကျင်း ဇူလိုင် ၁၃**

တရုတ်နိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကြောင့် အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံထိ ပျက်စီးဆုံးရှုံးခဲ့ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၁၉ ခုနှစ်နောက်ပိုင်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အမြင့်ဆုံး နှစ်ဝက်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ခြောက်လတာ ကာလအတွင်း အပူချိန်လွန်ကဲမှု၊ မိုးခေါင်ရေရှားမှုနှင့် ရေကြီးရေလျှံမှု အစရှိသည့် သဘာဝ ဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရပြီး တရုတ်နိုင်ငံ၏စီးပွားရေးကို တိုက်ရိုက်ထိခိုက်နစ်နာစေကြောင်း၊ ဇန်နဝါရီလမှ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော ပြည်သူဦးရေ ၃၂ ဒသမ ၃၈ သန်းထိရှိခဲ့ကြောင်း အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနက စစ်တမ်းများ ထုတ်ပြန်ခဲ့သည်။

စစ်တမ်းများအရ သဘာဝဘေးအန္တရာယ်များကြောင့် လူနေအိမ်ပေါင်း ၂၃၀၀၀ ကျော်ထိ ပျက်စီးခဲ့ပြီး ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် လူဦးရေ ၈၅၆၀၀၀ ထက်မနည်းရှိခဲ့ကြောင်း၊ သေဆုံးသူနှင့် ပျောက်ဆုံးနေသူ ဦးရေ ၉၅ ဦးထိရှိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ၂၀၂၃ ခုနှစ် တစ်နှစ်တာ ကာလအတွင်း သဘာဝဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသည့် ပြည်သူ ၄၈ ဒသမ ၇၆ သန်းရှိခဲ့ကြောင်း သိရသည်။

**Ref: Xinhua News**

**Trs : Sai Sat**

# ကနေဒါနိုင်ငံတွင် တောမီးလောင်ကျွမ်းမှု ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိ

**အော့တဝါ ဇူလိုင် ၁၃**

ကနေဒါနိုင်ငံ လာဗရေဒေါမြို့အနီးအနားတွင် လောင်ကျွမ်းလျက်ရှိသော တောမီးသည် ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေပြီး လူနေအိမ်များနှင့် ပိုမိုနီးကပ်လာသဖြင့် လူတိုင်းဘေးလွတ်ရာသို့ထွက်ခွာကြရန် တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကနေဒါနိုင်ငံ လာဗရေဒေါမြို့အနီး လောင်ကျွမ်းလျက်ရှိသော တောမီးသည် လူနေအိမ်များနှင့်ပိုမိုနီးကပ်လာခဲ့ပြီး ထိန်းချုပ်ရန်ခက်ခဲသော အခြေအနေသို့ ရောက်ရှိလျက်ရှိရာ နောက် ၁၂ နာရီမှ ၄၈ နာရီအတွင်း လာဗရေဒေါမြို့ အနောက်ပိုင်းဒေသများကို မီးကူးစက်လောင်ကျွမ်းနိုင်သည့်အခြေအနေသို့ရောက်ရှိနေကြောင်း လာဗရေဒေါမြို့ သစ်တောဌာနမှ တာဝန်ရှိသူများက သတိပေးပြောကြားခဲ့သည်။

“တောမီးလောင်ကျွမ်းမှုက ပြင်းထန်နေပါတယ်။ ထိန်းချုပ်ရခက်ခဲတဲ့အနေအထားကို ရောက်ရှိနေပြီး ရပ်ကွက်တွေနားထိ မီးကူးစက်ရောက်ရှိလာတဲ့အတွက် မြို့တော်ကလူတွေ ဘေးအန္တရာယ်ကင်းတဲ့နေရာကို အမြန်ဆုံးထွက်ခွာသွားဖို့ လိုအပ်ပါတယ်”ဟု လာဗရေဒေါမြို့ သစ်တောဌာနအကြီးအကဲ အဲဗစ်လော့လက်စ်က ပြောကြားသွားခဲ့သည်။

လာဗရေဒေါမြို့တွင် လူဦးရေ ၇၄၅၀ ခန့် နေထိုင်လျက်ရှိရာ အဆိုပါမြို့တော်တွင် နေထိုင်သူများအနေဖြင့် အရှေ့ဘက်သို့ ခြောက်နာရီကြာ ကားဖြင့်သွားရသည့် ဟက်ပီဗဲလီမြို့သို့ ထွက်ခွာကြရန် မြို့တော်တာဝန်ရှိသူများက ကြေညာထားကြောင်း သိရသည်။

လာဗရေဒေါမြို့တော်ဝန် ဘီလင်ဒါအက်ဒမ်ကလည်း လူအများအနေဖြင့် လိုအပ်သောပစ္စည်းမှန်သမျှကို သယ်ဆောင်၍ ဘေးလွတ်ရာသို့ အမြန်ဆုံးထွက်ခွာကြရန် ၎င်း၏လူမှုကွန်ရက်မှတစ်ဆင့် တိုက်တွန်း ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTIST RECOMMENDED

# DENTOMEC




FDA အမှတ်-2212 PCE 0013

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

ရွှေဖီဦး BLACK TEA (နောင်တရား)ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

## သဘာဝအစစ်မို့ အရသာရော ဗိတ်နှင့်ကြည်နူး ....

(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး



# ရွှေဖီဦး




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၀၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၄

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


### ပျောက်ဆုံးကြောင်း

အမရပူရမြို့နယ်၊ မိုတ်စုရပ်၊ အိုးတော်ရပ်ကွက်နေ ဦးရာကွတ် (ဘ) ဦးမိုဟာမက်လတစ်(ဖ်) (၉/အမရ(နိုင်)၁၄၄၄၆၃)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-315293) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၉၇၃၈၁၃၀

### ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ အောင်သပြေ-၂ ရပ်နေ မောင်ဇင်ဘိုဘိုစိုး (ဘ) ဦးစိုးပိုင် (၁/မညန(နိုင်)၁၇၆၈၈၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-059549) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၀၇၇၀၁၁၃

### အမည်ပြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အ. ထ. က(၁၄)၊ Grade-5 တွင် ပညာသင်ကြားနေသော (ဘ) ဦးဝေဖြိုးအောင် ၏သမီး မနန်းဟန်ဆုဝေ အား ယနေ့မှစ၍ မနန်းဟန်စုဝေ ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မနန်းဟန်စုဝေ**






### ဝန်ထမ်းအလိုရှိသည်

၁။ ယာဉ်မောင်း (ကားသေး/ကားကြီး)

၂။ ကုန်တင်/ကုန်ချလုပ်သား

**Sosuco ကြွေပြား**

84 လမ်း၊ (31 × 32) ကြား၊ မန္တလေးမြို့။

### ပျောက်ဆုံးကြောင်း

ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်နေ ဝုန်ခန့်နှမ့် (ဘ) ဦးယောက်ခိုတောင် (၉/ကဆန(နိုင်)၀၁၁၁၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-520391) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၀၁၁၈၁၅၈

## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



### ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊

စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address - accm@accm.gov.mm၊

Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့်နိုင်ငံရေးစနစ်နှင့်သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ်ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၂ ရက်တွင်ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**


မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက် စာမျက်နှာ - ၂၂

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရသည့် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စာမျက်နှာ - ၁၆


## နမ့်စန်မြို့နယ်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ



**ဇူလိုင် ၁၂ ရက်တွင် နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ RCSS/SSA အဖွဲ့မှ စိုင်းနွံမိန်း အပါ တရားခံ ငါးဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။**

**နေပြည်တော် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းမှ တရားမဝင် လက်နက်၊ ခဲယမ်းများအား ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းသို့ သယ်ဆောင်ရန်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းစစ်ဆေးဆောင်ရွက်မှုများကြောင့် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာအနီး နားရိုင်းကျေးရွာလမ်းခွဲ၌ မတ်ကျန်းကျေးရွာဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ် 2K-7178 VIGO (အနက်ရောင်)ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ RCSS/SSA အဖွဲ့မှ စုမှူးအဆင့်ရှိ စိုင်းနွံမိန်း ၂၅ နှစ်၊ တပ်သားအဆင့်ရှိသူများဖြစ်သည့် စိုင်းဆု(ခ)ဆုဇေယျ ၃၁ နှစ်၊ စိုင်းကောင် ၂၆ နှစ်၊ ဘိုဘိုဟန် ၂၃ နှစ်နှင့် စိုင်းနွံလှိုင်း ၂၆ နှစ်တို့ ငါးဦးကို KIA အဖွဲ့က ထုတ်လုပ်သည့်

စာမျက်နှာ ၂၁ ကော်လံ ၁☆

## ရောဝတီမြစ်ရေ ဆိပ်သာမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**